
www.burmeseclassic.com

# သုမောင်

# ၄ နှင့် အခြားဝတ္ထုတိုများ

BURMESE CLASSIC .com



www.burmeseclassic.com

ပထမအကြိမ်

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက် | ၄၁၆/၂၀၀၄ (၅) |
| မျက်နှာဖုံးခွင့်ပြုချက် | ၅၄၁/၂၀၀၄ (၆) |
| ထုတ်ဝေသူ | ရန်အောင်စာပေ ဦးလှတိုး (၀၃၇၇၂) ၃၄၃/အနောက်ရန်တင်း |
| အတွင်းပုံနှိပ်သူ | ဦးအောင်မြင့်သိန်း (၀၆၃၆၄) အင်ကြင်းမြိုင်အော့ဖ်စက်၊ အမှတ်/၁၄၇ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ |
| မျက်နှာဖုံးပုံနှိပ်သူ | မြင့်မေတ္တာ (၀၅၂၁၀)၊ အမှတ်/၁၂၁၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတား ရန်ကုန်။ |
| အကြိမ် | ဒုတိယအကြိမ်ထုတ်ဝေခြင်း ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | ၈၀၀ ကျပ် |
| ဖြန့်ချိရေး | ရန်အောင်စာပေ (၂) ဦးငွေကိုင်လမ်း၊ ၄၁ ရပ်ကွက်၊ မြောက်ဒဂုံ။ |


BURMESE CLASSIC

စာရေးဆရာသုမောင်

၏

# စာမျက်နှာ - ၁၆

လုံးချင်းဝတ္ထု

"ဒါရိုက်တာဆိုတာ ရိုက်ကွင်းအပြင်ဘက်မှာ မင်းသမီးကို ချုပ်ကိုင်လို့ မရဘူး ကိုကို. . ."

ကျွန်တော့်မှာ ဥပေက္ခာ မပြုနိုင်တဲ့ (၃) ချက် ရှိတယ်။

တစ် . . . ကျွန်တော်နဲ့ လှိုင် ပြဿနာ၊

နှစ် . . . မကြိုင်ရဲ့ ပြဿနာ၊

သုံး . . . လှိုင်နဲ့ သက္ကူ ပြဿနာ။

စာမျက်နှာ-၁၆ မှာ ဘာတွေဖြစ်သလဲ. . .

အနုပညာ မာန်မာနကြီးသော ဒါရိုက်တာတစ်ယောက်၏ ရင်တွင်းခံစားချက်ကို ဆရာသုမောင်က အသဲတလှပ်လှပ်၊ ရင်တဖိုဖို ဖြင့် ရေးသားထားသော လုံးချင်းဝတ္ထုကို ဒုတိယအကြိမ် 'ရန်အောင် စာပေ' မှ မကြာမီ ဖြန့်ချိလိုက်ပါမည်။

www.burmeseclassic.com

www.burmeseclassic.com

မကြာမီ

ထွက်မည်

ဆရာမကြီးယုဝတီခင်စိန်လှိုင်

၏

# ရွှေလှံ့ဗိုလ်

ဘုရင့်၏ ရွှေလှံ့ဘွဲ့ချီးမြှင့်ခြင်းခံရသည့်ပြင် တပ်ဗိုလ်တလေး မောင်မျိုးတိဘဝမှ ကုန်းဘောင်ဆက်လက်ထက်တော်ကလေးကာလ ဘုရင်မင်းမြတ်အားကိုးသမှုပြုရသော မြန်မာစစ်ဗိုလ်ချုပ်

ရွှေလှံ့ဗိုလ်. . .

မြန်မာတပ်များဖြင့် ဇန်းမော်မြို့ကို တိတ်တဆိတ်ဝိုင်းရံပြီး တစ်ချီးတည်း ခေါင်မိုးမှဝင်ကာ တရုတ်သူပုန်ဗိုလ်ကို ခေါင်းဖြတ်ပြီး တရုပ်တပ်များကို လက်နက်ချစေခဲ့သော

ရွှေလှံ့ဗိုလ်. . .

အင်္ဂလိပ်-မြန်မာစစ်ပွဲတွင် ဧရာဝတီကြောင်းချီတပ်များကို ချင်းချက်မရှိ လက်နက်ချလိုက်ရပေမယ့် တောင်ငူကြောင်းတွင် လက်နက်မချဘဲ အင်္ဂလိပ်တပ်ကို အကြီးအကျယ် ဟန့်တားခဲ့သည့်

ရွှေလှံ့ဗိုလ်. . .

တင်းဝန်မင်းကြီးအမိန့်ဖြင့် နေပြည်တော်သို့ ပြန်ရောက်ပြီး အိမ်တော်မရောက်မီ ချက်ချင်း ရခိုင်ပြည်သို့ နယ်နှင်ဒဏ်ပေးခံလိုက်ရသော မြန်မာမျိုးချစ်သားကောင်းဗိုလ်ချုပ်ကြီး

ရွှေလှံ့ဗိုလ်. . . ၏ အကြောင်းကို

ဆရာမကြီး ယုဝတီခင်စိန်လှိုင်က ငယ်စဉ်တောင်ကျေးဘဝမှ မြို့ဝန်မင်းကြီးဘဝအထိ အညဲတလှပ်လှပ် ရင်တဖိုဖိုဖြင့် လက်က မချချင်လောက်အောင် ဆွဲဆောင်သွားမည်။

အားကျဖွယ်၊ ဂုဏ်ယူဖွယ် အတုယူဖွယ်ကောင်းသည့် မြန်မာ့ဇာတိမာန်စာအုပ် မကြာမီ ရန်ခအောင်စာပေမှ ထွက်လာမည်။

အငှားဆိုင်၊ စာအုပ်ဆိုင်တိုင်း မရှိမဖြစ်စာအုပ်ဖြစ်သလို စာကြည့်တိုက်တိုင်းနှင့် မြန်မာ့ဇာတိသွေး ဇာတိမာန် ထက်မြက်စေလိုတဲ့ မြန်မာတိုင်းအတွက် ဆောင်ထားရမည့်စာအုပ်။

ဖတ်ဖြစ်အောင် ဖတ်လိုက်ပါနော်...

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ထုတ်ဝေပြီးစာအုပ်စာရင်း

၁။ အချစ်(၁၉၇၄)
၂။ သိပ်ချစ်တယ်မဟုတ်လား (၁၉၇၆)
၃။ ရှင်နေမင်းမှပေးသောစာ (ဘာသာပြန်)(၁၉၇၆)
၄။ ပင်တိုင်စံစိတ်မကောင်းပါဘူးကွယ် (၁၉၇၇)
၅။ အချစ် (ဒုတိယအကြိမ်) (၁၉၇၇)
၆။ အချစ်ပွင့်ကလေးများ (၁၉၇၈)
၇။ အချစ်သစ်ပင် (၁၉၇၈)
၈။ စာမျက်နှာ ၁၆ (၁၉၇၈)
၉။ အချစ်ဝါမသိ (၁၉၇၈)
၁၀။ *သာခုအင်ဆန်း(စ်) (၁၉၇၈)
၁၀၊ အချစ်(၂) (၁၉၇၉)
၁၂။ အချစ်စတ် (၁၉၇၉)
၁၃။ အချစ်၏နောက်ဆုံးနေ့များ (၁၉၇၉)
၁၄။ သူမောင်မှာ သူမောင်မှာ (၁၉၇၉)
၁၅။ အချစ်နှင့်သူ၏ကိုကို (၁၉၇၉)
၁၆။ * ခုဆယ်ရာထောင်သောင်းကုဋေ(၁၉၈၀)
၁၇။ * တစ်တီတူး (၁၉၈၀)
၁၈။ ချစ်ချစ်ချစ် ၁-၂-၃ (၁၉၈၀)
၁၉။ အကယ်ဒမီ (၁၉၈၀)
၂၀။ * ထို့ကြောင့် အချစ်ဟုခေါ်ပါသည် (၁၉၈၁)
၂၁။ * စပယ်သုံးတုံး (၁၉၈၀)
၂၂။ လ.
၂၃။ * ပန်းစွယ်တော်ရွက်တလေး(၁၉၈၂)
၂၄။ ၃ ရင်ကောက်နှင့် အခြားဝတ္ထုတိုများ (၁၉၈၃)
၂၅။ သာခုနှင့်ကျွန်တော်တို့၏ဖခင်များအကြောင်း(၁၉၈၄)
၂၆။ ဝတ္ထုတိုတစ်ပုဒ်ပေးပို့ခြင်း (၁၉၈၅)
၂၇။ အချစ်တတ်တာမဟုတ်ပါ မချစ်ချင်တာပါ (၁၉၈၅)
၂၈။ အချစ်လား သူဖျားနေတယ် (၁၉၈၆)
၂၉။ ကမ္ဘာကြီးတုန်သွားတယ် (၁၉၈၇)
၃၀။ ငှက်ကလေးတွေက မောင့်ခေါင်းပေါ်မှာ မယ့်ခေါင်းပေါ်မှာ (၁၉၈၈)
၃၁။ အချစ် (တတိယအကြိမ်) (၁၉၉၆)
၃၂။ * မှတ်မှတ်ရရ ရွှေမဝဝတ္ထုတိုများ (၁၉၉၉)
၃၃။ * ကွမ်းစတား (၁၉၉၉)
၃၄။ ဘေးဘုံကပြောပါသည် (၁၉၉၉)
၃၅။ ပန်းယွန်းအိမ် (စာရေးဆရာတွဲ) (၂၀၀၀)
၃၆။ နံနက်စာ (၂၀၀၁)
၃၇။ * ကြို (စာရေးဆရာတွဲ) (၂၀၀၁)
၃၈။ အရက်သမား အမှားတစ်ခါ (၂၀၀၂)
၃၉။ သက်ကြီးရွယ်အို (စာရေးဆရာတွဲ) (၂၀၀၂)
၄၀။ ၂၀ ရာစု မြန်မာဟာသ ဝတ္ထုတိုများ
( စာရေးဆရာတွဲ) (၂၀၀၃)
၄၁။ ကွမ်းစကား (ဒုတိယအကြိမ်) (၂၀၀၄)
၄၂။ ကွမ်းစကား (၂၀၀၄)

* ပြထားသော စာအုပ်များသည် အခြားစာရေးဆရာများနှင့် ပူးတွဲထုတ်ဝေထားသော စာအုပ်များ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

၁။ "ဉ"
၂။ ဒေါင်းလန်းကြီးရဲ့အလယ်
၃။ စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း
၄။ အသုဘ
၅။ စာရေးဆရာလူဆွန်ကို အသက်သွင်းခြင်း
၆။ ဆေးဆိုးရှုံ့မှုရပါ
၇။ တောက်
၈။ စက်နှင့်လူ
၉။ အမေ၏အလှူ
၁၀။ နရ-လောတဒိုင်ယာရီတအုပ်
၁၁။ အဖေကြီးတီးတဲ့ရွှေကြေးစည်
၁၂။ အမေ့အိမ်
၁၃။ ယောက်ျား၊ မိန်းမနှင့်ကလေး
၁၄။ ငြိမ်းနိုင်ခဲပါဘိတော့သည်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ကိုသုမောင်၏ရာဇဝင်

၁၉၅၁ ခုနှစ်၊ မတ်လ (၁၃) ရက်၊ အင်္ဂါနေ့ညနေတွင် ဖခင် စာရေးဆရာဒါရိုက်တာ (ဦး) သာမုနှင့် မိခင် မူလတန်းကျောင်းအုပ် ဆရာမ ကြီးဒေါ်ခင်ညိုတို့မှ ရန်ကုန်မြို့တွင် ဖွားမြင်သည်၊ ၁၉၆၉ ခုနှစ်တွင် ယုဝတီဂျာနယ်၌ စာပြင်ဆရာအဖြစ် ဝင်ရောက်လုပ်ကိုင် ရင်း မောင်ညိုအောင်အမည်ဖြင့် ကဗျာတိုကလေးများ စတင်ရေး သည်။ ၁၉၇၁ မတ်လမှာပင် 'ဝတ်မှုံ' မဂ္ဂဇင်းကို တစ်ကြိမ်မျှ ကိုယ်ပိုင် ထုတ်ဝေပြီး အယ်ဒီတာလုပ်သည်။ ထိုမဂ္ဂဇင်းတွင် အုပ်စိုးအမည် ဖြင့် 'သနပ်ခါးရည်က ကျဲတဲ' ဝတ္ထုတိုကို ရေးခဲ့သည်။

၁၉၇၃ စက်တင်ဘာလထုတ် ရှုမဝမဂ္ဂဇင်းတွင် 'ငယ်အိပ်မက်' အမည်ရှိ ဝတ္ထုကို စတင်ရေးသားဖော်ပြခံရခြင်းဖြင့် သုမောင်အမည် ကို ရယူခဲ့ပါသည်။ (၁၉၇၄ ကျခါမှ 'ချစ်စံနမူ' ရုပ်ရှင်ဇာတ်ကားဖြင့် ရုပ်ရှင်နယ်သို့ ဝင်ပါသည်။) ၁၉၉၀ ပြည့်နှစ် ရရှိပါသည်၊ ၁၉၇၅ ကျခါမှ 'ပန်းဦးပန်မည့်သူ' တေးသီချင်းဖြင့် ဂီတနယ်သို့ ဝင်ရောက် ရင်း လုံးချင်းဝတ္ထုစာရေးဆရာ ဖြစ်ခဲ့ရပါသည်။ လုံးချင်းဝတ္ထု၊ ဘာသာပြန်ဝတ္ထု၊ ဘဝအတွေ့အကြုံစာပေပေါင်းချုပ်စာစုပေါင်း (၄၀) ကျော် ရေးသားထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ (စာအုပ်စာရင်း နောက်ကျောစာမျက်နှာတွင် ဖော်ပြထားပါသည်။) ၁၉၉၈ ခုနှစ် အတွက် ပရိသတ်အကြိုက် မန္တလေးစာပေဆုကို ရွှေအမြုတေမဂ္ဂဇင်း ပါ 'မျိုးရိုးထဲမှ ဆိုးပေကြီးများ' စာတွဲဖြင့် ရရှိပါသည်၊ ၂၀၀၁ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် အမေရိကန်နိုင်ငံ အိုင်အိုဝါ ပြည်နယ်တက္ကသိုလ်မှ ကျင်းပသော နိုင်ငံတကာစာပေ အလုပ်ရုံ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံကိုယ်စား စာရေးဆရာအဖြစ် စာရေး ဆရာမမြနှောင်းညိုနှင့်အတူ တက်ရောက်ခဲ့သည်။

ကလောင်ခွဲများ (၁) မဟူရာ (တော်လံဖြည့်ကဗျာများ)
(၂)ကိုရင်ဥေ ယျ (ဘာသာရေးဆောင်းပါးများ)
(၃) မောင်ဗလ (ကလေးကဗျာများ)
(၄) စိန်ခြယ် (ရုပ်ရှင်ပညာပေးဆောင်းပါးများ)

သာမုရုပ်ရှင်ခြံ၊ လေးဒေါင့်တန်လမ်း၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းတွင် ဇနီးသည် ဒေါ်အေးအေးမယ် (အေးဘုံ) သမီးကြီး စိုးအိမ်သူ၊ သားလတ် ဖိုးသောကြာ၊ သားငယ် ထိန်ထိန်သာ၊ သမီး ထွေးထိပ်ထားတို့နှင့်အတူ ဘဝအတွေ့အကြုံစာပေများကို ရေးသား ရင်းနေထိုင်ပါသည်။

BURMESE CLASSIC .com

လေးစားစွာဖြင့်
သုမောင်

www.burmeseclassic.com

www.burmeseclassic.com

# " ဥ "

(၁)

လူတစ်ယောက်၏ နာမည်ဖြစ်သည်။

သူသည် ကျွန်တော့်အမေ၏ နှမဝမ်းကွဲဖြစ်သဖြင့် ကျွန်တော်နှင့် ဆိုလျှင် အဒေါ်ဝမ်းကွဲတော်ပါသည်။ သူ မွေးတုင်းစ အရွယ်တွင် အတက်လွန်သောရောဂါဖြစ်သဖြင့် သူ့ခန္ဓာကိုယ် အသေးမှာ ကွေး ကောက်လိန်တွန့်၍ ပုံပန်းမကျဖြစ်သွားရသည်မှာ [illegible]ဆိုင် ဖြစ်၏။ ဤသည်ကို အကြောင်းပြု၍ ကျွန်တော့်အမေ၏ ဆွေမျိုးများက သူ့အား ' ဥရင်ကောက် ' ဟုခေါ်ကြခြင်း ဖြစ်ပါသည်။ နောင်သော် သူ့အမည်ရင်း ဒေါ်ဒေါင်းညို ပျောက်၍ ကျွန်တော်တို့လို တူသား များကပင် လူကြီးများသံယောင်လိုက်၍ ခေါ်ကြသော 'ဥရင်ကောက်' အမည် တွင်ရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



(၂)

ကျွန်တော် အိပ်ရာမှထသောအခါ ဆယ်နာရီထိုးပြီးပြီ ဖြစ်၏။ 'ဥရင်ကောက်' ရောက်နေလေပြီ။ တနင်္ဂနွေနေ့တိုင်း သူရောက်လာမြဲ ဖြစ်၏။ သူသည် ဆ-လ-က တွင် အလုပ်လုပ်၏၊ သုံးကျပ်ရှစ်ဆယ့် ငါးပြား နေ့စား အလုပ်သမများကို ထိန်းသိမ်းရသော တာဝန်ခံ ဖြစ်သည်ဟု ဆို၏၊ သူ့လစာကို မေးသောအခါ သူသည်လည်း သုံးကျပ် ရှစ်ဆယ့်ငါးပြား နေ့စားတစ်ယောက်ပင် ဖြစ်နေ၏၊ သို့သော် သူ အလုပ်ကိုမူ ဂုဏ်ယူ၍ ပြောတတ်၏၊ ကိုယ်လက်မသန်စွမ်းရှာသော ဥရင်ကောက်ကို ဌာနဆိုင်ရာက ကြည့်ရှုထားသည့်သဘော ဖြစ်ဟန်တူပါသည်။

ကျွန်တော် အိပ်ရာမှထသောအခါ ဥရင်ကောက် ရောက်နေပြီ ဖြစ်သော်လည်း သူ့အလျှင် တစ်စုံတစ်ယောက် ကျွန်တော့် အိမ်သို့ ရောက်နှင့်နေပြီးပြီတိုကား နံနက်စောစော တစ်ရေးနိုးကပင် သိခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ တနင်္ဂနွေနံနက်တိုင်း ကျွန်တော် မနိုးခင် ပင် အိမ်သို့ ဧည့်သည်ရောက်နေသည်မှာ မဆန်းတော့ပါ။ အိမ်သားမဟုတ်၍သာ ဧည့်သည်ခေါ် ရသော်လည်း တကယ်တော့မူ ဆွေမျိုးများသာ ဖြစ်တတ်ကြပါသည်၊ ကျွန်တော်တို့ ညီအစ်ကို တစ်တွေ၏ မိတ်ဆွေသူငယ်ချင်းများကား အိမ်သားများကဲ့သို့ပင် နေ့ညမပြတ် ရှိနေတတ်ပါသည်၊

အမေသည် ရောက်လာသမျှသောသူတို့ကို ဖျားလာလျှင် ဆေးနီမှုန့်၊ ဗိုက်နာ၊ ခေါင်းကိုက်ဖြစ်လာလျှင် 'ဒေဝစက္ခု' (မှတ်စိဆေး



ဖြစ်သော်လည်း ဘာဖြစ်ဖြစ် ပျောက်သည်ဟု အမေက ပြော၏) မေးပန်းလာသူကို ထမင်းစသည်ဖြင့် ဝတ္တရားမပျက်ခဲ့ချေ။ အငြိုအငြင် မရှိခဲ့ချေ။ ဤအချက်တစ်ချက်တည်းကပင် အမေ့ကို ချစ်မဝစေခြင်း ဖြစ်ရပါသည်၊

ကျွန်တော်တို့ ညီအစ်ကိုလေးယောက်ရှာသော ဝင်ငွေမှာ တစ်လတစ်ထောင်ခန့်ဖြစ်သော်လည်း တစ်ပတ်လျှင် ဆီပြန်ဟင်း သုံးကြိမ်မျှပင် မစားနိုင်ပါ။ လုပ်ဖော်ကိုင်ဖက် လူသုံးယောက် အပါ အဝင် လူရှစ်ယောက် ညမနက်စာအပြင် ဧည့်သည်ပါပေါင်း၍ အိမ်မှာ တစ်နေ့ဆန့်သုံးပြည်ခန့် ချက်ရပါသည်၊ သို့သော် ချဉ်ရည်ဟင်းနှင့် ကျွန်တော်တို့အိမ် ထမင်းဝိုင်းကလေးမှာ ပျော်စရာကောင်းနေတတ်ပါ သည်။

(၃)

သည်နေ့ ကျွန်တော်တစ်ယောက်တည်း အိမ်မှာကျန်ခဲ့ပါသည်၊ အမေသည် သူ့အစ်မတော်တစ်ယောက်ထံ အလည် သွားသည်၊ ကျွန်တော့်အစ်ကိုနှင့် ညီနှစ်ယောက်ကား ထုံးစံအတိုင်း ဘယ်ရောက် နေကြသည်မသိ၊ လွယ်အိတ်ချိတ်သည့်တန်းတွင် ကျွန်တော့် လွယ်အိတ်တစ်လုံးတည်းသာ ကျွန်တော်ကဲ့သို့ အိပ်ပျော် ကျန်ရစ် နေရှာသည်၊

နိုးနိုးချင်း ရေသောက်တတ်သောကျွန်တော်သည် ရေအိုး

www.burmeseclassic.com



စင်အနီးတွင် တတုန်းတုန်းဖြင့် စဉ့်အိုးထဲမှ ရေများကို သောက်ရေအိုးထဲ ထည့်နေသော ဥရင်ကောက်ကို တွေ့ရပါသည်။

ဥရင်ကောက်သည် မနိုင်ဝန်ကိုမှ ရွေး၍ထမ်းဆောင်ချင်သော အကျင့်ရှိသူ ဖြစ်ပါသည်။ အိပ်ရာနိုးစတွင် ဘာမျှမလုပ်ချင်တတ်သော ကျွန်တော်သည် မနေနိုင်တော့ဘဲ သူ့လက်ထဲမှ ရေပုံးကို လှမ်းဆွဲရပါတော့သည်။

" အမယ်လေး မင်း မနိုးခင်ကတည်းက ဆွဲနေရတာ လေးငါး ခေါက်လောက် ရှိပါပြီကွယ် "

ဥရင်ကောက်သည် ကျွန်တော့်နောက်ကျောကိုကြည့်ရင်းမဲ့ကာ ရွဲ့ကာ ပြောပါသည်။ ယောင်ယမ်း၍ လှည့်ကြည့်မိသောအခါ အိမ်ရှေ့ ကုလားထိုင်များပေါ်တွင် အခန့်သားထိုင်နေကြသော ကျွန်တော့် နှမဝမ်းကွဲ မအုန်းတင့်၊ မအုန်းမြင့် ညီအစ်မကို တွေ့ရပါသည်။

သည်တော့မှ ဥရင်ကောက်အလျင် ကျွန်တော်တို့အိမ်သို့ ရောက်နေ ကြသူများမှာ မအုန်းတင့်တို့ဖြစ်မှန်း သိရပါတော့သည်။ တစ်ဆက်တည်းပင် ဥရင်ကောက် ဘာကိုဆိုလိုမှန်း သိလိုက်ပါသည်။

မအုန်းတင့်တို့ ညီအစ်မက တကယ်အလိုက်မသိတတ်သလို ဥရင်ကောက်ကလည်း သူ အလိုက်သိတတ်မှန်းကို သူတစ်ပါးအား ခုတုံးလုပ်၍ ဖော်ပြလိုသူ ဖြစ်ပါသည်။

ကျွန်တော်လည်း ဥရင်ကောက် လက်ထဲမှ ရေပုံးကိုယူ၍ အိမ်သာပါမကျန် ရေဖြည့် ရသောအလုပ်ကို လုပ်ရပါတော့သည်။



(၄)

ရေချိုးပြီးသောအခါ ကော်ဖီတစ်ပန်းကန်နှင့် ဘူးသီးကြော်နှစ်ခု ထည့်ထားသော ခွက်တစ်ခွက်ကို စားပွဲပေါ်တွင် အသင့်တွေ့ရပါသည်။ ကျွန်တော့်အတွက် ဥရင်ကောက် စီစဉ်ထားခြင်းဖြစ်ပါသည်။ ဥရင်ကောက်သည် အိမ်သို့လာတိုင်း မုန့်ပဲသားရေစာတစ်ခုစ၊ နှစ်ခုစ ကို ဝယ်လာလေ့ ရှိပါသည်။ သို့သော် မည်သူကမျှ မစားချင်ကြပါ။ ကျွန်တော်တို့ ဝယ်စားလေ့ရှိသော သားရေစာမုန့်မျိုးပင်ဖြစ်သော်လည်း ဥရင်ကောက် ဝယ်လာသောမုန့်တို့ ကျွန်တော်လည်း မစားလိုပါ။ မုန့်ချင်းတူပါလျက် ပုံပန်းမကျရှာသော ဥရင်ကောက် ဝယ်လာသောမုန့်ကိုမှ ရွံရှာမိခြင်းမှာ အဘယ်ကြောင့်ဟု ကျွန်တော် မသိပါ။ သို့သော် ဥရင်ကောက်ကိုတော့ သနားမိသည်အမှန်ဖြစ်ပါ၏။

" ကျွန်မတို့ ပြန်တော့မယ် ကိုကို "

ကော်ဖီသောက်နေစဉ် မအုန်းတင့်တို့၏ နှုတ်ဆက်သံကို ကြားရ၏။ နှုတ်ဆက်ပြီးသော်လည်း ထုံးစံအတိုင်း တံခါးဝတွင် သူတို့သည် အတန်ကြာရပ်နေကြ၏။ ကျွန်တော်လည်း ဝတ္တရားမပျက်ပင် အသင့် ရှိနေသော ငွေနှစ်ကျပ်ကိုထုတ်၍ မအုန်းမြင့်ကို လှမ်းပေးလိုက်ရပါသည်။

သူတို့သည် တစ်ပတ်လျှင် တစ်ခါနှစ်ခါဆိုသလို ကျွန်တော်တို့ သယ်န်းကျွန်းသို့ ရေနံဆီလာပို့ကြပါသည်။ ရေနံဆီပေါ်သောရပ်ကွက်မှ ရေနံဆီရှားသော ရပ်ကွက်သို့ မှောင်ခိုရေနံဆီပို့ခြင်းသဘောဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်တစ်ယောက်ရှိ၏။ သူမှာ ဖေါ်ဂျစ်ကားတစ်စီးရှိ၏။ သူထံသို့ ကျွန်တော်နှမများက ရသမျှသော ရေနံဆီကိုသွင်း၍ ထိုသူ၏ ဖေါ်ဂျစ်ကားဖြင့်ပင် အရပ်တကာသို့ ရေနံဆီပို့ရသော အလုပ်ကို သူတို့ လုပ်နေရရှာ၏။ ကျွန်တော်တို့ရပ်ကွက်သို့ အလှည့်ကျတိုင်း ကျွန်တော်တို့အိမ်သို့ ရောက်လာ၏။ ရေမိုးချိုး စားသောက်ပြီးမှ ပြန်တတ်ကြပါသည်။ ရေနံဆီပို့သော ဖေါ်ဂျစ်ကို အပြန်မောင်း၍ စီးသော်လည်း ကျွန်တော့်ထံမှမူ လမ်းစရိတ်တောင်းမပျက်ကွက်ခဲ့ဖူးပါ။

ကျွန်တော့်ထံမှ ငွေနှစ်ကျပ်ကို ရရှိသောအခါမှ ညီအစ်မနှစ်ယောက် တွတ်ထိုးရင်း ပြေးဆင်းသွားကြပါတော့သည်။

"အဲဒါတွေက ဘယ်သူတွေလဲ"

ဒုရင်ကောက်က မကျေနပ်သံဖြင့် မေးပါသည်။

"ဦးလေး ကိုနတ်ကြွက်ရဲ့ သမီးတွေလေ"

"ဘယ်က နတ်ကြွက်လဲ "

"မေမေ့မောင်လေ၊ ကြီးကြီးမမေသန်းရဲ့ ယောက်ျားဟာကော"

"မသိပါဘူးတော် ဘယ်ကဟာတွေမှန်းမသိလို့ ကျုပ်အစ်မအိမ် ဟိုဟာဖွ ဒီဟာဖွ၊ ကျုပ် မကြိုက်ဘူး"

"အမျိုးတွေပဲ ဒုရင်ကောက်ရဲ့"

"အဝေးကြီးပါတော် မမေသန်းကမှ နင့်အမေနဲ့ နှစ်ဝမ်းကွဲရှိတာ"

ဒုရင်ကောက်သည် ဆွေမျိုးသွေးနီးမနီး ပြိုင်လိုဟန်ရှိသည်။



အမှန်တော့ သူသည် အမေနှင့်တစ်ဝမ်းကွဲ ညီမ တော်စပ်ပါသည်။ မအုန်းတင့်တို့နှင့်စာလျှင် သူက သွေးပို၍ နီးပါသည်။ သည်အတွက် ဒုရင်ကောက်က ဂုဏ်ယူလို၏။ အခွင့်အရေးလည်း ပိုရလိုဟန် ရှိ၏။

"ဟိုတစ်ခါ နင် မရှိတုန်းလည်း သင်းတို့နဲ့ တစ်ခါဆုံပြီးပြီ၊ အို တစ်အိမ်လုံးကို မွှေလိုက်တာပွလို့၊ ကြောင်အိမ်ထဲရှိတာတွေလည်း နေ့ဖို့ညစာလား ဘာလားမသိ၊ စားချင်တာအကုန် စွတ်ကယ် စွတ်ကယ် စားတော့တာပဲ၊ ပန်းကန်ဆေးတော့ ဆပ်ပြာမသုံးဘူး၊ ပန်းကန်မှာ ဆီတွေဝေ့နေရင် နင် မကြိုက်မှန်းသိလို့ ငါပဲ ဒိုင်ခံဆေးလိုက်ရပါရောလား"

ကျွန်တော် ပြုံးမိ၏။ ကျွန်တော့်အကြိုက်ကို ဒုရင်ကောက်သည် သိထားမှန်း ပြလိုက်၏။

" နင် မယုံရင် ထသွားကြည့်စမ်း၊ နင့်အမေ သနပ်ခါးလိမ်းတဲ့ နေရာကို အင်း. . . သူတို့မျက်နှာတော့ ဖွေးလို့၊ ဗျက်ကယ် ဗျက်ကယ်နဲ့ သနပ်ခါးလိမ်းကြတာ၊ ကြမ်းပြင်တစ်ခုလုံး သနပ်ခါးစက်တွေချည်းပဲ၊ အဲဒါ မမညီပြန်မလာခင် ငါက ဆေးရဦးမှာ"

မမညီဆိုသည်မှာ ကျွန်တော့်အမေကို ဆိုလိုပါသည်။ သူ့စကားကို ကြားရသောအခါ အမေ ပြောလေ့ရှိသော

" ငါ့သားတွေရလာတဲ့ မိန်းမတွေထဲမှာ သနပ်ခါးကြမ်းပြင် ကျအောင်လိမ်းတဲ့သူ ပါလာရင် ငါတော့ ရင်ကျိုးပြီမှတ်" ဟူသော စကားကလေးကို သတိရမိ၍ ကျွန်တော် ပြုံးမိပါသည်။

အမေသည် ကျွန်တော်တို့ထက် သူ့ချွေးမများအကြောင်းကို ပို၍ စိတ်ကူးယဉ်တတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့မနက်လည်း ကြည့်ဦး၊ ကော်ဖီတစ်ခွက်စီ သောက်ပြီးရုံနဲ့ မကျေနပ်ဘူး၊ တစ်နပ်သက်သာလည်းမနည်းဘူးဟဲ့ဆိုတဲ့ စိတ်နဲ့ ဘဲဥသုံးလုံးကြော်ပြီး ညီအစ်မနှစ်ယောက် စားသွားလေရဲ့၊ ဆေးထားတဲ့ ပန်းကန်တွေ ကြည့်ဦးမလား၊ အဆီနဲ့ဝင်းဝင်း. . . ဟင်း။

"စားကြပါစေ ဥရင်ကောက်ရယ် ကျွန်တော်တို့ရှာတဲ့ ပိုက်ဆံဟာ ဒီလိုစားကြသောက်ကြဖို့ပဲဟာ၊ ကျွန်တော်တို့ဖို့ ဘာများ အပိုသုံးလို့လဲ၊ ကျွန်တော် မတွန့်တိုပါဘူး၊ ဝမ်းတောင်သာသေးတယ်"

" အေး ဝမ်းသာနေ. . . ဟင်း . . . နင်တို့တော်မှ ဘယ့်သောက်မျိုး လာကြည့်ဖော်ရသလဲဆိုတာ ကြည့်ကြသေးတာပေါ့"

" မလိုပါဘူး ဥရင်တောက်ရဲ့၊ ဆွေမျိုးသားချင်းအပေါ်မှာ အကျိုး တယ် အကန်းရယ်လို့ သူတို့ဆီက မျှော်လင့်ချက်ကိုကြည့်ပြီး ကျေးမွေး ရတာမှ မဟုတ်တာ"

အကျိုးအကန်းဟု ကျွန်တော့်စကားတွင် အမှားပါသွားသောကြောင့် ဥရင်ကောက် စိတ်ထိခိုက်သွားပုံရပါသည်။ ကျွန်တော်လည်း စိတ်မကောင်း ဖြစ်မိပါသည်။

" ဟော့ ငါက ကျိုးကန်းနေပေမယ့် စိတ်မပုပ်ဘူး၊ နင်တို့ကို ဘာမှ လုပ်မပေးနိုင်တောင် နင်တို့ပစ္စည်း မယိုမဖိတ်အောင်တော့ အမြဲ ကြည့်နေပါတယ်"

"အို. . . ဥရင်တောက်ကို ရည်ရွယ်ပြီး ကျွန်တော်ပြောတာ မဟုတ် ပါဘူး"

ဥရင်ကောက် ငိုမလိုဖြစ်လာသဖြင့် ချော့ရပြန်ပါသည်။



" ငါကလည်း ငါ့အစ်မပစ္စည်းမို့ မယိုမဖိတ်ရအောင် ပြောတာပါ၊ ဘယ်သူ့ကိုမှ တွန့်တိုတာမဟုတ်ပါဘူးဟယ်၊ ငါ့အကြောင်းလည်း နင်သိသားပဲ "

မျက်ရည်ဝဲလာသော ဥရင်ကောက်ကို သူ့သဘောအတိုင်း လိုက်၍ " သိပ်သိပေါ့ ဒေါ်လေးဥရင်ကောက်ရယ်" ဟုပြောလိုက်မှ သူ့မျက်နှာ ပြန်ရွှင်လာပါသည်။

"မနက်ကလည်းကြည့်၊ စိန်စိန်ကြီး သမီး 'ဝှတ်စွတ်' ရယ်၊ ပုလင်းကလေးတစ်လုံးကိုင်လို့၊ ရေနံဆီ နည်းနည်းပေးပါတဲ့၊ ငါက အမေညို မရှိဘူးပြောတာတောင် ငှတ်ယူမယ်လုပ်နေတာ၊ အမေညို လာမှ လာယူဆိုပြီး "အော်လွှတ်မှ ကုတ်တုတ်နဲ့ ပြန်သွားတယ်၊ အဲဒီတော့ မခက်ဘူးလား နင်တို့အိမ်ဟာ . . . "

"သူတို့လည်း အမျိုးတွေပဲ ဥရင်ကောက်ရဲ့၊ နောက်ပြီး ဘယ်လောက်များတဲ့ ပစ္စည်းမို့လဲ"

"အေး . . တိုတိတို့တိနဲ့ ကြာတော့ ထိခိုက်မှာပဲ၊ နင်တို့အိမ်ကြီးကိုက သာလာယံဇရပ်ကြီးပါဟယ်၊ ယူချင်တာ ယူဆင်းသွားကြ၊ လုပ်ချင်တာလုပ် တတ်လာကြနဲ့"

"ဩော်. . . သူတို့လည်း အဖော်အလျော်မရှိတဲ့ မေမေ့ကို တတ်နိုင်သလောက် ကူညီသွားကြတာပဲ မဟုတ်လား"

" ဟင်း . . . မိစိန်တို့၊ မိမာတို့က ဆွေမျိုးလည်းတော်၊ အိမ်တလည်းနီးလို့ နင့်အမေကို စေတနာနဲ့များ လာကူညီတာ မှတ်လို့လား၊ ပြည်သူ့ဆိုင် သွားချင်လို့ဟော့၊ သိရဲ့လား"

"အင်းလေ . . . ပြည်သူ့ဆိုင်သွားရတယ်ဆိုတာလည်း

www.burmeseclassic.com

www.burmeseclassic.com



လွယ်တာမှတ်လို့ သူတို့သွားပေးဖော်ရတာပဲ ကျေးဇူးတင်ရဦးမယ်"

"ဟေး. . . ဟေး ပြည်သူ့ဆိုင်သွားပေးဖော်ရတဲ့ ကျေးဇူးတင် မစောနဲ့ တိုယ်တော်ရေ၊ ဒီမယ်ဒီမယ် ငါတစ်ခု မေးမယ်၊ နင် ပြည်သူ့ ဆိုင်ကရတဲ့စီးကရက် ဘယ်နှခါသောက်ဖူးလဲ"

" ပေးကောပေးလို့လား "

"အဲဒါပဲ ငါ့တူရေ. . . သင်းတို့ ထုတ်ရောင်းနေကြတာပေါ့၊ အဲဒီလို အမြတ်အစွန်း မကြည့်ပဲနဲ့လား၊ ကောင်မတွေ ဝေးသေးတယ်၊ ဟင်း. . . ဆီလက်မှတ်တစ်အုပ် ဘယ်လောက်မြတ်တယ် ဆိုတာ နင်မှမသိဘဲ"

"ပြည်သူ့ဆိုင်ကကော ဟုတ်တိပတ်တိ ဘာရဖူးလို့လဲ ဒုရင်ကောက်ရဲ့" "အေး. . . ဒါပေမဲ့ ရတဲ့ပစ္စည်းတိုင်းဟာ အမြတ်ပေါ်တာချည်းပဲကွဲ့! သိပလား"

" အင်း. . . အင်း သိပါပြီ"

ဒုရင်ကောက်နှင့် စကားဖြတ်လိုက်ရပါသည်။ သည်စကားများကို ကျွန်တော် နားမထောင်နိုင်ပါ။ သို့နှင့် ပုံနှိပ်တိုက်ဘက်သို့ သွားရန် အိမ်မှထွက်လာသောအခါတွင်ကား ဒုရင်ကောက်သည် ကျွန်တော်တို့၏ အိပ်ရာများကို သိမ်းဆည်းရင်း အိမ်၌ ကျန်ရစ်ခဲ့လေတော့သည်။

( ၂ )

ညနေစောင်း ကျွန်တော် အိမ်ပြန်ရောက်သောအခါ ထဘီရင်ရှားကြီးဖြင့် အလုပ်ရှုပ်နေသောအမေ့ကိုတွေ့ရပါသည်။ ထုံးစံ



အတိုင်း အမေ့နဖူးကို အမောပြေ ကျွန်တော် နမ်းလိုက်သည့်အခိုက်. . .

" ကဲ. . . သား မောတယ်ပန်းတယ် သဘောမထားဘဲနဲ့ အပိုသုံးထဲက အမေ့ကို ငွေတစ်ဆယ်ချေးဦး၊ ဟိုမှာ ဒေါ်ကြီးပဲက ပြည်သူ့ဆိုင်ကရတဲ့ ရေနံဆီ အမေ့ပြန်ရောင်းနေလို့ နောက်ပြီး ညနေစာ အတွက်လည်း ဆီဝယ်ရဦးမယ်"

"ရပါတယ်၊ ဝယ်ပေါ့ အမေရဲ့"

"အေးဟေ့. . . ငါတော့ ပြောမပြောချင်ဘူး မနက်က ငါ ညနေ ပြန်ရင် ဟင်းချက်ဖို့ဆိုပြီးထားခဲ့တဲ့ ဆီလက်ကျန် ခုငါပြန်ရောက်တော့ ပုလင်းကို ပြောင်လို့"

"အင်း. . . ဘယ်သူ ယူသွားလို့တုံး"

"ဘယ်သူ ရှိရမှာလဲ၊ ဒုရင်ကောက်ပေါ့"

ကျွန်တော် မအံ့ဩပါ။ ကျွန်တော်တို့အိမ်သို့ ဒုရင်ကောက်လာတိုင်း ဆီနှင့် ငံပြာရည်ယူရန် ပုလင်းလွတ်နှစ်လုံး၊ အာလူး၊ ကြက်သွန် စသည်ဖြင့် တစ်ဆုတ်စာ၊ နှစ်ဆုတ်စာထည့်သွားရန် ခြင်းတောင်းလွတ်တစ်ခု ပါလာတတ်သည်ကို ကျွန်တော် သိပြီးသားဝင်မဟုတ်ပါလော။

ကျွန်တော်သည် မနက်က ဒုရင်ကောက်ပြောသွားသော စကားများကို ရယ်စရာအဖြစ် အမေ့ကို ပြောပြသောအခါ၌ကား အမေက. . .

" ဒီလိုပဲပေါ့၊ လူဆိုတာ ကိုယ့်တစ်ဝမ်းတစ်ခါးအတွက်တော့ ရှာကြံနေကြရတာပဲ၊ သူတို့အဖို့တော့ ဒါဟာ အလုပ်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ပေါ့သားရယ်” ဟု လေးလေးပင်ပင် ပြောပါသည်။ ပြီးလျှင် အမေနှင့် ကျွန်တော်သည် ချစ်စရာကောင်းသော ဆွေမျိုးသားချင်းများ၏ စရိုက် ကလေးများကို ရယ်စရာပုံပြင်များသဖွယ် ပြောဆိုနေကြပါသည်။ ထိုအခိုက် နောက်ဖေးမီးဖိုနားမှ အမေ့အား လှမ်းပြောလိုက်သော အသံတစ်သံကို ကြားရပါသည်။

“ မမေညို့ အမေက ငါးပိရည်နည်းနည်းလောက် ပေးလိုက်ပါတဲ့ ”

“အေး . . . အေး. . . အိုးထဲက ခပ်ယူသွား။ ငှန်းတော့ ပြန်ဆေးခဲ့နော်” ကျွန်တော် အိမ်နောက်ဖေးသို့ လှမ်းကြည့်လိုက်သောအခါတွင်ကား ကျွန်တော့်ဦးလေး ဦးခင်မောင်၏သမီးကြီး ‘မြင့်မြင့်’ သည် အိုးထဲမှ ငါးပိရည်ချိုအနှစ်များပါ ငှန်းဖြင့် ခြစ်ယူနေသည်ကို တွေ့လိုက်ရပါသည်။ မြင့်မြင့်ကိုတွေ့မှ ကျွန်တော် ရုတ်တရက် သတိတစ်ခု ရလာတာ မြင့်မြင့် ကျွန်တော့်ကို မတွေ့ခင် အိမ်ခန်းထဲ ဝင်ပြေးခဲ့ရပါသည်။ အကြောင်းမှာ ယခုနှစ် မြင့်မြင့် ခုနစ်တန်းစာမေးပွဲ အောင်သည်နှင့်ပတ်သက်၍ ခရစ်အကျီ လကုန်လျှင် ချုပ်ပေးမည်ဟု ကျွန်တော် တတိပေးထားဖူးသည်ကို သတိရလာသောကြောင့် ဖြစ်ပါသည်။

၁၉၇၄ - ခုနှစ်၊ အောက်တိုဘာလ
ရှုမဝမဂ္ဂဇင်း

# ဒေါ်ငင်းလန်းကြီးရဲ့အလယ်

(၁)

မန္တလေးမြို့ ကျောက်သွေးတန်းရပ်တွင်နေသော ဦးစိန်၊ ဒေါ်စိန်တို့သည် ယခုတိုင် ချမ်းသာနေကြဆဲ ဖြစ်လေသည်။ ယခုတိုင် ချမ်းသာနေကြဆဲဟုဆိုသဖြင့် ယခင်ကလည်း ချမ်းသာခဲ့ဖူးကြောင်း သိသာပါပြီ။ စိန်စိန် ဆင်ဒီကိတ်ဟူ၍ အားတစားပစ္စည်းအမျိုးမျိုး၊ စာအုပ်၊ စာနယ်ဇင်းအမျိုးမျိုး၊ အဝတ်အထည်အမျိုးမျိုးမှအစ ထီလက်မှတ်အထိ ရောင်းချခဲ့ဖူးသော မျက်နှာကြီးပိုင်းတုန်သည်မျိုးရိုး ဖြစ်လေသည်။

အထူးသဖြင့်မူ ရန်ကုန်မြို့ ရိုးကုမ္ပဏီမှနေ၍ ရာဇလူး၊ တန်းဘား၊ ဖိလစ်စက်ဘီးများကို ကိုယ်စားလှယ်အဖြစ် ရရှိထား

www.burmeseclassic.com

www.burmeseclassic.com



လေရာ စက်ဘီးကိုသာ ရေလိုသုံးနေသော ထီးနန်းတည်ရာ ရွှေမန္တလေးတွင် အလုပ်ဖြစ်လျက် ရှိခဲ့ကြလေသည်။

အရင်းရှင် ကုမ္ပဏီကြီးများကို နိုင်ငံတော်က ပြည်သူပိုင် သိမ်းယူလိုက်သောအခါ စိန်စိန်ဆင်ဒီကိတ်သည်လည်း အဖျားခတ် ပါသွားလေသည်။

မည်သို့ပင်ရှိစေ ဆင်ပိန်သေသော်လည်း ကျီးစား၍မကုန် နိုင် ဘိသကဲ့သို့ ဘိုးစဉ်ဘောင်ဆက် အလုပ်ဖြစ်ခဲ့ကြသော ဦးစိန်နှင့် ဒေါ်စိန် မိသားစုမှာ ဝမ်းနည်းပက်လက် ဖြစ်ရရုံမှတစ်ပါး မပူမပင် မကြောင့်ကြရဘဲ လူတန်းစေ့ နေနိုင်ခဲ့ကြလေသည်။

ဟော. . . ကြည့်။

သားအကြီးဆုံး ခွေးနီဆိုလျှင် စက်မှုတက္ကသိုလ်၊ သမီး အကြီး ဝက်မဆိုလျှင် ဆေးတက္ကသိုလ်၊ အငယ်ဆုံး မခင်မာသည် ပင်လျှင် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှာ။

ဟဲ. . . ဟိုအကောင် အလတ်ကောင် ငအေးတစ်ယောက် သာ ဟိုမရောက် သည်မရောက် ဖြစ်နေခဲ့သည်။

ငအေးသည် နာမည်နှင့်လိုက်အောင်ပင် အလုပ်တစ်ခုကို အေးအေးဆေးဆေး လုပ်တတ်လေသည်။

သူလုပ်သော အလုပ်များမှာ စာမေးပွဲကို မဖြေဘဲလျက် ကျုံးနံ ဘေးမှာ အေးအေးဆေးဆေး သွားထိုင်နေတတ်ခြင်း၊ အိမ်ကပစ္စည်း များကို အေးအေးဆေးဆေးခိုးပြီး ရောင်းချစားသောက်တတ်ခြင်း၊သူ့ သူငယ်ချင်းများနှင့် ရန်ဖြစ်လာသူများကို အေးအေးဆေးဆေး ချောင်း မြောင်းရိုက်နှက်တတ်ခြင်းနှင့် အိမ်မှ ဗာဟီရကိစ္စများကို ဘာမျှမ



လုပ်ဘဲ အေးအေးလူလူပင် နေစိမ့်နိုင်တတ်ခြင်းတို့ ဖြစ်လေသည်။

ဦးစိန်သည် အကောင့်အတွက် အသေမဖြောင့်နိုင်လောက် အောင်ဆိုဘိသကဲ့သို့ ရှိလေသည်။

ယခင်ကလို စီးပွားရေး မတွင်ကျယ်တော့သော်လည်း ပေါ်ပင် လုပ်ငန်းကလေးများကို လုပ်ရင်းကိုင်ရင်းဖြင့် စီးပွားရေး မီးညွန့် မသေသေးသော ဦးစိန်သည် မိမိ၏ လက်ရှိလုပ်ငန်းများကို ပညာရေးကံခေရှာသော ငအေးအား ဦးဆောင်ညွှန်ကြား လုပ်ကိုင် စေချင်သည်။ သို့သော် ငအေးသည် အေးအေးလူလူပင် ကလေ တချော့ လုပ်နေလေ၏။

ထစ်ခနဲဆို ငအေးတို့က ရိုက်ပြီးသားဖြစ်နေပြီ။ ထစ်ခနဲဆို ငအေးတစ်ယောက် အရိုက်ခံရ၍ ဆေးရုံရောက်နေပြီ။

ဦးစိန်၊ ဒေါ်စိန်၌ ကိုယ်ပိုင်ကြက်ခြံ ရှိပါလျက်သားရယ်နှင့် ရပ်ကွက်ထဲမှာ ကြက်ခိုးမှုဖြစ်ပြီဆိုလျှင်လည်း ငအေးတစ်ယောက် အပျော်တမ်း တရားခံအဖြစ် ပါတတ်လေသည်။

ငအေးသည် လောကကြီးအားလုံးအား အေးချမ်းစွာ ကြည့်မြင်တတ်ပြီး ပျော်ရွှင်နေသူ တစ်ယောက်သာတည်း။

• • •

ဦးစိန်သည် အညာသား မြန်မာကြီးတစ်ယောက်ဖြစ်သည့် အလျောက် ရိုးရာအစွဲအလမ်းနှင့် ယဉ်ကျေးမှုအစဉ်အလာ အလွန် ခုံမင်မြတ်နိုးစွာ ထိန်းသိမ်းတတ်သူ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာကြီးများ၏ အစဉ်အလာအတိုင်းလည်း မိမိမရှိတော့သည့်နောက်ပိုင်း သားသမီးများ၏နောင်ရေးကို စောစောစီးစီး ကတည်းက ရှေ့နေရှေ့ရပ်တို့ဖြင့် ပိုင်းခြားသတ်မှတ်ထားလေသည်။

အထူးသဖြင့်မူ. . .

သားသမီးအားလုံးကို စည်းလုံးညီညွတ်စေခြင်း၊ ရင်းနှီးချစ်ခင် စေခြင်းအလို့ငှာ ငယ်စဉ်ကတည်းက အကျင့်တစ်ခု လုပ်ထားခဲ့၏။

နံနက်၊ ညနေ ထမင်းစားချိန်များ၌ သားသမီးလေးယောက်စလုံးကို ဒေါင်းလန်းကြီးဖြင့် လက်ရည်တစ်ပြင်တည်း စားသောက်စေခဲ့သည်။

ဒေါင်းလန်းဆိုသည်မှာ ရှေးအထက်အညာဆီက မြန်မာမိသားစုများ အသုံးချခဲ့သော လေးချောင်းထောက်ပါသည့် ယွန်းဇလုံပက်ပက်ကြီးများ ဖြစ်လေသည်။

ရှေးအခါက မြန်မာမိသားစု ညီအစ်ကိုမောင်နှမများသည် လူတစ်ဖက်သာသာခန့်ရှိသော ယင်းယွန်းဇလုံပက်ကြီးအတွင်းတွင် ကိုယ့်ထမင်းပုံ ကိုယ့်ပုံလျက် ဒေါင်းလန်းကြီး၏အလယ်တွင် ဟင်းထည့်ပြီး လက်ရည်တစ်ပြင်တည်း ဝိုင်းဝန်းစားသောက် တတ်ကြသည်။

တစ်ယောက်၏ ထမင်းပုံအတွင်းမှ ဟင်းရည်များ၊ လက်ရည်များသည် အခြားတစ်ယောက်ထံသို့ရောထွေးစီးဆင်းလျက် ရှိလေသည်။

ဤကဲ့သို့ လက်ရည်တစ်ပြင်တည်း မရွံမရှာ စားသောက်ကြရသည့်အတွက် မောင်နှမချင်း ပိုမိုရင်းနှီးချစ်ခင်စည်းလုံး သည်ဟူ၍ ရှေးလူကြီးများက ယုံကြည်ထားခဲ့ကြသည်။ ဦးစိန် သည်လည်း



ဤသို့ ယုံကြည်သည့်အတိုင်း သားသမီးများကို ဤသို့ပင် ဒေါင်းလန်းကြီးနှင့် ဝိုင်းဝန်းစားသောက်စေခဲ့သည်။

သည့်အတွက် မိမိ၏ စီးပွားရေး တုန်ထုတ်လုပ်ငန်းကို မြေးမြစ်တီတွတ်တိုင်သည်အထိ ပေါင်းစည်းခိုင်မာစေသည်ဟု ယုံကြည်နေလေသည်။

သားသမီးတို့ ဥမကွဲသိုက်မပျက်နှင့် ရေရှည်ချစ်ခင်စွာ ပေါင်းစည်းနိုင်ကြစေသော်. . . ဆိုကြပါစို့။

သို့ရာတွင် လူသည် ကိုယ့်ဘဝနှင့်ဖြစ်လာတတ်မြဲ မဟုတ်ပါလား။

* * *

အခုပဲကြည့်ပါတော့။

အကြီးကောင် ငခွေးသည် ဆင်တဲမော်တော်ကား စက်ရုံတွင် အရာရှိဖြစ်နေသည်။

သမီးကြီး မိဝက်သည် တောင်ကြီး စပ်စံထွန်းဆေးရုံတွင် ဆရာဝန်မကြီးအဖြစ် အမှုထမ်းနေသည်။

သမီးလေး ခင်မာသည်ပင်လျှင် မဟာဝိဇ္ဇာတန်းအောင်ပြီးသည့်နောက် ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၏ မိန်းကလေးဆောင်တစ်ခုတွင် လက်ထောက်အဆောင်မှူးအဖြစ်နှင့် သင်တန်းနည်းပြအဖြစ် ပူးတွဲအမှုထမ်းနေသည်။ အဲ . . . ဟိုအကောင် ငအေးကတော့တောင်သာ ယောင်တိယောင်ချာ ဘာမျှ မည်မည်ရရမရှိဘဲ ငြိမ်နေခဲ့ရသည်။

* * *

www.burmeseclassic.com



ဦးစိန်သည် ဤသို့ စဉ်းစား၏။

" ငါ့သား ငအေးတစ်ကောင်ကတော့ဖြင့် ဒီအတိုင်းဆိုရင် ဒုက္ခပဲ၊ ဒီကောင့်နောင်ရေး ငါ ရင်မအေးဘူး၊ ပညာရေးမှာလည်း ကံခေတယ်၊ လူမှုရေးမှာလည်း လုံးဝသောက်သုံးကျတဲ့ကောင် မဟုတ်ဘူး၊ ဒီတော့ကာ သင်းကို ငါ့ရဲ့ စီးပွားရေးလုပ်ငန်းမှာ ဦးဆောင်လုပ်ခိုင်းရင် ကောင်းမယ်"

သို့ရာတွင် ဦးစိန်၏စိတ်ကူးသည် စိတ်ကူးယဉ်မှုသာဖြစ်သည်၊ အရာမထင်ခဲ့ချေ။

လုပ်ငန်းကိုင်ငန်းနှင့်ပတ်သက်၍ ငအေးကို ဘယ်လိုမှ စည်းရုံးလို့ဆော်၍မရ၊

သည်ကောင် သည်အရွယ်ကလေး ရလာသည်နှင့်အမျှ မိန်းမကိစ္စတွင်ပါ အမှုပွေချင်လာသည်။

အားအားရှိတိုင်း ဒါပဲ စိတ်ကူးနေသည်။

တခြားမကြည့်ကြပါနှင့်၊ တစ်လောဆီက အဖြစ်အပျက်.. မန္တလေးမြို့သို့ ရုပ်ရှင်ရိုက်ကူးရန် လာသောအဖွဲ့နှင့် သူပေါင်းစည်မိသွားရာက နှစ်လင်၊ သုံးလင် လေးငါးလင် ပြောင်းလာခဲ့သော နခမည်တော်ရုပ်ရှင်မင်းသမီးတစ်ယောက်နှင့် ဘာမှုမကြာလိုက်သော အချိန်အတွင်းမှာပင် ပြင်ဦးလွင်သို့ အိမ်ကတားနှင့် လျှောက်လည်လိုက်တာတို့၊ ဘာတို့ ဖြစ်သွားလိုက်သေးသည်တဲ့။

ငအေးတို့များ အဲဒါသာကြည့်တော့။

အဖေသည် ငအေးတို့ လုံးဝစိတ်မချတော့သည့်အဆုံး မိဘတို့ ထုံးတမ်းစဉ်လာအတိုင်း အစီအစဉ်ချတော့သည်။



"သား ငအေး၊ မင်းလည်း အချိန်အရွယ်ရောက်နေပြီကွာ၊ အဖေလည်း အချိန်လွန်အရွယ်လွန်ဖြစ်နေပြီ ဒီတော့ ဖေဖေ့လုပ်ငန်းတွေကို ဦးစီးလုပ်ကိုင်ဖို့ မင်းမှာ တာဝန်ရှိသလို မင်းကို အိမ်ထောင်ချပေးဖို့လည်း ဖေဖေ တာဝန်ရှိတယ်လေ"

"ကျွုပ် မိန်းမ မယူချင်သေးဘူးဗျာ"

"ဟာ မိန်းမ မယူချင်သေးရင် သားက ဘာကြောင့် မိန်းမ ရှုပ်တာတုန်း"

"ဟဲ. . . ဟဲ မိန်းမ မယူချင်သေးလို့ ရှုပ်တာပေါ့ဗျ"

"အေး. . . မင်းဟာမင်း ယူချင်ချင်၊ မယူချင်ချင် ငါ မင်းကို မိန်းမ ပေးစားရမယ်၊ ပြီးတော့ ငါ့အလုပ်တွေကို မင်း ဦးစီးလုပ်ရမယ်၊ ဒါပဲ"

"ဘယ်သူနဲ့ ပေးစားမှာလဲ အဖေ"

"ဝင်းလိုက်ရုံနားက ကိုကျင်ဟုတ်သမီး စန်းစန်းနွဲ့လေ"

"ဟာ"

"ဘာတုံးကွ မကြိုက်လို့လား၊ မမြင်ဖူး လိုက်ဖူးသေးတယ်ဆို"

"အရင်ကတော့ ကြိုက်တယ်ဖေဖေ၊ ခုတော့ မကြိုက်တော့ဘူး"

"ဘာလို့လဲကွ"

"ဟာ သူ့ကိုယ်သူ ယောက်ျားထင်ပြီး ဂျန်းတောလုပ်နေတာ အဖေရဲ့"

ထိုနေ့က သားအဖနှစ်ယောက် ထိမ်းမြားခြင်းလျှင် ဝင်ငွေ အင် စကားပြောဆိုကြရာ၌ အဆင်မပြေသဖြင့် ဦးစိန်သည် ငအေး ထို ထွေးခံနှင့်ပေါက်သည်အထိ ဖြစ်ခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက် မန္တလေးတွင် ရုပ်ရှင်လာရိုက်ကြသော အဖွဲ့ ရန်ကုန်ပြန်ကြသောအခါ စောစောက ပြောနေသော နာမည်ကျော် ရုပ်ရှင်မင်းသမီး လေးငါးလင်ကွာဆိုသူနှင့် ငအေးတစ်ယောက် ကောက်ကောက်ပါအောင်လိုက်သွားသော သတင်းသည် မန္တလေးမြို့ လူကုံထံရပ်ကွက်၌ ဟိုးဟိုးကျော် သွားလေတော့သည်။ တစ်ဆက်တည်းမှာပင် နောက်တစ်နေ့ မန္တလေးမြို့ထုတ် ဟံသာဝတီသတင်းစာ၌ ငအေးအား ဦးစိန်က အမွေစားအမွေခံ သားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာချက်ပါလာလေသည်။

ထို့နောက် တစ်နေ့ ရန်ကုန်ကြေးမုံသတင်းစာတွင်လည်း ဦးစိန်အား နောက်နောင် မိမိနှင့် မဆက်ဆံရန် မောင်အေး၏ သတိပေးကြေညာချက် ပါလာလေသတည်း။

"သား. . ."

"ဟင်. . ဖေဖေလိုက်လာတယ်၊ ဒါနဲ့ကျွန်တော့်ကို အမွေပြတ်သားအဖြစ် သတင်းစာထဲမှာ ကြေညာပြီးသား မဟုတ်လား"

"ဒါတွေ ထားလိုက်ပါတော့ကွာ၊ ခုလိုက်လာတာ မင်းအမေတလည်း တပူဆာဆာလုပ်နေလို့ ပြီးတော့"

"ဘာလဲ ဖေဖေ၊ ကျွန်တော့်ကို ခွင့်လွှတ်လိုက်ပြီလား"

"အေး . . ဖေဖေ့အလုပ်တွေကို ပြန်လုပ်ပါလား သားရယ်"

"ကျွန်တော့်မိန်းမကိုရော ဖေဖေ"

"အေး မင်းမိန်းမ မင်းသမီးကြီးကိုလည်း မင်းနဲ့ညားမှတော့ ဖေဖေ ချွေးမလို့ သဘောထားလိုက်ပါပြီ၊ သား မန္တလေးပြန်လိုက်ခဲ့ပါ၊ မင်း မိန်းမကိုလည်း မန္တလေး - ရန်ကုန် သွားချည်ပြန်လှည့်နေမှုစေပေါ့"



"ကျွန်တော် မခွဲနိုင်ဘူး ဖေဖေ"

"ဒါဆို ခေါ်ခဲ့ပေါ့ကွ"

"သူ့မှာ ရုပ်ရှင်ရိုက်ရက်တွေရှိတယ်"

"ခက်တာပဲကွာ"

ငအေး၏ဖခင် ဦးစိန်သည် သတင်းစာမှနေ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာပြီး တစ်ပတ်အတွင်းမှာပင် ထိုသား၏နောက်သို့ ကောက်ကောက်ပါအောင်လိုက်ခဲ့ပြီး အထက်ပါစကားကို ပြောဆိုခြင်း ဖြစ်လေသည်။

"နို့ . . . နေစမ်းပါဦးကွ၊ မင်းတို့မင်္ဂလာကြော်ငြာလည်း သတင်းစာထဲမှာ မပါပါလား"

"ကျွန်တော်တို့ မင်္ဂလာမဆောင်ဘူး ဖေဖေ"

"ဟေ. . နှစ်ဦးသဘောတူ လက်ထပ်တယ်ဆိုတာလောက်တော့ ကြော်ငြာဖို့ ကောင်းတာပေါ့ကွ"

"ကျွန်တော်တို့ တရားရုံးမှာလည်း လက်မထပ်ဖြစ်ခဲ့ဘူး ဖေဖေ"

"ဟ. . . ဒါဆို မင်းတို့ ဘယ်မှာ လက်ထပ်တာလဲ"

"ဘယ်မှာမှ လက်မထပ်ဘူး၊ သူတ လက်ထပ်တယ်ဆိုတာ အဓိပ္ပါယ်မရှိဘူးတဲ့၊ ချစ်ကြတယ်ဆိုရင် ပြီးရောတဲ့"

"ဟေ. . . ဒါဆို မင်းတို့ တရားဝင်မဟုတ်ဘူးပေါ့"

"ဟုတ်ကဲ့ ၊ မဟုတ်ဘူး ဖေဖေ"

"ပိုင်လိုက်လေကွာ ပိုင်ပြီ၊ ဒါဆိုရင် မင်းဒုအောင်စေနဲ့ ပြန်ဆိုက်ခဲ့စေ၊ တရားဝင်မဟုတ်ဘူးဆိုရင် ဘာဖြစ်သာနာမှ မရှိနိုင်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဒီဟာမကြီးကို အေး. . . မင်းတို့စကားနဲ့ပြောရရင် ဟဲ. . . ဟဲ စွန့်လိုက်ပေါ့ကွာ"

"သူ့ကို ကျွန်တော်အရမ်းချစ်နေတာ ဖေဖေရဲ့"

"မဟုတ်သေးဘူးလေကွာ၊ မင်းကောင်မကြီးက လူတကာနဲ့ ပတ်သက်နေတဲ့အကြောင်း မင်းလည်းအသိသားပဲ၊ ဒါကြီးကို ဘာကြောင့် မက်မောနေတော့မှာလဲ၊ ဖေဖေနဲ့ ပြန်လိုက်ခဲ့ပြီး စန်းစန်းနွဲ့လေးတို့ သားမှတ်မှတ်၊ မယားမှတ်မှတ် လက်ထပ်ယူပါ သားရယ် နော်"

ဦးစိန်သည် ငအေး၏ကျောကိုပွတ်သပ်ရင်း ချော့မော့လေသည်။

ငအေးကမူ ခေါင်းကို လေးတွဲ့စွာ ခါယမ်းလိုက်သည်။

"အဖေငယ်ငယ်တ ကျွန်တော်တို့ ထမင်းစားတဲ့အခါ စည်းလုံးညီညွတ်ကြစေချင်တဲ့သဘောနဲ့ အဖေဟာ ကျွန်တော်တို့ကို ဒေါင်း လန်းကြီးနဲ့ ထမင်းစားခိုင်းခဲ့တယ် မဟုတ်လား၊ တကယ်တမ်းကျတော့ ကျွန်တော်တို့ညီအစ်ကို မောင်နှမတွေဟာ အင်ဂျင်နီယာ ဆရာဝန်၊ ဆရာမ ကလေကချေဆိုပြီး တစ်ယောက်တစ်နေရာ ရောက်ခဲ့ကြတယ်။ ဒါပေမဲ့ အဖေရယ် အဲ့ဒီဒေါင်းလန်းကြီးနဲ့ စားသောက်ခဲ့ရတဲ့ အရသာကို ကျွန်တော်တစ်ယောက်သာ ခံစားလို့ရခဲ့ပါတယ်"

"မင်း ဘာဆိုလိုတာလဲ သား"

ငအေးသည် အဖေကို အနိုင်ကျင့်စွာ ရယ်မောလိုက်သည်။

"တခြားဟုတ်ရိုးလား အဖေရယ်၊ အဖေပြောတဲ့ သူတကာနဲ့



ပတ်သက်နေတယ်ဆိုတဲ့ ကျွန်တော့် အခုမိန်းမဟာ ငယ်ငယ်က ဒေါင်းလန်းကြီးနဲ့ လက်ရည်တစ်ပြင်တည်းစားရသလို အလွန်ရင်းနှီးစေတဲ့ ခံစားမှုမျိုးကို ပေးစွမ်းနိုင်တယ်ဆိုတာ အဖေမသိဘူးလားဗျ ဟား. . . ဟား. . . ဟား. . .

- ၁၉၈၀ ခုနှစ်၊ ဒီဇင်ဘာလ
ရှုမဝမဂ္ဂဇင်း။

www.burmeseclassic.com

www.burmeseclassic.com



## စေ့စပ်ကြောင်းလမ်း ပြီးစီးခြင်း

# စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ကျွန်တော့်အစ်ကို လက်ထပ်ပါတော့မည်။ ဒီတနေ့ မိန်းကလေးနေထိုင်ရာမြို့သို့ သွား၍မြန်းကြသည်။ ကျွန်တော် လည်းပါသည်။ ကျွန်တော်သည် ကာယကံရှင် ကျွန်တော့်အစ်ကိုကြီး ထက်ပင် အူမြူးနေပုံရပါသည်။ ကျွန်တော့်အစ်ကိုသည် သူ အိမ်ထောင်ပြုတော့မည့်အရေးအတွက် သူ့ဘာသာလည်း အူမြူးနေမည်ဖြစ်သလို အစ်ကိုအိမ်ထောင်ပြုတော့မည်မို့လို့ ညီဖြစ်သူ ဝမ်းသာအားရသည်မှာလည်း ဓမ္မတာပင် ဖြစ်ပါသည်။ သို့ရာတွင် ကျွန်တော်တလွန်ပါသည်။ လိုသည်ထက် ပိုပါသည်။ အူမြူးလွန်း အားကြီးနေမိပါသည်။ ဘာကြောင့်လဲတော့ ကျွန်တော်မသိပါ။ သူ့အလိုလို ဝမ်းထဲက ကလိကလိနှင့် အူမြူးလာသည်ကိုတော့ ကျွန်တော်လည်း မတတ်နိုင်ပါ။ တစ်ခုတော့ ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အလှည့်ပြီးလျှင် ကျွန်တော့်အလှည့်သည် မဝေးတော့ပြီဖြစ်ကြောင်းပါဗျား။

ကျွန်တော့်တွင် လူထဲသူထဲ လက်ဆွဲပြစရာချစ်သူဟူ၍ မရှိသေး ပါ။ ရှိနေခဲ့လျှင်လည်း ကျွန်တော်သည် ကျွန်တော့်အစ်ကို နောက်မှ အိမ်ထောင်ပြုရန် စိတ်ကူထားပြီး ဖြစ်ပါသည်။ စီနီယာ အလိုက်ပေါ့။ မည်သို့ပင်ရှိစေ ကျွန်တော့်အစ်ကို၏ အဖြစ်ကိုကြည့်ပြီး ကြည်နူးပီတိ ဖြစ်ရသည်တော့ အမှန်ပင်ဖြစ်ပါသည်၊ ကျွန်တော်သည် ပျော်စရာကောင်းသော အဖြစ်ကလေးများကို ကြုံရလျှင် ကိုယ်နှင့်ဆိုင်သည် မဆိုင်သည် အပထားလို့ နံဘေးမှပင် ပျော်တတ်သူ ဖြစ်ပါသည်။ စိတ်ကူးယဉ်ခြင်း အတတ်ပညာ ဟုခေါ်ဆိုကခေါ်ဆိုနိုင်ပါသည်။ သည် အတတ်ပညာကြောင့် ခုထိ ကျွန်တော့်တွင် ချစ်သူဟူ၍ တစ်ကောင်တစ်မြီးမျှ မရှိသေးခြင်း ဖြစ်တန်ရာ ပါသည်၊ လက်တွေ့နှင့် စိတ်ကူးသည် အလွန်ပင် ကွာခြားတတ်ကြောင်းပေါ့။ မည်သို့ရှိစေ ကျွန်တော့် အစ်ကိုအတွက် ဘေးကနေ ကြည်နူးဝမ်းသာရသည်မှာလည်း ပျော်စရာကောင်းလှပါသည်။ ထို့ကြောင့်ပင် သူ့ကိစ္စကို ကိုယ့်ကိစ္စလို့ သဘောထားပြီး သူနည်းတူ လုံးပန်းရသည်မှာ ကျွန်တော့်အဖို့ မမောပန်းနိုင်စရာပါ။

မိန်းတလေး မိဘများနေထိုင်ရာမြို့သို့သွားသောအခါ ကျွန်တော် လည်း ပါပါသည်။ အဖေလည်း ပါပါသည်။ အမေလည်း ပါပါသည်။ အဖေသည် ကျွန်တော်နှင့် ကျွန်တော့်အစ်ကိုအား သူ့သူငယ်ချင်းများ မှတ်လေသလား မသိ၊ တစ်လမ်းလုံး ပြက်လုံးတွေ ထုတ်လာခဲ့သည်။ အဖေကြီး ပျော်နေသည်ကိုး။ အမေသည်တား



မိန်းမသားဖြစ်သည့်အတိုင်း သူ့၌ဖြစ်ပေါ်နေသော ပီတိကို ငြိမ်ငြိမ်ကလေး ဖုံးထွယ်မနေနိုင်ရှာပါ။ အရာရာကို ဝမ်းသာစရာဟု မြင်နေပြီး အကြောင်းမရှိအကြောင်းရှာ စကားများစွာပြော၍ လိုက်ပါလာသည်။ လေတိုက်သည်ကိုပင် "အမယ်လေး ကျေးငှက်တင်လိုက်တာ" ဟူ၍ ဘယ်သူ့တိုမှန်းမသိ ကျေးဇူးတွေ တင်နေပါသည်။ တစ်လမ်းလုံးတွင် အမေသည် စကားအများဆုံး၊ သို့ရာတွင် သားအတွက် ပီတိဖြာနေသဖြင့် စကား များမိရှာသောအမေသည် ကျွန်တော့်အဖို့ မိခင်တစ်ယောက်အနေဖြင့် ချစ်ဖို့အကောင်းဆုံး။

ခရီးမသွားခင် သုံးရက်လောက်ကတည်းက ကျွန်တော့်မှာ ဗျာယာခတ်ခဲ့ရပါသည်၊ သည်ခရီးကို အဖေပိုင် မော်တော်ကားဖြင့် သွားကြပါသည်။ အဖေ့ကားသည် အဖေ့အကျီကဲ့သို့ အလွန်ပဲ စုတ်ပါသည်။ မတတ်နိုင်ပါ။ ကားတစ်စီး အပိုငှားဖို့က မှသက်သာလှ၊ ပြီးတော့ 'ကိုယ့်မှာလည်း ကားရှိသား' ဟု ပြောစရာလည်း ဖြစ်ဦးမည်၊ သို့ရာတွင် ရှိသောကားက ကားစုတ်။ သည်ကိစ္စအတွက် ကျွန်တော့်မှာလည်း တာဝန်ရှိသည်မို့ ကောင်းသောဘီးများကို အနည်းငယ် ပို၍ကောင်းသောဘီးများနှင့် လဲလှယ်၊ ဘက်ထရီအိုးတော့ ကိုယ့်ရှိတာနှင့် အလိုက်ပေးပြီး အသစ်လဲ၊ ပြီးတော့မှ ရေဆေး၊ ဆီထိုး စသည်ဖြင့် ကျွန်တော်ပိုင် ငွေတစ်ထောင်နီးပါး ပါသွားသည်၊ ကျွန်တော်၏ဝတ္ထုကို ထုတ်ဝေမည့်စာအုပ်တိုက်များသို့ အပူတပ်ခဲ့ရသည်၊ အို. . . ငွေ ဘာလုပ်ဖို့လဲ၊ အကျိုးမဲ့သက်သတ် ဖြုန်းတီးပစ်တာ မဟုတ်ဘဲ၊ သည်ကိစ္စအတွက်ဖြင့် တုန်ပလှေ့စေပါ။

သို့ရာတွင် လမ်းတစ်လျှောက် တားတာ ဒုက္ခပေးသောသည်။

www.burmeseclassic.com



ပေးသမျှ ဒုက္ခမှန်သမျှသည် ကျွန်တော် တာဝန်ယူထားသော ဘီးနှင့် ဘက်ထရီအိုးမှချည်း ဖြစ်ကြကုန်သည်။ အမေကလည်း မကြာခဏ ရှူးရှူးပေါက်ချင်သည်။ ကားတလည်းရပ်ပြီးလျှင် တွန်းနှိုးမှရသည်။ သည်ကြားထဲက ပေါက်လိုက်တဲ့ဘီးကလည်း မရေတွက်နိုင်အောင်ပါ။ ပြန်၍ စဉ်းစားရသလောက် အသွားအပြန် ဆယ့်နှစ်ခါ။ အဖေက ကျွန်တော့်ကို ကြိမ်းပါသည်။ အမေ့ခမျှာလည်း တောကြီးမျက်မည်းထဲ ခဏခဏရပ်နေရသဖြင့် ပရိတ်ကြီးသာ တွင်တွင်ရွတ်နေတော့သည်။ ကျွန်တော့်အစ်ကိုခမျာမှာတော့ ကားအကြောင်းဆို၍ နကန်းတစ်လုံးမျှ မသိသူမို့ ကားပျက်သည်ကို ကူညီချင်ရှာသော်လည်း 'ဝက်အူလှည့်' ယူပေးပါဆိုလျှင် 'ပလာယာ'၊ 'စပါနာ' ပေးပါဆိုလျှင် ဂဏန်းလက်မနှင့် ယောင်ဝါးဝါး များနေရှာ ပါသည်။ သည်ကြားထဲ 'ဗိုး . . . ဟိုတတော့ မျှော်နေမှာပဲ' ဟူ၍ မကြာခဏ ညည်းတတ်သေးသည်။ ကျွန်တော့်မှာ ငိုအားထက် ရယ်အားသန်ဆိုသလိုပါ။

ကျွန်တော် စိတ်မကောင်းပါ။ မော်တော်ကားကမထင်ဘဲ ဖြစ်လာသော်လည်း ကျွန်တော့်အပြစ်ဟုသာ မှတ်ယူပါသည်။ ခရီးမထွက်ခင်က အုမြူးစွာ လူသိရှင်ကြား တာဝန်ယူခဲ့သည် မှန်သမျှ ပြဿနာတက် လာရသဖြင့် ဒေါသလည်း ထွက်ရပါသည်။ အဖေအမေတို့အလစ်တွင် ဘာမျှမသိသောကားကို ခြေထောက်ဖြင့် ပင် ပိတ်တန်မိပါသေးသည်။

မည်သို့ပင်ဖြစ်စေ ဟိုကိုတော့ နောက်နေ့မကူးဘဲ ရောက်ခဲ့ကြပါသည်။ ဟိုကလူများလည်း လက်နှိပ်မီးတဝင်းဝင်းနှင့် မြို့ပြင်



ကထွက်၍ စောင့်နေကြပါသည်။ အမောဖြေပြီးသည့်နောက် သတို့သမီး လောင်းအိမ်မှကျွေးသော ညစာထမင်းဟင်းနှင့် အထူးစပါယ်ရှယ်ဖြစ်သော ပြောင်းဖူးကြော်တို့ကို စားသောက်ကြပြီးသော အခါတွင်ကား ဒုက္ခမှန်သမျှ မေ့လျော့ပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားရပါတော့သည်။ အိပ်မက်ကောင်းများ မက်ပါသတည်း။

✧ ✧ ✧

နောက်တစ်နေ့နံနက်တွင် 'မြန်း'သည်ဆိုသော စေ့စပ်ကြောင်းလမ်းခြင်းကိစ္စကို ပြုကြပါသည်။ ကျွန်တော့်တွင် ထိုအတွေ့အကြုံမျိုးမရှိခဲ့ဖူးပါ။ သို့ရာတွင် ကိစ္စကလည်း ကျွန်တော့်ကိစ္စမဟုတ်သဖြင့် အနေသာကြီးပါ။ ပြဿနာမှာ ကျွန်တော့်အဖေကိုယ်တိုင်က ထိုကိစ္စ မျိုး၌ မကျွမ်းကျင်ခြင်းဖြစ်သည်။ ကျွန်တော့်အဖေသည် သူ၏ သားဦးကိစ္စမို့ ထိုကိစ္စမျိုး အတွေ့အကြုံမရှိခဲ့သလို သူကိုယ်၌ကလည်း ကျွန်တော်တို့အမေကို ခိုးပြေးခဲ့ခြင်းသာဖြစ်သဖြင့် ထိုကိစ္စတွင် ပြဿနာ ကြုံရ၏။ အဆိုးဝါးဆုံးမှာ အဖေသည် သူ၏ ခမည်းခမက်လောင်း ကျွန်တော့်အစ်ကို၏ ယောက္ခမလောင်းများ နာမည်ကို မသိခြင်းဖြစ်၏။

ကျွန်တော့်အဖေသည် ကျွန်တော်တို့ကို အရာရာလွတ်လပ်ခွင့်ပေးခဲ့ပါသည်။ ခုကိစ္စကိုလည်း သွားကြမည့်နေ့မတိုင်ခင်လေးရက်လောက်ကမှ အဖေ သိရ၏။ ချက်ချင်းပင် ဝမ်းသာအားရ သဘောတူလိုက်ပြီး သွားကြမည့်နေ့ကို တိုင်ပင်၏။ အဖေသည်

www.burmeseclassic.com

www.burmeseclassic.com



သွားစရာ လာစရာတိစ္စတစ်ခုရှိလျှင် သူခုတင်ခြေရင်းတိုင်မှာ အမြဲတမ်းချိတ်ထားသော တစ်ထည်တည်းသော ရှပ်အင်္ကျီလက်တိုကို ကောက်စွပ်၍ ဒရောသောပါး ထွက်တတ်သောလေ့အတိုင်း ခုကိစ္စမှာလည်း 'စေ့စပ်ကြောင်းလမ်းပါကြောင်း' စကားစ,ရခါနီးမှ မိန်းကလေးရှင် မိဘများ၏အမည်ကို မသိသေးကြောင်း သူ့ဘာသာ သတိရပုံရလေသည်၊ ညှိသည်တွေလည်း စုံနေပြီမို့ ကြန့်ကြာရရပင် သူနှင့်အနီးဆုံးဖြစ်သော ကျွန်တော့်အစ်ကိုကို တိုးတိုးမေးရလေသည်၊ အစ်ကို့ခမျာမှာလည်း အဖေ့ကိုပြောပြရန် အဖေသည် နားအလွန်လေးသူဖြစ်သောကြောင့် ညှိသည်တွေရှေ့ အော်ကြီးဟစ်ကျယ်ပြောရမည်မှာ ခက်နေ၏၊ နောက်ဆုံး ကျွန်တော့်မှာ အိတ်ထဲအသင့်ရှိသော ဘတ်စကား လက်မှတ်ဟောင်းတစ်ခုနှင့် ဘောပင်တစ်ချောင်းကို ကျွန်တော့်အစ်ကိုလက်သို့ လက်သိပ်ထိုးပေးလိုက်မှ ထိုကိစ္စ ပြေလည်သွားတော့၏၊ အဖေသည် ဘတ်စကားလက်မှတ်ကို လက်ဝါးတွင်ဝှက်၍ ကြန့်ကြာရရပင် သူ့အင်္ကျီအိတ်ထဲ ထည့်သိမ်းထားလိုက်၏၊

"လူကြီးမင်းများ ခင်ဗျား. . . . ကျွန်တော့်သား မောင်ဝဏ္ဏဟာ ကျွန်တော့်ထက် လိမ္မာရေးခြားရှိသူ ဖြစ်ပါတယ်။ ကျွန်တော်ဟာ သူ့အမေနဲ့ ကျွန်တော့်အသက် နှစ်ဆယ့်နှစ်နှစ်အရွယ်မှာ အိမ်ထောင်ကျခဲ့ပါတယ်၊ ခု မောင်ဝဏ္ဏ အသက်နှစ်ဆယ့်ကိုးနှစ်ကျော်ပါပြီ၊ ခုအချိန် ခုအရွယ်အထိ အလုပ်ကိုသာ ကြိုးပမ်းခဲ့ပြီး အိမ်ထောင်ရေးကိစ္စကို ထိန်းသိမ်းစောင့်စည်းလာနိုင်ခဲ့တာဟာ သူ့အတွက်ရော သူ့အိမ်ထောင်အတွက်ပါ အစစကောင်းမြတ်ဖို့ပဲလို့ ကျွန်တော်



ယုံကြည်တယ်။ ကျွန်တော်ဟာ သားတွေကို ပညာရေးတအစ သူတို့စိတ်ကြိုက် ဆုံးဖြတ်ပိုင်ခွင့်၊ လွတ်လပ်ခွင့် ပေးထားခဲ့ပါတယ်၊ ဒါကြောင့်မို့လို့လဲ ခုကိစ္စကိုတောင် လွန်ခဲ့တဲ့ လေးငါးဆယ်ရက်ကမှ ကျွန်တော် သိခဲ့ရပါတယ်။ ဒါပေမဲ့ ကျွန်တော့်သားကို ကျွန်တော် စိတ်ချပါတယ်၊ သူနဲ့ ဆုံစည်းမယ့် မိန်းကလေးဟာလည်း တော်ဝင်စံထိုက်တဲ့ မိန်းမကောင်း မိန်းမမြတ်တလေးဖြစ်ရမယ်လို့ ကျွန်တော် ယုံကြည်ခဲ့ပါတယ်၊ ယုံကြည် တဲ့အတိုင်းပါပဲ။ မိန်းကလေးရှင် မိဘမောင်ဖွား ဆွေမျိုးသားချင်းများနဲ့ ခုလိုဆုံလိုက်ရတဲ့အချိန်မှာ အလွန်မြန်မာဆန်ပြီး အလွန်လေးစားချစ်ခင်ဖို့ကောင်းတဲ့ မိသားစု ဆိုတာ ကျွန်တော်သိရပါပြီ၊ လူကြီးမင်းများခင်ဗျား. . . . ကျွန်တော်တို့ ခုလာကြ တဲ့ကိစ္စဟာ ဆွေမျိုးစပ်ဖို့ ဖြစ်ပါတယ်။ ကျွန်တော် နောက်ထပ် ထွေထွေထူးထူး ပြောစရာ မရှိတော့ပါဘူး။ ဆွေမျိုးမစပ်ရခင် မြင်မြင်ချင်းမှာပဲ လူကြီးမင်းများ အားလုံးကို ဆွေးမျိုးရယ်လို့ မြင်မိပါပြီခင်ဗျား"

ကျွန်တော့်အဖေသည် သူ့စကားအဆုံးတွင် သူ့စကားဟုတ်ရဲ့လား ဟူသောသဘောမျိုးနှင့် သူနှင့် စားလွယ်ခုတ်လောက်တွင် ထိုင်နေသော ကျွန်တော့်ကို လှမ်းကြည့်ပါသည်။ ကျွန်တော့်ခမျာမှာလည်း သည်အချိန်၊ သည်အခါမျိုးတွင် မည်သို့သောစကားမျိုးကို ပြောအပ်ပါသည်ဟူ၍ မသိရိုးအမှန်ဖြစ်သော ကြောင့် အဖေ့ကို ခပ်ဖြည်းဖြည်း ပြုံးပြလိုက်ရပါတော့သည်၊ သေချာသည်ကတစ်ခုကတော့ အဖေ၏ စကားထဲတွင် မိန်းကလေးနှင့် သူ၏မိဘအမည်များ ပါမလာခဲ့ခြင်း ဖြစ်၏၊ ကျွန်တော် ထင်ပါသည်၊

www.burmeseclassic.com



အဖေသည် စောစောက ဘတ်စကား လက်မှတ်ကလေး အိတ်ထဲ ထည့်ပြီးသည့်နောက် နာမည်များကို ပြန်၍မေ့သွားပြီ ဖြစ်ပါလိမ့်မည်။

အဖေ့စကားဆုံးပြီးလျှင် ဘုရားစင်အောက်တည့်တည့်တွင် ထိုင်နေသော လူကြီးတစ်ယောက်က ချောင်းတစ်ချက် ဟန့်လိုက်ပြီး စကားပြန်စပါသည်။

"ဟုတ်ကဲ့ . . . ခုလို ဆရာဦးသာစုက လိုရင်းကို တိုတို တုတ်တုတ် ပြောပြပြီးတဲ့နောက် ကျွန်တော့်အနေနဲ့လည်း မိန်းကလေးရှင်များနဲ့ ဆွေရိပ်မျိုးရိပ် မကင်းသူဖြစ်တာက တစ်ကြောင်း၊ မြို့နယ်ကောင်စီ ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ တာဝန်ရှိတာကတစ်ကြောင်းကြောင့် စကားပြန်ပါရစေ။ ကျွန်တော်တို့ရဲ့ သမီးကလေး၊ သမီးကလေးပဲ ဆိုပါရစေတော့။ အဲ. . . သမီးကလေးဟာ ကျောင်းပညာဆုံးခန်းတိုင်လို့ လူ့ဘုံလောကကြီးထဲ ရောက်စပဲ ရှိပါသေးတယ်။ ဒါကြောင့်မို့ သူ့မှာ အိမ်ထောင်မှုကအစ လူမှုရေး၊ စီးပွားရေး စသည်ဖြင့်ပေါ့လေ။ ကျွမ်းကျင်မှု လိုအပ်ကောင်း လိုအပ်ပါလိမ့်မယ်။ ဒီအတွက် လူကြီးမင်းမိသားစုတ သည်းခံကြပါလို့ တောင်းပန်ပါတယ်။ ပြီးတော့ လူကြီးမင်းမိသားစုဟာ တစ်တိုင်းတစ်ပြည်လုံးနဲ့ ခြုံငုံပြီးမှ အလုပ်လုပ်နေကြတဲ့ မိသားစုဖြစ်တာမို့ ကျွန်တော်တို့ရဲ့သမီးတလေးမှာ အမှားပါရင် သည်းခံပြီး ပြုပြင်ပေးကြပါ၊ လူကြီးမင်းမိသားစုနဲ့ ကျွန်တော်တို့ရဲ့သမီးကလေး ဆက်နွယ်မိကြတော့မှာမို့လည်း ဝမ်းသာမိပါတယ်ခင်ဗျာ။ ကျွန်တော်တို့မှာလည်း အခြားပြောစရာ သိပ်မရှိလှပါဘူး၊ ခုလို ရွှေလမ်းငွေလမ်း



ဖောက်တဲ့နေရာတွေမှာ လူကြီးချင်းလည်း ကြည်ဖြူ၊ လူငယ်ချင်းလည်း မေတ္တာမျှကြတာမို့ ကြည်နူးမဆုံးပါဘူး။ လူကြီးမင်းမိသားစုတိုလည်း ခုနက ဆရာဦးသာစု ပြောပြသလို ဆွေမျိုးရင်းချာလိုပဲ မှတ်နေပြီးပါပြီ၊ ဒါကြောင့်မို့ ရှေ့လာမယ့်ထိမ်းမြားလက်ထပ်ပေးကြဖို့ အစီအစဉ်ကို နှစ်ဖက်မိဘလည်းစုံတုန်း ဟောဒီက မြို့နယ်ပြည်သူ့တရားသူကြီး ဟိုဘက်က မြို့ခံပြည်သူ့ရဲတပ်ဖွဲ့ စခန်းမှူးနဲ့ အားလုံးသော ရပ်မိရပ်ဖများရှေ့မှာ ဆွေးနွေးညှိနှိုင်းကြရင် ကောင်းပါလိမ့်မယ်လို့ ကျွန်တော် စကားပြန်ကြားအပ်ပါတယ်"

ထိုလူကြီး စကားပြောနေစဉ်အတွင်းတွင် ကျွန်တော့်အဖေသည် ဘေးကလူများအခြေအနေကိုကြည့်ပြီး ပြုံးလိုက်၊ ဣန္ဒြေရရနေလိုက် လုပ်နေပါသည်။ အမှန်တော့မူ အဖေသည် ထိုလူကြီး၏စကားများကို ကြားရသူ မဟုတ်ချေ။ ထို့ကြောင့်ပင် ထိုလူကြီး၏စကားဆုံးလျှင် အဖေကတစ်လှည့် စကားဆက်ပြန်ပါသည်။ အမှန်မှာ စေ့စပ်ခြင်းစကား ဆုံးခန်းတိုင်ပြီဖြစ်ပြီး လက်ထပ်ဖို့ ရက်မြတ်ရွေးရတော့မည် ဖြစ်ပါသည်။ သို့သော် အဖေသည် စေ့စပ်ခြင်းစကားဆုံးသေးဟုအထင်ဖြင့် စကားဆက်ခြင်း ဖြစ်ပါသည်။ ကျွန်တော်ကော ကျွန်တော့်အစ်ကိုပါ အမေ့ကို လှမ်းကြည့်ရင်း ပြုံးမိပါသည်။ အမေသည်လည်း ဘာလုပ်ရမည်မသိဖြစ်ပြီး မျက်နှာအထားရခက်နေရှာပါသည်။ အဖေကမူ-

"ကျွန်တော်တို့ သားသမီးများဟာ မိကောင်းဖခင် သားသမီးဖြစ်ရုံနဲ့ မလုံလောက်ပါဘူး၊ သားတောင်းသမီးတောင်းများလည်း ဖြစ်ရပါမယ်" ဟုအစချီကာ အိမ်ထောင်ရေးဋီကာ ဖွင့်နေ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်၊ အဖေ့စကားအဆုံးတွင် တစ်ဖက်မှ လူကြီးတစ်ယောက်ကလည်း အားနာစွာဖြင့် အဖေ့စကားကြောင်းကို လိုက်ထောက်ခံရပါသည်၊ သူတစ်လှည့် ကိုယ်တစ်လှည့်ဖြင့် တော်တော်ကြာသွားပါသည်။ အမေကမူ-

"ကျွန်မမှာ သားတွေသာရှိတာမို့ သမီး လိုချင်ခဲ့ပါတယ်၊ ခု ရပါပြီ" ဟူ၍သာ ဝင်ပြောပါသည်။ နောက်ဆုံး သတို့သမီးလောင်း၏ဖခင်က 'လက်ထပ်ထိမ်းမြား' ဖို့ရက်ကို နှစ်ဖက်မိဘသဘောတူ ဆွေးနွေးထားပြီးဖြစ်ကြောင်း စကားကြောင်းသင့်သလို ဝင်ပြောလိုက်မှ အစစပြီးပြေသွားတော့၏၊ ထို့နောက်တော့ အားလုံးသော လူကြီးများသည် မင်္ဂလာရှိသော အာလာပသလ္လာပစကားများကို ပြောဆိုနေကြလေတော့သတည်း။

◇ ◇ ◇

ကျွန်တော်သည် ထူးခြားသော အဖြစ်အပျက်တစ်ခုခုနှင့် ဆုံစည်းရတိုင်း ထိုအဖြစ်အပျက်ကိုမူတည်၍ ဝတ္ထုရေးလိုစိတ် အမြဲရှိခဲ့ပါသည်၊ ပျော်စရာကြုံရလျှင်လည်း တစ်ပါးသူများပါ ပျော်ပါစေဟု စေတနာနှင့် ဝတ္ထုရေး၏၊ ကြေကွဲစရာကြုံရလျှင်လည်း တစ်ပါးသူများအဖို့ တိုယ်ချင်းစာနိုင်ကြပါစေဟု စေတနာနှင့် ဝတ္ထုရေး၏၊ ခုလည်း လူကြီးစုံရာနှင့် ကျွန်တော့်အစ်ကိုအတွက် စေ့စပ်ကြောင်းလမ်းခြင်းကိစ္စ လုပ်နေစဉ်လည်း ထိုအခြေအနေ အဖြစ်အပျက်တိုမူတည်၍ ပျော်စရာကောင်းသော ဝတ္ထုတိုကလေးတစ်ပုဒ်



ဘယ်လိုရေးရပါ့ဟု စဉ်းစားနေမိပါသည်၊ စဉ်းစားနေရင်းမှလည်း လူကြီးသူကြီးတို့ ပြောဆိုရယ်မောနေကြသောစကားများကို နားစွင့်နေမိပါသည်၊ ထိုစဉ် စောစောက မြို့နယ်ပြည်သူ့ကောင်စီ ဥက္ကဋ္ဌဆိုသူ လူကြီး၏အသံကို ကြားလိုက်ရပါသည်၊

"မင်္ဂလာအခမ်းအနား ကြီးကြီးကျယ်ကျယ်မလုပ်ဘဲ ဒီမြို့တလေးမှာပဲ မင်္ဂလာဆွမ်းကပ်မယ်ဆိုတဲ့ အစီအစဉ်တော့ တကယ်ပဲကြိုက်သဗျ၊ ချွေတာရေးလည်း ကျတယ်၊ ခေတ်နဲ့စနစ်နဲ့လည်း အံဝင်ပါတယ်၊ ဒါပေမဲ့ဗျို့ ကျုပ်တို့အရပ်က လူကြီးတွေကိုတော့ အချိုပွဲလေး ဘာလေးနဲ့ ဧည့်ခံရမယ်နော် ဒါပဲ"

မြို့နယ်ကောင်စီဥက္ကဋ္ဌကြီး၏ပြက်လုံးတို အားလုံး သဘောကျ ရယ်မောလိုက်ကြပါသည်၊ ထိုစဉ် ဘုရားစင်အောက်တည့်တည့်၌ ထိုင်နေသူတရားသူကြီးဖြစ်သူက -

"မရဘူး မရဘူး၊ ရေနွေးကြမ်းပဲဗျို့၊ အစစအရာရာ ရှားပါးတယ်" ဟူ၍ ပြန်နောက်ပါသည်၊ အားလုံး ပွဲကျသွားပြန်ပါသည်၊

"ဘယ်ဖြစ်မလဲဗျ၊ ဒါ မင်္ဂလာရှိတဲ့ ပွဲကောင်းပွဲမြတ်ပဲ၊ အနည်းဆုံး ကော်ဖီနဲ့မုန့်လောက်တော့ လုပ်ရမှာပေါ့"

"နို့ဆီနဲ့ သကြား ရှားတယ်ဗျ"

"အောင်မာ. . . မြို့နယ်တောင်စီဥက္ကဋ္ဌကြီးက ထုတ်ပေးမှာပေါ့၊ မဟုတ်ဘူးလား"

"ဟား. . . ဟား. . . သမဆိုင်မှာ အလုံအလောက်ရှိလို့လား၊ စားသုံးသူတောင် ခွဲတမ်းနဲ့ပေးနေရတာ"

"အပြင်က ဝယ်ပြီးလုပ်ပေါ့၊ သမီးရှင်၊ သားရှင်တွေတတ်နိုင်သားပဲ "

www.burmeseclassic.com

www.burmeseclassic.com



"အို. . . ရှိတာမရှိတာနဲ့ မဆိုင်ပါဘူး၊ ချွေတာရေးဟာ ကောင်းတယ်"

သားရှင် သမီးရှင်များကား ဘာစကားမျှ ဝင်မပြောဘဲ ပြုံးပြုံးပြုံးပြုံး လုပ်နေကြ၏။ သူတို့စိတ်ထဲတွင်မူ ကော်ဖီပွဲ၊ မုန့်ပွဲ သာမက ရပ်မိရပ်ဖများကို ကျကျနန ကျွေးမွေးဧည့်ခံမည်ဟု စိတ်ပိုင်းဖြတ်ထားပုံရသည်။ ကျွန်တော်၏စိတ်ထဲတွင်လည်း ရန်ကုန်က အင်းလျားလိပ်၊ ကရဝိက်မှာ ဧည့်ခံသည်ထက် ခုလို မြို့ငယ်ကလေးမျိုးတွင် မြန်မာဆန်ဆန် အလှူလုပ်ခြင်းက ပို၍ သင့်လျော်သည်ဟု ထင်မိပါသည်။ မည်သို့ပင်ရှိစေ ရပ်မိရပ်ဖများကတော့ အထက်ပါကဲ့သို့ တစ်ယောက်တစ်ပေါက် နောက်ပြောင်ရယ်မောနေကြလေသည်။ ထိုစဉ် ဆေးပြင်းလိပ်နှင့် လူကြီးတစ်ယောက်က ဣန္ဒြေဆည်လိုက်ပြီး -

"ကဲ. . . ကဲ ပျော်စေပြက်စေ ကလက်စေဆိုပြီး ခုလို နောက်ပြောင်နေကြတာတော့ ထားလိုက်ပါ၊ ရှားပါးတာကတော့ တရာယ့်ကို ရှားပါးတာဗျ" ဟု အတည်ပေါက် နှက်လိုက်ပါသည်။

မြို့နယ်ပြည်သူ့တောင်စီဥက္ကဋ္ဌကြီးကလည်း အားကျမခံပေ။

"ရှားမှာပေါ့၊ ခင်ဗျားတို့ အလုပ်မှ မလုပ်ကြဘဲ"

"ကျုပ်တို့က မြန်မာလူမျိုးဗျ၊ ဒီအရွယ်ရောက်ရင် အလုပ်မလုပ်ချင်ဘူး၊ ဘုရားတရားနဲ့ အေးအေးနေချင်ပြီ"

"အလုပ်လုပ်ရင်း ဘုရားတရားနဲ့နေလို့လည်း ရသားပဲဗျ၊ အဲဒါ ခက်တာပေါ့၊ ကျုပ်တို့ မြန်မာတွေ"



"ဘာခက်ရမှာလဲ၊ ကျုပ်တို့ ဘိုးဘွားဘီဘင်လက်ထက်ကတည်းက ဒီလိုပဲ နေလာခဲ့တာပဲ"

"အဲဒီလက်ထက် လူဦးရေ ၁၆ သန်း၊ အခု ၃၂ သန်း ဆိုတာလည်း ထည့်တွက်ပါဦး"

"အဲဒီတုန်းက သကြားစက်တစ်စက်တည်းရှိပြီး ခု သကြားစက် လေးစက်ရှိနေပြီဆိုတာလည်း ထည့်တွက်မှပေါ့"

"သကြားစက်တွေ ရှိတာပဲ၊ အဲဒီစက်တွေ လည်ပတ်နိုင်ဖို့ ကြံက အလုံအလောက်မှမရဘဲ ဒါလည်း ထည့်တွက်ဦးမှပေါ့"

"ကြံတွေ တိုးစိုက်ပေါ့ဗျ"

"အို. . . အစိုးရအနေနဲ့ကတော့ ကြံမှမဟုတ်ဘူး လူသုံးကုန် ပစ္စည်းမှန်သမျှ ပိုလျှံနေအောင် ထုတ်လုပ်ချင်တာပဲ၊ ခင်ဗျားတို့က အလုပ်မှမလုပ်ကြတာ"

"အို. . . သိပ်လုပ်တာပေါ့"

"ဘာလုပ်တာလဲ မှောင်ခိုလား"

"ခဏတော့ ဟုတ်တာပေါ့၊ ရေရှည်လည်းဖြစ်၊ ဘယ်သူ့အကျိုးမှလည်း မထိခိုက်တဲ့အလုပ်မျိုးကို ပြောတာ"

"အို. . . ဘယ်သူ့ကို ထိခိုက်တာလိုက်လို့"

"အင်း. . . ဒီကိစ္စကို ပြောရရင်တော့ တစ်နာရီ နှစ်နာရီနဲ့ မပြီးနိုင်ဘူး၊ အကြာကြီး ပြောယူရမယ်"

ရပ်မိရပ်ဖများ ဘတစ်ပြန်ကျားတစ်ပြန် ပြောဆိုနေကြသည်မှာ အတည်လိုလို အပျော်အပြက်လိုလို ဖြစ်နေ၏။ ဧည့်သည်အားလုံးကလည်း ရယ်ကာမောတာဖြင့် အားပေးအားမြှောက် ရှိကြ

www.burmeseclassic.com

www.burmeseclassic.com



၏။ ဝင်ရောက်ဆွေးနွေးသူကလည်း မရှားချေ။ ကျွန်တော်သည်လည်း စကားအကျကိုလိုက်၍ ရယ်မောနေမိ၏။ သို့ရာတွင် တဖြည်းဖြည်းနှင့် ကျွန်တော့်ပါးစပ်တွေ ညောင်းလာ၏။ ကျွန်တော့်ရင်ထဲတွင်ကား ရယ်ချင်စိတ် ကုန်ခန်းသွားပါပြီ။ တစ်စုံတစ်ရာသည် ကျွန်တော့်၌ ဆွေးမြည့်စရာအဖြစ် ပူးကပ်နေပါပြီ။

သားရှင်သမီးရှင်မိဘများကား သူတို့၏ သားရေးသမီးရေးအတွက် ပီတိတွေ ဖြာဝေနေသည်ဖြစ်ရာ အထက်ပါစကားဝိုင်းနှင့်ပတ်သက်၍ ဘာမျှအလေးအနက်မရှိဘဲ ပြုံးရုံသာ ပြုံးနေကြပါသည်။ စေ့စပ်ကြောင်းလမ်းခြင်းကိစ္စနှင့် တိုက်ရိုက်မပတ်သက်ဘဲ သွယ်ဝိုက်၍သာ ပတ်သက်ကြကုန်သော ရပ်မိရပ်ဖများကသာ အထက်ပါစကားဝိုင်း၌ လေးနက်နေကြ၏။

ကျွန်တော်သည် သားရှင်သမီးရှင်မိဘများကဲ့သို့ ပျော်ပြက်စေသဘောဖြင့်လည်း ပီတိပြုံး မပြုံးနိုင်။ ရပ်မိရပ်ဖများကဲ့သို့လည်း အတည်ပေါက် ဝင်ရောက်မဆွေးနွေးနိုင်နှင့် မအီမလည်ဖြစ်နေရပါသည်။ ကာယကံရှင်ဖြစ်သူ ကျွန်တော့်အစ်ကို၏စိတ်၌မည်သို့ ခံစားနေရမည်ကား ကျွန်တော် မမှန်းဆတတ်ပါ။

✧ ✧ ✧

ကျွန်တော့်အစ်ကို၏ စေ့စပ်ပွဲသည် အောင်မြင်စွာ ပြီးဆုံးခဲ့ပါပြီ။ စေ့စပ်ပွဲပြီးလျှင် ထိမ်းမြားလက်ထပ်ဖို့ရက်မြတ်ကို ရွေးကြရပါမည်။ ထိုအခါကျလျှင် ခုထက်ပျော်ဖို့ ကောင်းပါလိမ့်မည်။ မြို့ခံ



ဆရာတော်ကို မင်္ဂလာဆွမ်းကပ်ရပါမည်။ သတို့သမီးကို ဝတ်၍ရွှေကြိုး၊ ငွေကြိုးတားပြီးသကာလ ကျွန်တော့်အစ်ကိုကို ကာလသားများက ကျီစယ်ကစားကြပါလိမ့်မည်။ ကျွန်တော့်အဖေနှင့် အမေတို့သည် သားဦး၏မင်္ဂလာပွဲ၌ 'သကြား' ကဲ့သို့ ချိုသောအပြုံးဖြင့် ပီတိတွေ တဖျတ်ဖျတ် ခတ်ကြပါဦးမည်။ ထိုနည်းအတူပင် သတို့သမီး၏ မိဘများသည်လည်း 'သကြား' ကဲ့သို့ပင် ချိုချိုပြုံးကြပါလိမ့်မည်။ ရန်ကုန်မှ နီးစပ်ရာဆွေမျိုးမိတ်သင်္ဂဟများလည်း ထိုမြို့ကလေးမှာ ပျော်ပျော်ပါးပါး ဆုံစည်းကြပါလိမ့်မည်။ ကျွန်တော်သည် အဖေ့မော်တော်ကားအစုတ်ကို ယခုတစ်ခါကဲ့သို့ မဖြစ်ရအောင် ပိုမိုကြပ်မတ်ပြုပြင်ရပေဦးမည်။ ထိုအခါကျလျှင် ကျွန်တော့်အဖေ၏ မော်တော်ကားသည် ခရီးလမ်းတွင် ဒုက္ခလုံးဝမပေးဘဲ ရှိလိမ့်မည်။ စေ့စပ်ကြောင်းလမ်းရန်သွားကြစဉ်က ကားခဏခဏပျက်သည်ကို ရယ်စရာပြက်လုံးအဖြစ် တစ်လမ်းလုံးပြောပြီး သတိတရ ရယ်မောကြပေဦးမည်။ အဲ . . . လက်ထပ်ပွဲပြီးလျှင်တော့ ကျွန်တော့်အစ်ကိုသည် အိမ်ထောင်သည်ဘဝတွင် ကျင်လည်ရုန်းကန်ရတော့မည်။

သူ ပြီးလျှင်တော့ ကျွန်တော့်အလှည့်သည် ရောက်ထိုက်ကောင်းပါသည်။ ကျွန်တော့်ကို မေတ္တာမျှနိုင်မည့်သူ တစ်ယောက်တလေတော့ဖြင့် ပေါ်ပေါက်လာတန်ကောင်းပါသည်။ တစ်ယောက်မ၍များ ကျွန်တော့်အလှည့်သည် ရောက်ရှိလာသည်ဆိုအံ့။

ကျွန်တော့်အစ်ကိုတုန်းကထက်ပင် ကျွန်တော် ပျော်ရပေဦးလိမ့်မည်။ ကျွန်တော့်အလှည့်ရောက်လျှင် ခုလို ခရီးသွားရချင်ရပေလိမ့်မည်။ ထိုအခါကျလျှင် ကျွန်တော့်အဖေ၏ ကားစုတ်ကို

www.burmeseclassic.com



မသုံးတော့ဘဲ သူငယ်ချင်းတစ်ယောက်ဆီက အပျံစားကားကို အလကားချေးဖြင့် ငှားရမ်းမည်။ လမ်းတွင် အမေက ဘယ်လောက်ပဲ ရှုံ့ရှုံ့ပေါက်ချင်ပေါက်ချင် မညည်းစတမ်း ရပ်ပေးမည်။ အတွေ့ အကြုံ တစ်ခါရှိပြီးသောအဖေသည် ကျွန်တော့်အလှည့်ကျလျှင် စေ့စပ်ကြောင်းလမ်းခြင်းကိစ္စအတွက် ဘာမှအခက်အခဲရှိတော့မည် မဟုတ်။

ကျွန်တော်၏အတွေးသည် ဆက်လက်ကွန့်မြူးနေပါသည်။ ကျွန်တော်၏စေ့စပ်ပွဲသည် ဇာတ်မင်းအရိပ်ကဲ့သို့ ဝိုးတဝါး ပေါ်ပေါက်လာပါသည်။ နှစ်ဖက်မိဘများ၏ မျက်နှာတို့သည်လည်း စောစောက ဆိုခဲ့သော 'သကြား' ထက်ပင် ချိုမြကြပါလိမ့်မည်။ အို. . . အစစ အရာရာ ကျွန်တော့်အစ်ကိုတုန်းကထက် သာလွန်စေရမည်၊ ရပ်မိ ရပ်ဖများသည်လည်း ခုထက်ပို၍ စုံလင်ပြည့်မြောက်စွာ တက်ရောက် ကြပါစေသော်။

ထို ရပ်မိရပ်ဖတို့သည် ကျွန်တော်တို့ ဇနီးမောင်နှံအတွက် အာလာပသလ္လာပ စကားတို့တို ဆိုကြပါလိမ့်မည်။ သူတို့စကား များကို ဝိုးတဝါး ကြားလိုက်မိပါသည်။ ကျွန်တော့်အတွေးစသည် တိခနဲ ပြတ်သွားပါသည်။ ဘာကိုမှန်းမသိ စိုးထိတ်ပူပန်မိပါသည်။ တစ်ဆက်တည်းမှာပင် ကျွန်တော့်အစ်ကိုအတွက် ပျော်စရာကောင်း သော ဝတ္ထုကလေးတစ်ပုဒ်ရေးဦးမည်ဟူသော ကျွန်တော့်စိတ်ကူး သည်လည်း ပျောက်တွယ်သွားပါတော့သည်။ ကျွန်တော့်အာရုံသည် လက်ရှိစေ့စပ်ပွဲသို့ ပြန်ရောက်လာပါသည်။



ထိုအချိန်တွင် ကျွန်တော့်အစ်ကိုနှင့် သတို့သမီးလောင်း တို့သည် အတူယှဉ်တွဲ၍ လူကြီးမိဘများ၊ ရပ်မိရပ်ဖများကို ဦးချ ကန်တော့နေကြပြီ ဖြစ်ပါသည်။ အားလုံးထဲတွင် အသက်အကြီးဆုံး ဟုဆိုသော အဘိုးအိုတစ်ယောက်သည် မင်္ဂလာမောင်မယ် လောင်းများ အတွက် အလွန်ရှေးကျသော ဆုတောင်းကို သာယာနာ ပျော်ဖွယ် ရွတ်ဆိုနေ ပါသတည်း။

"အဘိဝါဒန သီလိဿ၊
နိစ္စံဝုဍ္ဎာ ပစာယိနော၊
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊
အာယုံဝဏ္ဏော သုခံဗလံ။"

၁၉၇၆ ခုနှစ် အောက်တိုဘာ
ရှမ်းပြည်

www.burmeseclassic.com

www.burmeseclassic.com

# အသုဘ



# အသုဘ

ကျွန်တော်တို့ မွေးခါစကတည်းက ကျွန်တော့်အမေနှင့် အမေ မွေးစားထားသူနှစ်ယောက် ရှိပါသည်။

အမာနှင့် အစိန်ဟူ၍ ဖြစ်ပါသည်။

ကျွန်တော်တို့နှင့်စာလျှင် ဒေါ်လေးများအရွယ်သို့ ယခုအခါ ရောက်ရှိနေပြီဖြစ်သော်လည်း 'အမာ' 'အစိန်' ဟူ၍ပင် ကျွန်တော်တို့ နှုတ်ကျိုးနေပါပြီ။

လူကြီးများခေါ် သည်တို ငယ်ငယ် စကားတတ်စအရွယ်တ သံယောင်လိုက်ခေါ်ရင်း နှုတ်ကျိုးသွားဟန်တူပါသည်။

ကျွန်တော် ပြောလိုသည်မှာ သူတို့နှစ်ယောက်၏ စရိုက် သဘာဝချင်း ကွားခြားသည်ကို ဖြစ်ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်စလုံးသည် ယခုအခါတွင် အိမ်ထောင်သားမွေးမှု၌ တစ်ဖက်ကမ်းခတ်နေကြပြီဖြစ်ရာ တစ်ယောက်စီတွင် သားသမီး ခြောက်ယောက်စီ ရှိနေကြပါပြီ။

အိမ်သို့ အတူတူရောက်ခဲ့ကြပြီး အိမ်မှ အလုပ်သမားများနှင့်ပင်ညားကာ တစ်ယောက်ကနှစ်ယောက်ဆိုလျှင် နောက်တစ်ယောက်က နှစ်ယောက်ဟူ၍ တစ်ယောက်တစ်လှည့် မွေးကြသည်အထိ တူကြသည်။ ရေစက်ဟုပင် ဆိုကြပါစို့။ နောက်ပြီး နှစ်ယောက်စလုံး မွေးလိုက်တာ ယောကျ်ားလေး သုံးယောက်၊ မိန်းမလေး သုံးယောက်တဲ့။

မတူတာက သူတို့နှစ်ယောက်၏ စရိုက်သဘာဝများ။

တခြား မကြည့်ပါနှင့်။ သူတို့ကလေး ခြောက်ယောက်ချင်းကိုက မတူ။ 'အမာ့' ကလေးတွေက သနရုပ်ပ မရှိသလောက် 'အစိန့်' ကလေးက ဘယ်အချိန်ကြည့်ကြည့် သနပ်ခါးဖွေးသား။ ကျွန်တော့်မှာ တူ တူမကလေးများရယ်လို့ နမ်းချင်လျှင်တောင် အစိန့်ကလေးများကို ဘယ်နေရာနမ်းနမ်း အချိန်မရွေး မွှေးလို့ကြိုင်လို့။ အဲ. . . အမာ့ ကလေးများတို့ နမ်းချင်ပြီဆိုလျှင် ဗိုက်ကိုလှန်နမ်းရ၏။ အခြားနေရာ များကား ကြေးအလိမ်းလိမ်း၊ ဖုန်အလိမ်းလိမ်း၊ သဲအလိမ်းလိမ်းနှင့်။ နို့ညှာကောင်ဆိုလျှင် နမ်းစရာနေရာတောင် မရှိ။ အမြဲတမ်း ကိုယ်တုံးလုံး၊ ဝေးတန်းလန်းနှင့်။

ကလေးတွေကို ပေချေလတန်ထားလို့ သူ့ကိုယ်သူကော ကြော့ မော့နေသလားဆိုတော့ တစ်သားမွေး တစ်သွေးကျဆိုသလို



နဂိုကမှ အဖုအထစ်ဆိုလို့ ဗိုက်ခေါက်တစ်ခုသာရှိသော အမာသည် သုံးလေး ရက်တစ်ခါမှ ရေချိုး၏။ ထဘီမှန်သမျှ ကြေးအကွက်ကွက်၊ မြင်မကောင်း။ အင်္ကျီဆိုလျှင်လည်း အတွင်းခံအင်္ကျီမပါ။ သည်ကြားထဲ ဗိုက်သား၊ ခါး၊ ကျောသား ပေါ်နေတတ်သေး။ ဆံပင်တတော့ အမြဲတမ်း ဖားလျားချထား၏။ ဒါတစ်ခုတော့ ဂျူလိယက်ဟူ၍ သူ့ဘက်က ဘက်လိုက်ချင် လိုက်လို့ရသေး၏။

တစ်နေ့ တစ်နေ့မှာ အလုပ်ဟူ၍ မည်မည်ရရမရှိ။ မနက်မိုးလင်းလျှင် ကလေးတွေက သူ့ကို နှိုးရသည်။ နိုးတော့မှ ပါးလုတ်တျင်း၊ မျက်နှာသစ်ပြီး ကလေးအကြီးဆုံး မြင့်မြင့်ကို ဈေးသွားခိုင်း၊ တတိယ မိဂ္ဂကိကို အိပ်ရာလိပ်ခိုင်း (မသိမ်းချင်သော်လည်းမရ၊ အိမ်မှာ အခန်းမရှိ၊ ဟင်းလင်းပြင် (၁၅) ပေ ပတ်လည်။) နို့ညှာမလှ့ထွေးက တံမြက် စည်းမနိုင့်တနိုင်နှင့် တစ်အိမ်လုံးလှည်း။ အငယ်ဆုံးကောင် ဖိုးလမင်းကတော့ မျက်နှာမသစ်၊ အင်္ကျီမဝတ်၊ နှပ်ချေးတွဲလောင်းနှင့် ရွာရိုးလျှောက်သွား စသည်ဖြင့်။

'အမာ' ဘာလုပ်သနည်း။

မုန့်ဟင်းခါးဆိုင် သွားသည်။

ပိုက်ဆံရှိလျှင် ဆိုင်မသိမ်းမချင်း အတင်းတကာ့အတင်းပြောပြီး တစ်ပန်းကန်ပြီး တစ်ပန်းကန်။

ပိုက်ဆံမရှိလျှင်. . .

"ဒေါ်အေးကြည်၊ ဒေါ်ကြီးပဲတို့၊ မောင်သူမောင်လို့ တစ်ယောက်ယောက် လာစားရင် တောင်းထားလိုက်နော်"

မုန့်ဟင်းခါးဆိုင်မှ သူပြန်လျှင် နံနက် (၁၀) နာရီထော်ပြီ။

www.burmeseclassic.com



ဆိုင်မှာကြားလာရသမျှ သတင်းများထဲက နီးစပ်ရာအိမ်သို့သွားပြီး သတင်းမေးလေကြောရှည်ပြန်သည်။ အိမ်ပြန်ရောက်တော့ ထမင်းဟင်းကျက်ပြီ။ ဟင်းဆိုရာ၌ ချဉ်ရည်ဟင်း၊ ဘူးသီးပြုတ် စသည့်အမျိုးအစား။

"မေမေ ဆန် မရှိဘူး"

"သွား. . . အမေညိုဆီက သွားချေး"

"အမေ. . . အဖေက ပိုက်ဆံမရှိဘူးတဲ့ ချေးဝယ်ဖို့"

"ဒါလောက်ကလေးမှ ရအောင်မရှာနိုင်ရင်လည်း အလုပ်သမား တစ်ယောက်ဆီက ချေးခဲ့တာမဟုတ်ဘူး၊ ကိုင်း. . . သွား. . . မင်းလူ ဆီသွား၊ ငွေ ၃ ကျပ် ချေးပါလို့၊ သူ မရှိရင် ရွှေပဝဏ္ဏ တစ်ယောက် ယောက်ပေါ့။ နောက်ဆုံး ဘယ်ကမှမရရင် အမေညိုဆီက ပဲဟင်းတစ်ခွက်တောင်း၊ ဆရာလှအိမ်က ချဉ်ရည်တစ်ခွက်တောင်း၊ ဒေါ်ကြီး ပဲအိမ်က ငါးပိရည်၊ တို့စရာရယ်တောင်း၊ တစ်ခါတည်း ခွက်တွေပါယူ သွား"

ဤတား 'အမာ' ၏ စီးပွားရေးစီမံကိန်းကြီး ဖြစ်လေသည်။

သူယောက်ျား ကိုခင်မောင်သည် ကျွန်တော်တို့ ရုပ်ရှင်စက်အဖွဲ့တွင် မီးခလုတ်ဖွင့်သူ ဖြစ်၏။ ရုပ်ရှင်သက် အနှစ်အစိတ်ရှိပြီဖြစ်သော်လည်း ယခုထိ 'မီးခလုတ် ခင်မောင်'။

အချောင်က ရုပ်ရှင်ရိုက်ရှိလျှင် တစ်နေ့ ၅ ကျပ်။

ယခု - တစ်နေ့ ၂၀ ကျပ်။

သို့သော် ရုပ်ရှင်ရိုက်တာ နေ့တိုင်းရှိသည် မဟုတ်။ တစ်ခါတလေ တစ်လလုံးနေမှ ၃-၄ ရက် ရိုက်ရသည်။ သည်တော့လည်း



ဒါလောက် ကံဆိုးသည့် ငမိုက်သားတွေ ငတ်ကြပေရော့ဟု ကရုဏာဒေါသော ပြောဖို့ကောင်းသည်။

ဤရွေ့ဤမျှ စီးပွားလာဘ်လာဘ ရှင်တော်မူအပ်သော ဦးခင်မောင်၏ဇနီးသည်ကား ပူပင်ကြောင့်ကြမရှိ။ စောစောကပြောသလို မရှိလျှင် အိမ်တစ်အိမ်မှာ သွားတောင်းလိုက်ချေ သမီးရေ။

သည့်ထက်ဆိုးသည်မှာ တစ်ခါတစ်ရံ ဦးခင်မောင်သည် တစ်လကိုးသီတင်းဆိုသလို နယ်ထွက်ရုပ်ရှင်ရိုက်ရသဖြင့် (နယ်မှာ သွားရိုက် လျှင် လုပ်ခပိုရ၏။) မြတ်မြက်ကလေး ရလာပြီဆိုလျှင်တော့ သည်မှာ မှတ်ထား အမာတဲ့ဟေ့၊ တစ်အိမ်လုံး မုန့်ဟင်းခါးဆိုင်မှာ နေ့စဉ် တရှုန်းရှုန်း တုတ်ကြတော့သည်သာ၊ စုမည်ဆောင်းမည် မရှိ၊ နေ့ဖို့ ညစာ မရှိ၊ ရရသလို သုံးပစ်၏။ ကလေးတွေမှာ အကျီအဝတ်အစား ရှိမရှိ၊ ဖိနပ်ပြတ်နေသလား၊ ဘာညာလည်း မစဉ်းစား။

သူ့အလုပ်ကတော့ စောစောကပြောသလိုပင် တစ်အိမ်တက်ဆင်း၊ စကားလျှောက်ပြောခြင်း၊ နေ့ခင်းနေ့လယ် အိမ်ရှေ့တွပ်ပျစ်မှာ အိပ် ခြင်း၊ သန်းရှာခြင်း စသည်။

သို့ရာတွင် အမာ့တွင် အလွန်ချစ်စဖွယ်ကောင်းသော စရိုက်တစ်ခု ရှိသည်။ ဘယ်သူမှ လိုက်လို့မမီ။ စပ်စပ်စုစုနိုင်လှစွာ သူတို့မှ ပြုနိုင်သော အလုပ်။

ရပ်ကွက်ထဲ ဘယ်အိမ်အလှူလုပ်မယ် ကြားသည်နှင့် သူရောက်နှင့်ပြီး အိုးတိုက်ပန်းကန်ဆေး၊ ဘုန်းကြီးကျောင်းဆောင့်ပြည့်ဝင်အိုးငှား၊ ကြက်သားခုတ်၊ ငါးခုတ်၊ ထင်းခွဲ၊ ရေခပ် အကုန်လုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်ထဲ ဘယ်သူဖြင့် မီးဖွားတော့မည်ဆိုလျှင် လက်သည်ခေါ်မလား။ သုံးဘီး ငှားမလား။ ဆေးရုံမှာ စောင့်ပေးရမလား။ ဆေးရုံမှာ လိုအပ်သမျှသော ပစ္စည်းပစ္စယများကိုပါ လုပ်ပေးတတ်သည်။

ရပ်ကွက်ထဲ သာရေးနာရေးမှန်သမျှ 'အမာ' မပါလျှင် မပြီး။ တစ်ခါတစ်ရံ အမာမသိ၍ မလာလျှင် လိုက်ခေါ်တတ်သေး၏။ အမာကလည်း ချက်ချင်းပစ် ထလိုက်သွားတတ်၏။

အဲ. . . အထူးခြားဆုံးကတော့ 'အသုဘ' ကိစ္စ။ ထိုအနိစ္စ ရောက်သည်ကို အမာသိသည့်အချိန်မှစ၍ အသုဘချပြီးသည်အထိ အသုဘ အိမ်မှ မပြန်တော့ဘဲ ဟိုမှာပင်အိပ်၍ ကူညီတတ်သူ ဖြစ်လေသည်။

သူနှင့် ပတ်သက်သည် မပတ်သက်သည်အပထား ညှိသည်တစ်ယောက်လာလို့ ငိုလိုက်တိုင်း သူပါရောရောပြီး ငိုတတ်သည်။ အသုဘပြီးပြန်တော့ ရတ်လည်ဆွမ်း။ အမာ ပါပြန်ပါပြီ။

အမာသည် စဉ်းစားရအလွန်ကျပ်သော မိန်းမမျိုး ဖြစ်လေသည်။ လုပ်ကိုင်ကျွေးမွေးနေသော ယောကျ်ားကိုပင်လျှင် အလုပ်မှ အပြန် နောက်ကျခဲ့လျှင် ထမင်းဟင်းချန်မထားဘဲ အကုန်စားပစ်တတ်ပါလျက် သူများအရေးတွင် စေတနာ ထက်သန်လွန်းသည် တကား။

✣ ✣ ✣

'အမာ့' အကြောင်း ခုလောက် ပြောပြီးလျှင် 'အစိန့်' အကြောင်း ပြောစကား သိပ်မလိုပါ။ အမာနှင့် ဆန့်ကျင်ဘက်



ဆိုလျှင် လုံလောက်ပါပြီ။ ဆိုပါစို့၊ နံနက် (၈) နာရီလောက်ဆိုလျှင် လေးတွေအားလုံး သနပ်ခါးအဖွေးသား၊ ထမင်းကြမ်းခဲနှင့် ကြော်စားပြီးသား၊ ကျောင်းသွားကြဖို့ အဆင်သင့်၊ သူလည်း သွားဖို့ (ရေမချိုးအား သည့်တိုင်) သနပ်ခါးတော့ မျက်နှာပေါ်မှ တျား ရိုက်ပြီးပြီ။ သူ ဈေးသွားတုန်း သူ့လင်နိုးလာလျှင် စားဖို့ စ်ခုခု လုပ်ပြီးပြီ။

သူ့လင်သည်လည်း ဦးခင်မောင်လိုပင် မီးထိုးမှန်ပြ ရုပ်ရှင် ား၊ သို့သော် အစိန်က အိမ်နောက်ဖေးရော အိမ်ရှေ့ပါ ဈေးဆိုင် ည်သည်။ နောက်ဖေးမှာ ဘူးစင်၊ ခရမ်းခင်း၊ အိမ်ရှေ့မှာ ဆေးလိပ် မ်းယာ။

အဲ. . . အမာနှင့်စိတ်တူတာတစ်ချက်က ကူညီတတ်ခြင်း၊ ော' က ဘာဖြစ်ဖြစ်ကူညီပြီး အစိန်က လိုအပ်သလောက် သိသည်၊ ကိုယ်နှင့်မဆိုင်လျှင် မသိလိုက်ဘာသာ နေတတ်သည်။

* * *

တစ်နေ့ နေ့လယ်ပိုင်းက 'အမာ့' သမီး မိဂွက် ကျွန်တော့်ထံ ချက်မနှင့် အူယားဖားယား ပြေးလာသည်။

"မေမေ ဘာဖြစ်လဲမသိဘူး၊ အောင့်တယ်အောင့်တယ်နဲ့ ပြီး အိပ်ရာပေါ် လဲနေတယ်"

ကျွန်တော် စာရေးနေတုန်းမို့ နည်းနည်းတော့ စိတ်တိုသွား ည်၊ "ဘာတွေ လျှောက်၍ စားပြန်ပြီလဲမှမသိပဲ" ဟု စိတ်ထဲက လိုက်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



အမာ့အိမ်ရောက်တော့ အမာ၏ ညည်းညူသံနှင့် အိမ်
ချင်း ဒေါ်ကြီးပဲကိုသာ တွေ့ရသည်။ အခြား မည်သူမျှမရှိ။

"တိုင်း. . . ဒီအတိုင်းကြည့်နေလို့ မဖြစ်ဘူး၊ ဆေးရုံပို့

"အေး. . . အေး၊ ငါ သွားခေါ်မယ်"

"ဟာ. . . ဒေါ်ကြီးပဲကလည်း ဒေါ်ကြီးပဲ သွားခေါ်
ကျွန်တော် ဒီမှာ ဘာလုပ်ရမှာလဲ၊ ကျွန်တော်ပဲ သွားခေါ်မယ်"

သုံးဘီးထုံးစံအတိုင်း တော်တော်နှင့် ခေါ်မရ၊ မိ
နှစ်ဆယ်မျှကြာမှ တစ်စီးရသည်။ ကံကောင်းသည်။ ခရီးသ
ပါလျက်နှင့် ရပ်ကွက်ထဲအထိလိုက်ပြီး လူနာတင်ပေးမယ်၊ ခရီးသ
ကိုယ်၌ ကလည်း ကုသိုလ်ရတာပေါ့ဟု ပြောရှာသည်၊ သို့
သုံးဘီးကား အမာအိမ်သို့ ဆိုက်လိုက်ချိန်တွင် လူတစ်ယော
အသက်ထွက်ထွက် ချင်း တစ်ပြိုင်နက်တည်း ဝိုင်းငိုလိုက်ကြ
ငိုသံမျိုးကို ကြားလိုက် ရလေသည်။

✣ ✣ ✣

သည်နေ့ မွန်းလွဲ တစ်နာရီတွင် 'အမာ့' အသု
ချသည်။ အမာဆုံးပြီးသည်မှ သည်နေ့အထိ စုစုပေါင်း လူ (
ယောက်သာ လာကြသည်၊ ဖဲရိုက်ကြသည်။

ယခု အသုဘချတော့လည်း အိမ်နီးချင်း ကျွန်တေ
မိသားစုနှင့်ပါ ပေါင်းလူနှစ်ဆယ်သာသာ။



ပထမလည်းနှင့်ပင် ချမည်ဟုပြောသည်၊ ကားခမတတ်
နိုင်၊ ကျွန်တော်က ကားခစိုက်ပေးလိုက်၍ နည်းနည်းကြည့်ပျော်
ဖြစ်သွား၏၊ လိုက်ပို့သူများကတော့ ကျွန်တော်အပါအဝင် ခြေလျင်။

သင်္ချိုင်းသည် ကျိုက္ကဆံဘုရား (သယ်န်းကျွန်း) အနီးမှ
ဆင်းရဲသား ပိုင်ဆိုင်သော သင်္ချိုင်း။

ကျွန်တော့်အဘွား (အဖေ့ အမေ)၊ ကျွန်တော့်ကြီးတော်
(အဖေ့ အစ်မ) လည်း ထိုမှာပင် ရှိသည်၊ အုတ်ဂူမလုပ်သဖြင့်
ဘယ်နေရာမှန်း မမှတ်မိတော့ပါ။

ယခု ကျွန်တော် စဉ်းစားနေသည်မှာ မသာတကာ့ မသာ
များတွင် ကိုယ်နှင့် သိသိမသိသိ နေ့ညမဟူ ကူညီတတ်သော အမာ
၏ အသုဘ မစည်ကားခြင်းအကြောင်းပင် ဖြစ်သည်။

အစိန့်မသာဆိုလျှင်တော့ သည့်ထက်စည်ကား၊ လိမ့်မည်
ထင်သည်။

လူသည် စေတနာရင်းရှိသော်လည်း နေတတ်ဖို့လည်း
သို့ပေသည်။

မည်သို့ပင်ရှိစေ ကျွန်တော့်အဖို့ရာ၌ကား ပို့ခဲ့ဖူးသမျှ
အသုဘများတွင် 'အမာ့' အသုဘသည် ကုသိုလ်အရဆုံး အသုဘတ
ဆင်မိပါသည်။

၁၉၈၁ - ဇွန် ၉
မိုးလေယူး

www.burmeseclassic.com

www.burmeseclassic.com




## စာရေးဆရာ လူဆွန်းကို အသက်သွင်းခြင်း

ကမ္ဘာကျော် တရုတ်အမျိုးသား စာရေးဆရာကြီး လူဆွန်းကို ကျွန်တော် အလွန်သဘောကျပါသည်။ အထူးသဖြင့် သူ၏ သရော်စာတစ်ပုဒ်ကို ကျွန်တော် အကြိုက်ဆုံး ဖြစ်ပါသည်။

ထိုသရော်စာကို မြန်မာဘာသာသို့ ပြန်ဆိုပြီးသားအတိုင်း ကျွန်တော် ဖတ်ဖူးခဲ့ပါသည်။ ဘာသာပြန်သူမှာ မြန်မာစာပေလောက၌ သရော်စာ ရေးသားရာတွင် ထင်ရှားကျော်ကြားသော ဆရာကြီး 'မောင်ထင်' (ဦးထင်ဖတ်) ဖြစ်ပါသည်။

* * *

ထိုသရော်စာဝတ္ထု၏ အမည်မှာ 'လူသေကို အသက်သွင်းခြင်း' ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ရံရောအခါ ပညာရှိအမတ်ကြီး 'လောင်ဖူး' သည် တောလမ်းခရီးတွင် ခြေလျင်သွားလျက် ရှိ၏။ တစ်နေရာအရောက် ချုံဖုတ်၊ မြက်ဖုတ်များကြားတွင် လူဦးခေါင်းခွံတစ်ခုကို အမှတ်မထင် တွေ့ရလေ၏။ ပညာရှိကြီးလောင်ဖူးသည် ပင်ကိုပညာဗီဇအလို အားဖြင့် လည်းကောင်း ၊ လျှို့ဝှက်ချက်ကို တတ်သိလိုသော လူတို့၏ ဉာဉ်အားဖြင့်လည်းကောင်း ထိုဦးခေါင်းခွံကြီးအကြောင်းကို သိလို စိတ်ပြင်းပြမိ လေတော့သည်။

ထိုအခါ လောင်ဖူးသည် အရိုးခေါင်းခွံကြီးကို ခေါက်လျက်-

"သင်သည် လောဘ၊ ဒေါသ၊ မောဟတည်းဟူသော အကြောင်းများကြောင့် သေဆုံးရသလော"

"ကပ်ရောဂါဘေး တစ်ခုခုကြောင့် သေဆုံးရသလော"

"ဥပစ္ဆေဒကကံကြောင့် သေဆုံးရသလော" စသည်ဖြင့် မေးမြန်းလေ၏။

ပညာရှိအမတ်ကြီး လောင်ဖူး၏ ဆန္ဒကို ဆန့်ကျင်လျက် တောင်းပန်သော်လည်း မရသောအခါ ကံကြမ္မာနတ်မင်းသည် ထို အရိုးခေါင်းခွံကြီးကို အတိတ်က မူလရုပ်ခန္ဓာကို ဝိညာဉ်သွင်းပေး လိုက်ရလေတော့သည်။

ထိုအခါ အရိုးခေါင်းခွံဘဝမှ သူ့မူလ လူ့ဘဝသို့ တစ်မု ဟုတ်ချင်း ရောက်လေသည်။ ပြန်လည်အသက်ရှင်လာသော လူ၌ ထူးခြားမှု တစ်ခုမှာ အဝတ်အစား တစ်စုံတစ်ရာမပါဘဲ ဗလာကျင်း နေခြင်းပင် ဖြစ်လေသည်။



ပြန်လည်အသက်ရှင်လာသော ထိုလူသည် ချက်ချင်းပင် ညာရှိ အမတ်ကြီးကို ဆဲရေးတိုင်းထွာလျက် အကြမ်းဖက်လေ တော့သည်။

"သူခိုး. . သူခိုး မပြေးနဲ့။ ငါ ဒီနေရာမှာ မိုက်ခနဲတစ်ချက် ဖ်သွားတုန်း နင် ငါ့အဝတ်အစားများကို ခိုးယူသည် မဟုတ်လော"

"အို. . . သင်ဘာတွေ ပြောနေသနည်း။ ငါသည် သင့်၏ သက်သခင်ပညာရှိအမတ်ကြီး လောင်ဖူးပါ"

"အို. . . နင့်ကို ငါ မကြားမသိဖူးဘူး။ ငါသိသည်မှာ သတိရလာချိန်တွင် ငါ့အနီးမှာ သင်သာရှိနေသဖြင့် ငါ့ပစ္စည်း ယူသည် သင်ကလွဲ၍မဖြစ်နိုင်။ ငါ့အမေအတွက် လက်ဆောင်ရခဲ့ သော စွန်ပလွံသီးခြောက်တွေကော ဘယ်မှာနည်း"

"ငါ မသိပါ"

"ငါ၏ အဝတ်အစားတွေ ချက်ချင်းပြန်ပေး၊ သူခိုး"

"အို. . . ငါမှ မသိတာ"

"သို့ဖြစ်လျှင် သင့်အဝတ်တို့ကို ငါယူအံ့"

အသက်ရှင်လာသောလူသည် ပညာရှိအမတ်ကြီးကို တ်၍ လုံးလေတော့သတည်း။

နောက်ဆုံး နေပြည်တော်ရဲများရောက်လာမှ လောင်ဖူး တ်သာရာ ရလေတော့သည်။

ဆရာလူဆွန်း၏ မူလဝတ္ထုသွားမှာ ဤမျှသာ ဖြစ်သည်။ န်တော် စကားလုံးသုံးပုံ လွဲကောင်းလွဲပါလိမ့်မည်။ သို့သော် သည် တ်ကျော သဘောအတိုင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အလွန်ကြိုက်သော ဝတ္ထုတို ဖြစ်ပါသည်
ကျွန်တော် တစ်သက်စာ အရိုးစွဲသွားမည်မှာလည်း သေချာပါသည်

★ ★ ★

သူ၏ ရည်ရွယ်ချက်ကိုလည်း အောက်ပါအတိုင်း ကျွန်တေ
ခံစားမိပါသည်။

လက်တွေ့ဘဝနှင့် တင်းကွာသော စိတ်ကူးယဉ်မှု
မပြုအပ်ကြောင်းပင် ဖြစ်ပါသည်။ သေသွားသူကို အသက်သွင်း
မရနိုင်ကြောင်းကို 'သရော်စာ' ဖြင့် ဖော်ကျူးပါသည်။ ချဲ့ထွင်ယူ
ယူသလောက်ရနိုင်သော သံဝေဂအတွေးကို ပေးစွမ်းပါသည်။

ကျွန်တော်သည် ယခုပြောပြမည့် အကြောင်းအရာတွ
မိမိနှင့် မသက်ဆိုင်သောအလုပ်ကို မလုပ်သင့်ကြောင်းဟူသေ
အစတစ်စကို ဆွဲထုတ်တင်ပြပါမည်။

အဘယ့်ကြောင့်ဆိုသော် ဖမိုက်သား ကျွန်တော်သည်
မကြာသေးခင်ကာလက ဆရာကြီးလူဆွန်းကို အသက်သွင်းလိုက်
သောကြောင့်ပင် ဖြစ်ပါသတည်း။

★ ★ ★

၁၉၇၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးသေ
၁၉၇၉ ခု မတ်လ (၃) ရက်နေ့ နံနက်က ဖြစ်ပါသည်။



နှစ်ရက်ဆက်တိုက် လုံးဝ မအိပ်ဘဲ ထိုနေ့နံနက် ငါးနာရီကမှ အိပ်ပျော်သွားသော ကျွန်တော့်အား နံနက်ခုနစ်နာရီတွင် အိပ်ရာထဲ ဇွတ်ဝင်ပြီး နှိုးရဲသော သူငယ်ချင်းတစ်ယောက် ကျွန်တော့်အိမ်ရောက်လာပါသည်။ ဆန်နီညိမ်း ဖြစ်ပါသည်။ ဆန်နီညိမ်းသည် လက်ဝှေ့ကျော်ဆရာ ကျားဘညိမ်း၏ ဖအေတူသား လက်မှုအနုပညာ ရှင် ပန်းပုဆရာ ဖြစ်ပါသည်။

နှစ်နာရီလောက်သာ အိပ်ရသေးသော ကျွန်တော့်ကို ဆန်နီ လာနှိုးသောအကြောင်းကား သူနှင့်လည်းမဆိုင်သော၊ ကျွန်တော်နှင့်လည်း မဆိုင်သော ကပွဲကိစ္စတစ်ခု ဖြစ်နေခြင်းပင် ဖြစ်ပါသည်။

သူ ကျွန်တော့်ကို အိပ်ရာထဲဝင်နှိုးရဲသောအကြောင်းကို ပြောရသည်မှာ သူ ကျွန်တော့်ကို မည်မျှနှိုင်းစာကြောင်း သိသာစေချင်၍ ဖြစ်ပါသည်။

"ကျွန်တော်တို့ လာမယ့်ရွှေတိဂုံဘုရား တပေါင်းပွဲတော်မှာ တူရိယာလုလင်ပွဲသွင်းဖို့ အမိန့်ရထားတယ်ဗျို့"

"မလုပ်ပါနဲ့ဗျာ"

သူတို့ ပွဲမလုပ်ရန် ပြောခြင်းမဟုတ်ပါ။ ကျွန်တော့်ကို ဒုက္ခမပေးပါရန် တောင်းပန်ခြင်း ဖြစ်ပါသည်။ အကြောင်းမှာ တစ်ချိန်တုန်းက သူတို့ သည်လိုပဲပွဲတစ်ပွဲလုပ်ရာ ကျွန်တော့်ကို သီချင်းတူဆိုပေးဖို့ တောင်းဆိုခဲ့ပါသည်။ ကျွန်တော်ကလည်း သီချင်းဆိုပွဲများ၏ အထာကို သိသူမဟုတ်ရကား သူတို့လုပ်သော တူရိယာလုလင်ပွဲတွင် မြန်မာသံ သီချင်းများ ဝင်ဆိုမိရာမှ ပရိသတ်၏ ဆဲရေးတိုင်းထွာမှု

www.burmeseclassic.com



ခံယူလျက် စင်ပေါ်နှင့်စင်အောက် ရန်ဖြစ်ယူရသောအဖြစ်ထိ ရောက်ခဲ့ရပါသည်။

"မဟုတ်ပါဘူးဗျ၊ ဒီတစ်ခါက သီချင်းဆိုပေးဖို့ မဟုတ် ပါဘူး"

"ကျွန်တော်ကလည်း မကတတ်ဘူး၊ လက်မှတ်ရောင်း ဆိုရင် ရောင်းပေးပါ့မယ်"

"ပြဇာတ် က,ပေးဖို့ပါဗျာ"

"ဟာ ကျွန်တော် မကတတ်ဘူး"

"မဟုတ်ဘူးလေ၊ ပြဇာတ်တစ်ပုဒ်လောက် ရေးပေးရုံပါ"

"ဘယ်သူတွေ က,ဖို့လဲ"

"မင်းသားကတော့ စဉ်းစားထားတာ ကိုစိန်မြင့်ပဲ"

"ဒါဖြင့်လည်း စဉ်းစဉ်းစားစား လုပ်ကြတာပေါ့၊ ကိုစိန်မြင့်ကြီးပါ ကျွန်တော့်လို ခံရရင်မကောင်းဘူး၊ ပရိသတ်ချင်းက တူတာမဟုတ်ဘူးဗျ"

"သိပ်စဉ်းစားချိန် မရဘူး။ က,ရမှာက ဆယ်ရက်၊ ဆယ့်တစ်ရက်၊ ဆယ်နှစ်ရက်၊ သုံးည"

"ကိုစိန်မြင့်ကကော ရဝံ့မလား"

"ကဲ . . . ထတော့ဗျာ၊ ခုပဲ သူ့ဆီ သွားပြောကြည့်ကြရအောင်"

မတတ်သာသည့်အဆုံး အိပ်ချင်မူးတူးဖြင့်ပင် ကိုစိန်မြင့်ထံ သွားကြရပါတော့သည်။

ကိုစိန်မြင့်သည် ကျွန်တော်နှင့်ရော ကိုဆန်နီနှင့်ပါ ရင်းနှီးသူဖြစ်လေရာ စဉ်းစားရှုပင်မနေဘဲ လက်ခံလေ၏။



ထိုအခါ ကျွန်တော်ကပင် အားနာရပြန်သည်။

"နေဦးဗျ ခင်ဗျားကို ထိခိုက်မယ်ထင်ရင်တော့ မလုပ်နဲ့။ အားနာစရာ ဘာမှမရှိဘူး။"

"ထိခိုက် ထိခိုက်ဗျာ၊ ကျွန်တော် ခင်ဗျားတို့ကို ဒါလောက်တော့ ကူညီရမှာပေါ့"

ကိုစိန်မြင့် လက်ခံလိုက်ခြင်းသည် ကျွန်တော် ဒုက္ခရောက်ဖို့ 'မဲ' ပင်ဖြစ်ပါတော့သည်၊

★ ★ ★

နံပါတ်တစ် ဘာဇာတ်က,ရမှာလဲဟူ၍ စဉ်းစားရတော့သည်။ တူရိယာလုလင်နှင့် တွဲဖက်နိုင်မည့် ဇာတ်ဖြစ်ဖို့က အရေးကြီးပါသည်။

ကျွန်တော့် ဦးနှောက်ကလည်းတစ်မျိုး၊ ဒုက္ခသုခံကြုံရတော့ မည်ဆိုလျှင် ရွှေဉာဏ်တော်က စူးရောက်တတ်သည်။

ဆရာကြီးလူဆွန်း၏ လူသေရွာ အသက်သွင်းခြင်းဇာတ်ကို တင်ပြမည်။

ပြဇာတ်တို့၏ အစဉ်အလာသဘောမှာ ခံစားမှုအပိုင်းနှင့် သံဝေဂအပိုင်း တွဲဖက်ပါဝင်ရမည်။ ပြီးတော့ ကပြရမည်က တစ်ခန်းရပ်ပြဇာတ်။ ထို့ကြောင့် သည်ဇာတ်ကို ရွေးသည်။

ကိုစိန်မြင့် ပါဝင်သည့်အတွက် ဟာသရသပိုင်း စိတ်ချရပြီ။ ပြဇာတ်၏ မူလရည်ရွယ်ချက် (သံဝေဂအပိုင်း) က တောင်းပြီးသားပိုင်ပြီ။

www.burmeseclassic.com



ကျွန်တော်က ဤသို့ စိစဉ်သည်၊ လူရွှင်တော် ဦးသော်တာကို ယခုခေတ် သိပ္ပံပညာရှင်ကြီး 'အာသော်ဒူး' လုပ်ခိုင်းမည်၊ အရိုးခေါင်းခွံတစ်ခုကို မနေနိုင် မထိုင်နိုင် အသက်သွင်းလိုက်ရာ ဘကြီးတော်ဘုရား (စစ်ကိုင်းမင်းသား) လက်ထက်တော်အခါက ကြင်ရာတော်နှင့်အတူ တက္ကသိုလ်ပြည်မှပြန်လာသော မင်းသားတစ်ပါး ဖြစ်ပေါ်လာခြင်းပင် ဖြစ်တော့၏၊ ထိုမင်းသားသည် ကြင်ရာတော်နှင့် ပျော်မြူးနေချိန် ခိုးသားများ၏ တိုက်ခိုက်မှုကိုခံရပြီး သေဆုံးသွားခြင်း ဖြစ်၏။ ထိုမင်းသားအဖြစ်ကို ကိုစိန်မြင့်ကို အသုံးပြုမည်။

မင်းသား အသက်ဝင်လာသောအခါ အနောက်နိုင်ငံသားဝတ်စုံ ဝတ်ထားသူ ပရော်ဖက်ဆာနှင့် မင်းညီမင်းသားဖြစ်သူ ကိုစိန်မြင့် ပဋိပက္ခ ဖြစ်ရတော့သည်၊ စကားသုံးနှုန်းပုံကအစ အခြေအနေအားလုံး ကမောက်ကမ ဖြစ်ရပုံ၊ မင်းသားက ပရော်ဖက်ဆာကို သတ်မည် တကဲကဲလုပ်ပုံတို့ကို သံဝေဂနှင့် ဟာသ ရောနှောမည်၊ (မှတ်ချက်။ ။ဘကြီးတော်ဘုရားလက်ထက်က အင်္ဂလိပ်တို့သည် မြန်မာကို နယ်ချဲ့စပြုပြီ၊ အင်္ဂလိပ် မုန်းတီးသောကာလ ဖြစ်သည်)

မင်းသား ။ " သင်ဟာ မျက်နှာဖြူ မယ်ဇယ်ဘော်ရနီရဲ့ အစေအပါးလား၊ သင့်ကို သတ်အံ့"

ပရော်ဖက်ဆာ ။ "မယ်ဇယ်ဘော်ရနီဆိုတော့ အင်းဝခေတ်အင်္ဂလိပ်သံအမတ် မေဂျာဘာနေးကိုပြောတာ ဖြစ်ရမယ်၊ အင်း. . . ဒီမင်းသားဟာ စစ်ကိုင်းမင်းလက်ထက်က ဆုံးပါးတဲ့ မင်းသား ဖြစ်ရမယ်"



စသည်ဖြင့် ကျွန်တော် စိစဉ်သည်။

သဘောကတော့ ဆရာလူဆွန်း၏ အဆိုအမိန့်အတိုင်း လူသေကို အသက်သွင်းမိသဖြင့် ဒုက္ခရောက်ရပုံကိုသာ ပြဆိုပါသည်၊ နောက်ဆုံးပိတ် ပရော်ဖက်ဆာ အာသော်ဒူး (ဦးသော်တာ) မှာ မင်းသား၏ နောက်ပါကျွန်အဖြစ် ခ,စားသွားရပုံကို ဟာသနှော၍ ဇာတ်သိမ်းမည်။

ကောင်းပြီ၊ မင်းသမီး ဘယ်သူ့ကို ခေါ်မည်နည်း၊ ကျွန်တော့် အလိုကတော့ တော်ရုံတန်ရုံ က,တတ်ဆိုတတ်လျှင် တော်ပြီ။ အဓိက က မင်းသား၊

သို့သော် ပြဿနာက တက်သည်၊ ကျွန်တော် အစဉ်ပြောပြခဲ့သော နေ့ရက်ကပင် ဖြစ်ပါသည်၊ ကိုစိန်မြင့် ထိုနေ့က အကောင်းဆုံး အမျိုးသားဇာတ်ဆောင် ရွှေစင်ဆုကို ရရှိသည်၊

"ကိုသုမောင်၊ မင်းသမီးတော့ စဉ်းစားဗျာ၊ ကျွန်တော့်မှာ အကယ်ဒမီ ပူပူနွေးနွေးနဲ့ဆိုတော့ အကယ်ဒမီမင်းသမီးနဲ့ တွဲမှ သင့်မယ်ထင်တယ် "

ယခုတစ်လော ကျွန်တော်သည် အပြစ်မမြင်တတ်သော ရောဂါစွဲကပ်နေပါသည်၊ လူတို့သည် ကိုယ့်ဘဝနှင့်ကိုယ် မှန်သည်ချည်းဟု သဘောပိုက်နိုင်တတ်သည်၊ ဤနည်းဖြင့် ကျွန်တော့်စိတ်ကို ကျွန်တော် ငြိမ်းချမ်းစေခဲ့သည်။

ကိုစိန်မြင့် မှန်ပါသည်၊ သူ့အတွက် သည်လောက်တော့ ကျွန်တော်တို့ ဂရုစိုက်သင့်ကြသည်၊ အဘယ်ရှင်ဝ်ရှင်မင်းသားသည် သည်ကနေ့ အကယ်ဒမီရ နက်ဖြန်ခါကျတော့ ဖြစ်ကာဇာတ်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



ပြဇာတ်ကပါမည်နည်း၊ ကိုစိန်မြင့် က,ပေးဖော်ရသည်ကိုပင် ကျေးဇူး တင်ရမည်ပ။

သည်လိုနှင့် မင်းသမီး ရွေးကြသည်။ နွဲ့နွဲ့မူ(အကယ်ဒမီ) ကို စိတ်ကူးကြရသည်၊

"ဒါဆို မင်းသမီးဆီ သွားလိုက်ကြရအောင်"

ကိုဆန်နီက တင်ပြသည်။

"ခင်ဗျားတို့ချည်းသွားတာထက် ကျွန်တော်တို့ပါလိုက်ရင် ပို ကောင်းတာပေ့ါ၊ ရုတ်တရက်ကြီးဆိုတော့ မင်းသမီးကို ခင်ဗျား တို့လည်း အားနာနေရမယ်၊ ကျွန်တော်တို့ချင်းကျတော့ နားလည်မှု ပိုရှိတာပေ့ါ"

ကိုစိန်မြင့်က စေတနာစကား ဝင်ပြောပါသည်။

ကျွန်တော်ကတော့ ဘာမှ မပြောနိုင်ပါ။ ကျွန်တော့်တွင် တာဝန် တစ်ခု ပိုလာပြီ၊ မင်းသမီးအတွက် ဇာတ်ကွက်ဖြည့်ရ တော့မည်၊ နောက်တစ်နေ့ မင်းသမီးထံသွားမည်ဆိုလျှင် သည်နေ့ည ကျွန်တော့်မှာ ခေါင်းပူအောင် စဉ်းစားရတော့မည်။ မင်းသမီးကို တော်ရုံလျော်ရုံ ဖြင့် ပရိသတ်ရှေ့သို့ ကျွန်တော် ခေါ်မသွားနိုင်၊ ကျွန်တော့်မှာ တာဝန်ရှိသည်၊

ဤသို့ဖြင့် တစ်နေ့ မင်းသမီးထံ သွားကြသည်။ ၉-၃-၇၉ နေ့ ဖြစ်သည်။ ၁၀-၃-၇၉ နေ့တွင် စတင်ကပြကြမည်ဖြစ်ရာ ရုပ်ရှင်ရိုက် ဖို့တိုင်ပင် ရက်ချိန်းတော်တော်ကြာကြာ စောင့်ရသော မင်းသမီးကို ပြဇာတ်က,ဖို့အတွက် တစ်ရက်တည်းနှင့် စကားသွား ပြောရသည်မှာ အားနာစရာ ကောင်းလှပါသည်၊



ကျွန်တော့်မှာ သူငယ်ချင်းတွေကို အလုပ်ဖြစ်ပါစေတော့ဟု အားနာရတာတစ်ဖက်၊ ကိုစိန်မြင့်ကို အားနာရတာတစ်ဖက်၊ မင်းသမီးကို အားနာရတာတစ်ဖက်နှင့် မျက်နှာကို ဘယ်ထားရမှန်း ပင် မသိတော့။ ထို့ကြောင့်ပင် မင်းသမီးက ကျွန်တော့်ကို မှတ်ချက် ချသေးသည်။

"ကိုသုမောင်ကြီးက မျက်နှာသေလေးနဲ့ ဘယ်လို ဖြစ်နေ တာလဲ" ဟု။

မင်းသမီးကို ကိုစိန်မြင့်အပါအဝင် ဝိုင်းဝန်းပြီးနားချသော အခါမှ ပေးပါမည်ဟူသောကတိကိုတော့ ရလေတော့သည်။

"ကဲ . . ဒါရိုက်တာကြီး၊ ပြဇာတ်က ဘယ်တော့ တိုက်မှာလဲ"

"မလိုပါဘူးဗျာ ၊ သဘောကို ကျွန်တော် ပြောပြပါ့မယ်၊ လက်တန်း က,ကြတာပေါ့ "

"ဇာတ်မတိုက်ဘဲတော့ ဘယ်လို က,လို့ဖြစ်မလဲ"

သည်စကား ကိုစိန်မြင့်ကရော နွဲ့နွဲ့မူပါ ပြောကြ၏။ ဦးသော်တာ တစ်ယောက်သာ ပြဇာတ်ရည်ဝနေသဖြင့် ကျွန်တော်၏ အဆိုကို မကန့်ကွက်ဘဲ နေလေသည်။

"ကဲ. . . ဒါဖြင့်လည်း မနက်ဖြန် တိုက်ပေးမယ်ဗျာ"

တကယ်တော့ မင်းသမီးခမျာမှာလည်း သူကိုယ်ရေး ကိုယ်တာ ကိစ္စများနှင့် အလွန်အလုပ်ရှုပ်နေချိန်ဖြစ်လေရာ ကျွန်တော်တို့ကို အားနာလွန်း၍သာ ကူညီခြင်း ဖြစ်၏။ ကျွန်တော်က နက်ဖြန်တိုက် ပေးမယ်ပြောသော်လည်း သူ့မှာ အချိန်အခက်အခဲဗာ ရှိနေပြန်၏၊

သူ အားလပ်သည့် အချိန်ကို တင်ပြသောအခါ ကိုစိန်မြင့် ခမျာ အူယားဖားယား ဖြစ်ရပြန်သည်၊

www.burmeseclassic.com

www.burmeseclassic.com



"နက်ဖြန်ခါက ကျွန်တော်တို့ဇနီးမောင်နှံ အကယ်ဒမီရတဲ့ အထိမ်းအမှတ်အဖြစ် ညနေပိုင်း ကျွေးမွေးဧည့်ခံပွဲ ရှိနေတယ်ဗျ"

နောက်ဆုံး ပြဇာတ်တိုက်ဖို့ကိစ္စမှာ အူချာလိုက်ပြီး ဘာလုပ်ရမှန်းမသိအောင် ဖြစ်ကြရတော့သည်။ သည်လို ဖြစ်ကတတ်ဆန်း ကြီးတော့လည်း မင်းသမီးက မကေချင်ပါ။

"ကျွန်မ ကြောက်တယ် ကိုသုမောင်။ ပရိသတ်နဲ့တွေ့တဲ့ အခါ ကိုယ့်ဘက်က ပြည့်စုံမှ"

သူ့စကားကြောင့် သံဝေဂ တစ်ခုပင် ရလိုက်ပြန်ပါသည်။

ကျွန်တော်သည် ပရိသတ်နှင့် ထိတွေ့ဖို့ကိစ္စတွင် ဘယ်တော့မှ အဆင်သင့်ဖြစ်နေတတ်သူ မဟုတ်။ အစစပြည့်စုံသည့်တိုင် အနည်းဆုံး စင်ပေါ်ရောက်မှ လုံချည်ပြင်ဝတ်ရသည့်အဖြစ်မျိုးလည်း ရှိုးလှပြီ၊ တစ်ခုမဟုတ်တစ်ခုတော့ ကျွန်တော့်မှာ မပြည့်စုံမြဲ။

ကန်တော့ပါရဲ့၊ ပြောရဦးမည်၊ တစ်ခါကလည်း ရိုးရာလက်ဝှေ့ပွဲ တစ်ခုတွင် (ဆရာကျွားဘညိမ်း၏ပွဲပင် ဖြစ်သည်) အလံဆုရသူကို တက်ပြီး ဆုချီးမြှင့်ရာ စင်ပေါ်ရောက်မှ လုံချည်ကျွတ်ကျဖူးသည်။ မှတ်ကရော့. . . ကျွန်တော်။

မင်းသား မင်းသမီးဆိုသူများသည် အလွန် ဂရုတစိုက် နေအပ်ကြောင်းကို ကျွန်တော် သဘောပေါက်ပါသည်။

"အဲဒီတော့ ဘယ်လိုလုပ်ကြမလဲ"

"ကျွန်မ ညနေ ဦးစိန်မြင့်ဆီ ဖုန်းဆက်လိုက်မယ်။ ဒီကြားထဲမှာ လည်း ကိုသုမောင်တို့ တခြားမင်းသမီးတစ်ယောက် ကြိုးစားကြည့်ကြပါဦး"



သဘောပေါက်လိုက်ပါပြီ။ မင်းသမီးကတော့ လျှော့ရဲလျှော့ရဲနိုင်သော ကျွန်တော်တို့ကို စိတ်ပျက်သွားလေပြီ။

"ကျွန်တော့် ဇာတ်ကတော့ ခင်ဗျားနဲ့မှ ဖြစ်မယ်ဗျာ"

အမှန်ပင် သူ့ကို ရည်ရွယ်ပြီး ကျွန်တော့်ဇာတ်ကို စဉ်းစားဖြည့် တင်းထားရသည်။ တခြားတစ်ယောက်ဆို အစကပြန်ပြီး စဉ်းစားရတော့မည်။ ကျွန်တော့်မှာ ကိုစိန်မြင့်၏ ဧည့်ခံပွဲကိစ္စ၊ ပြဇာတ်အတွက် လိုအပ်သောပစ္စည်းများ ရှာဖို့ကိစ္စ၊ ဇာတ်ပို့ ဇာတ်ရံများကိစ္စ၊ မီးမောင်း၊ ဆလိုက်၊ ဂီတ စသည့်ကိစ္စများ ဘာမှမလုပ်ရသေး၊

ကျွန်တော့်မှာ ရှိသမျှ လူအားလုံးကို အားနာလွန်းသဖြင့် နောက်ထပ် ဘယ်သူ့ကို အားနာရဦးမည်နည်းဟု ကြိုတင်စဉ်းစားရသည်အထိပင် ဖြစ်ရတော့သည်၊ အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် ကိုယ့်ကိုယ်ကို အားနာရကောင်းမှန်း မသိတတ်သောအကောင်မို့လို့ပင် ဖြစ်ပါသည်၊

"နည်းနည်းတော့ အလေးအနက် ထားပေးပါဗျာ" ဟု မင်းသမီးကို မျက်နှာချိုသွေးပြီး ကျွန်တော်တို့အုပ်စု မြို့ထဲသို့ ထွက်ခဲ့ပါသည်။ ထိုအချိန်တွင် လူတိုင်းသည် ကိုယ့်ပြဿနာနှင့်ကိုယ်၊ ကိုစိန်မြင့်ခမျာမှာ နောက်တစ်နေ့ ဧည့်ခံပွဲအတွက် စီစဉ်စရာတွေနှင့်။ ဦးသော်တာမှာလည်း အိမ်မှာ အလုပ်တွေကျန်ခဲ့သည်၊ ဆန်နီညိမ်းနှင့် သူ့အစ်ကို ကိုဝင်းညိမ်းတို့မှာလည်း ဇာတ်ရုံမှာ အပြင်အဆင် ဘာမှ မလုပ်ရသေး၊

ကျွန်တော့်မှာလည်း ပြဿနာ၊ ကျွန်တော့်အခေ ဇာတ်တား

www.burmeseclassic.com

www.burmeseclassic.com



*အထူးပွဲပြရန်ကိစ္စ၊* ရုံတင်ရက်နီးသဖြင့် လုပ်စရာတွေက တပုံတပင်။ ကျွန်တော်၏ ကိုယ်ပိုင်အလုပ် (ဝတ္ထုရေးခြင်း) ကလည်း နေ့နေ့ညည လုပ်နေရသေးသည်။ ဒါတွေထားဦး။ သည်ပြဇာတ် ကိစ္စအတွက်ပင် ဇာတ်ညွှန်းတောင် မရေးရသေး။ ညမအိပ်ရသည်ပင် သုံးရက် (တကယ့်ကို သုံးရက်တိတိ) ရှိပြီ။ လူကို မနည်းကြီး ဟန်ချက်ထား နေရသည်။ အယ်နေရာပုံလဲမည်ကိုပင် ကြိုတင် ပူပန်နေသည်။

"ကဲ... လိုရမည်ရ မင်းသမီးတစ်လက်လက်တော့ ဆောင်ထားကြရအောင်"

"ယဉ်ယဉ်အေးကလေး ဘယ့်နှယ်နေမလဲ"

"မဆိုးပါဘူး"

ယဉ်ယဉ်အေးအိမ်သို့ ချီတက်ခဲ့ကြပါသတည်း။ ရိုးရိုးသားသား ပြောရလျှင် သူ့အိမ်သို့ ကျွန်တော် မသွားဖူးပါ။ သွားဖူးစရာလမ်း မရှိဖူးပါ။ ခုတော့ သူ့အိမ် လှေကားတက်လျှင်ပင် အတတ်နိုင်ဆုံး မျက်နှာချိုသွေးဖို့ ကျွန်တော် 'ရယ်ဒီ' ဖြစ်နေရပါပြီ။ ကိုယ့်ကိုယ်ကိုယ် ပြုံးမိသောအဖြစ်ကို ဘယ်သူမှ သိလိုက်ပုံမရ။

သို့သော် ငိုအားထက် ရယ်အားသန်ဆိုသလို လှေကားပေါက်ဝမှာပင် ယဉ်ယဉ်အေးကို အသင့်တွေ့ကြရပါသည်။

"ဟင့်... ကိုသုမောင်ပါ ပါလာတို့၊ ထိုင်ပါ... ထိုင်ပါ" ဟု ခနိုးဦးကြိုပြုသော ယဉ်ယဉ်အေးသည် ထိုင်ရာမှ မ,ထပါ။ သူ့ခြေသလုံးတွင် အလွန်ကြီးမားသောပတ်တီးကြီး စည်းထားပါသည်။

ကျွန်တော်တို့အုပ်စုသည် မင်းသမီးကို အားကိုး၍ မရနိုင်သောအဖြစ်ကို သိရသဖြင့် ဘာ-ညာ-ကွိ-ကွ ပေါက်တတ်ကရတွေ အကြောင်းပြပြီး ပြန်လစ်ခဲ့ကြရပြန်ပါတော့သည်။ ဘာမှလာရင်းကိစ္စကို စကားမဟခဲ့ကြ။

ညနေစောင်းတော့ မင်းသမီးတစ်လက် ရလာသည်။ နာမည်ကြီးတော့မဟုတ်။ သို့သော် ကိုစိန်မြင့်အိမ် ကျွန်တော်တို့ ပြန်ရောက်တော့ နွဲ့နွဲ့မူထံမှ ဖုန်းလာပြီးပြီ။ သူ က,ပေးမည်။

ကျွန်တော်သည် စောစောကမှ ခေါ်လာခဲ့သော မင်းသမီးပေါက်စကလေးကို မျက်နှာချိုသွေးပြီး ချော့မော့ပြန်လွှတ်ရပြန်သည်။

လူတွေအားလုံးသည် ခြေတုန်လက်ပန်း ကျကုန်ပြီ။ ထိုနေ့အဖို့ လမ်းခွဲလိုက်ကြရသည်။ သို့သော် ကျွန်တော်မနားရ၊ တစ်ညလုံး အဖေ့ ဇာတ်ကားအတွက် ကြော်ငြာများ ပုံနှိပ်တိုက်မှာ စောင့်ရိုက်ရပြန်သည်။ မိုးအလင်း။

★ ★ ★

နောက်တစ်နေ့မနက်မှာ ပြဇာတ်တိုက်ဖို့ စီစဉ်သည်။ သို့သော် မင်းသမီးသည် မနက်စောစောကပင် ပဲခူးသို့ အရေးတကြီး ကိစ္စဖြင့် သွားပြီး နေ့လယ် နှစ်ချက်ပြန်ရောက်မည်၊ စိတ်ချပါတဲ့။ စိတ်ချလိုက် ရပါသည်၊ စိတ်မချလို့ကော ဘယ့်နှယ်လုပ်မည်နည်း။

ထိုအတောအတွင်း ပြဇာတ်ကမည့်ရုံမှာ ပြဿနာ တစ်ခု တစ်ရာ ပေါ်နေသည်။ ဘာပြဿနာဆိုသည်မှာ အရေးကြီးဝါ။

အရေးကြီးသည်မှာ တန်ထရိုက်တော်မင်းဆန်နှင့် တိုဝင်းညိမ်းတို့ ရုံတပြဿနာကို သွားရှင်းနေရခြင်း ဖြစ်၏။ ရှေ့တို့၏



www.burmeseclassic.com

www.burmeseclassic.com



သဘာဝမှာ (သေဖော်ညှိ စကားပုံအတိုင်း) အဖော်ညှိပြီးမှ ပြဿနာပြေလည်ရေး ညှိနှိုင်းဆွေးနွေးပွဲသို့ ခေါ်ဆောင်သွားလေတော့သတည်း။

ဟိုမှာ တော်တော်နှင့်မပြီး၊ နေ့လယ် နှစ်နာရီခွဲမှ ကိုစိန်မြင့်အိမ် ပြန်ရောက်ကြသည်၊

"မင်းသမီး ဖုန်းဆက်သည်၊ သူ ပြန်ရောက်နေပြီ၊"

ကျွန်တော်တို့ မနားကြပါ၊ ချက်ချင်း သူ့အိမ်သွားကြသည်၊

အခြားကားတစ်စီးဖြင့် ဦးသော်တာကို အကြိုလွှတ်လိုက်သည်၊

"ကဲ. . . ဘယ်လိုလုပ်ကြမလဲ"

ဘာကို မေးမှန်းလည်းမသိ၊ ဘာကို ဘယ်လိုလုပ်ဖို့ပြောမှန်းလည်းမသိ၊ မေးခွန်းသည် မုန့်လုံးစက္ကူကပ်သလိုသာ ဖြစ်နေသည်၊

ကျွန်တော့်အနေနှင့်ကတော့ ရှင်းပြီးသားဖြစ်သည်၊ သည်ညနေပိုင်း ဖြစ်သလိုဇာတ်တိုက်ပြီး က,ကြရုံသာရှိသည်၊ ခု မင်းသမီးက "ကဲ. . . ဘယ်လိုလုပ်ကြမလဲ" ဟူသောမေးခွန်းကို မေးလာတော့ ဘယ်လို ကျွန်တော် ဖြေရပါမည်နည်း၊

"ဘာကို မေးတာလဲဗျ"

"က,ဖို့လေ"

"အင်းလေ. . . က,ကြမယ်လေ၊ ဘာဖြစ်လို့လဲ"

သည်တော့လည်း သူတို့ မဖြေတတ်ကြပြန်ပါ။ ညနေ က,ကြဖို့ အရေးခုထိ ဖြစ်သားတွေပုံမပေါ်၊ ကျွန်တော်ကတော့ တစ်ခုခုလုပ်လျှင် တစ်ခုခုဖြစ်ရမည်ဟူသော အစွဲအလမ်းက ရှိနေ



သည်။ ဖြစ်လာမှတော့ တွေဝေနေလို့မရ၊ ည က,ဖို့အတွက် အသီးသီးကတော့ စိတ်ပူကြသည်ဝင်၊ သို့သော် ခုလိုတွေဝေသော အချာလည်သည့်အဖြစ် အတိုင်းတော့ ကျွန်တော် မနေတတ်၊

"ဒါဖြင့်လည်း မက,ကြနဲ့တော့ဗျာ"

ကျွန်တော်က သည်အဆိုကို တင်သွင်းတော့လည်း ဆန်နီတို့ ညီအစ်ကို မျက်ကလဲဆန်ဖျာ ဖြစ်ရသည်၊

"သတင်းစာထဲမှာ ကြော်ငြာပြီးနေပြီဗျာ၊ ကိုစိန်မြင့်တို့ မပါရင်ရုံ ခဲကျလိမ့်မယ်"

"ကဲ. . . ဒါဖြင့် ခု ဇာတ်တိုက်မယ်ဗျာ"

သည်တော့လည်း ရုတ်တရက် ဖင်လေးနေကြပြန်သည်၊

"ဦးသော်တာကို စောင့်ကြသေးတာပေါ့"

ဦးသော်တာသည် တော်တော်နှင့် ရောက်မလာပါ၊ ညနေသုံးနာရီခွဲသွားပါသည်၊ သည်မှာ ကိုစိန်မြင့် ဖင်တကြွကြွ ဖြစ်တော့သည်၊

"လစ်ကြစို့ဗျာ. . . အိမ်မှာ လေးနာရီဆို ပွဲစမှာ"

ဟုတ်သားပဲ၊ သည်နေ့ သူတို့ဇနီးမောင်နှံ အကယ်ဒမီရသည့် အထိမ်းအမှတ်ညှော်ခံပွဲ ရှိသည်၊ လေးနာရီမှ ညခုနစ်နာရီ၊

"ဟင်. . . ဒါဆို ဇာတ်တိုက်ဖို့ကော"

မင်းသမီးလည်း စိတ်ပူနေသည်၊ ကျွန်တော်ကတော့ ဝရနံများပြီး ဘာကိုမှ ပူပန်သောက မရှိတော့ပါ၊

"ကိစ္စမရှိဘူးဗျာ၊ ကျွန်တော် ကွန်တက် (အဆက်အသွယ်) သုပ်မယ်"

မင်းသမီးအိမ်မှပြန်ရောက်တော့ ကိုစိန်မြင့်အိမ်မှာ ဧည့်သည်တော်

www.burmeseclassic.com

www.burmeseclassic.com



တော်စုံပြီ။ ဧည့်သည်တွေရော၊ သူငယ်ချင်းတွေရော။ ဘာပဲဖြစ်ဖြစ် ပြဇာတ် ကိစ္စကို လတ်တလော မေ့ထားကြလျှင် ကောင်းမည်။ ကိုစိန်မြင့်ကို စိတ်အေးလက်အေး သူ့ကိစ္စသူ လုပ်ပါစေတော့။ ကျွန်တော်ကတော့ စိတ်နှလုံး တုံးတုံးချပြီးပြီ။ မက,ရလည်း နေပလေ့စေတော့။ ခုလို ကျဉ်းထဲကျပ်ထဲမှာတော့ ဘာမျှမတတ်နိုင်။ ဆဲလျှင်လည်း ခံတော့မည်။ ရိုက်လျှင်လည်း ထွက်ပြေးမည်။

မည်သို့ပင်ရှိစေ ကိုစိန်မြင့်၏ ဧည့်ခံပွဲမှာတော့ ကိုယ်ရော စိတ်ပါ ကူညီရတော့မည်။ သူ၏ ကိုယ်ရေးကိုယ်တာ ကိစ္စများကြားကပင် ကျွန်တော့်မျက်နှာကိုငဲ့ပြီး ပြဇာတ်ကိစ္စ၌ သူကူညီသည့်အလျောက် သူ့ကိစ္စကိုလည်း ကျွန်တော် ကူညီရပေမည်။

နှစ်ရက်၊ သုံးရက်လုံး ပြဇာတ်ကိစ္စဖြင့် အလုပ်ရှုပ်ရသော ကျွန်တော် ညနေပိုင်း အားလပ်တုန်းခဏ ကျွန်တော့်ကိုယ်ပိုင် အလုပ်များ ပြေးလုပ်ရလေသည်။

ထိုအတောအတွင်း ပြဿနာသုံးရပ် ပေါ်ပြန်သည်။ ဦးသော်တာသည် မင်းသမီးအိမ်ရောက်လာပြီး သူတို့နှစ်ယောက်တည်းနှင့် ဘာဆက်လုပ်ရမှန်း မသိဖြစ်ကာ (ကျွန်တော်တို့ကလည်း ဘာမှ မမှာခဲ့ သဖြင့်) ပြဇာတ်အစီအစဉ်ပျက်ပြီဟု သဘောထားလိုက်ကြခြင်း။ ဒုတိယပြဿနာမှာ တိုဆန်နီညီမ်းတို့ပင် ဦးစီးသော မြန်မာ့လက်ဝှေ့ ရုံ့တွင် ပရိသတ်ချင်း မကျေမလည်ဖြစ်ကာ ဆော်ကြနှက်ကြခြင်း။ တတိယပြဿနာကား ဧည့်ခံပွဲတွင် ပရိသတ်က မစဲနိုင်ဘဲ ညဆယ်နာရီလောက်ထိ လူစုမကွဲသဖြင့် ကိုစိန်မြင့်ခမျာ ပါးရိုးတွေ ညောင်းလောက်အောင် ဧည့်ခံနေရခြင်း။



ကျွန်တော်ကိုယ်တိုင်လည်း ညဦးပိုင်းကတည်းက ကိုစိန်မြင့် အိမ်ပြန်ရောက်ပြီး သူနှင့် ဝိုင်းကူနေရသည်။ မင်းသမီးက အဆက်အသွယ် လုပ်ဖို့ရာ (ရိုးရိုးသားသားပင်) မေ့သွားခဲ့မိပါသည်။

★ ★ ★

ညဆယ်နာရီခွဲလောက် ဧည့်သည် တော်တော်စဲသွားမှ-

"ကဲ. . . ဘယ်လိုလုပ်ကြမလဲ"

ကိုစိန်မြင့်က ပြဇာတ်ကိစ္စ စကားစသည်။ သည့်ကိစ္စဘက် ပြန်လှည့်ကြသောအခါ ခေါင်းတွေ ပူရပြန်သည်။ ထိုအချိန်တွင် တိုဆန်နီတို့ ညီအစ်ကို ရောက်လာကြသည်။ သူတို့လည်း ကိုစိန်မြင့်ကို အားနာလွန်းသဖြင့် တော်တော်နှင့် စကားမစနိုင်ကြ။

"ဟို. . . ဟိုဉစ္စာ၊ ဒီလိုဗျာ၊ ရုံမှာတော့ ခင်ဗျားတို့ ရောက်မလာကြသေးလို့ ပွဲဆူနေပြီ၊ အဲဒါ. . ."

ကျွန်တော်တို့ ခေါင်းချင်းရိုက်မျှ ဆွေးနွေးကြရပြန်ပါသည်။ (တခြားလူတော့မသိ) ကျွန်တော့်မှာတော့ အလုပ်များသည်ရော၊ လေးရက်ဆက်တိုက် အိပ်ရေးပျက်သည်ရော၊ ပေါင်းပြီး ဘာတိုမှ မစဉ်းစားချင်ဘဲ ချာလည်လည်၍သာ နေပါတော့သည်။

ညဆယ့်တစ်နာရီတွင် ဒါရိုက်တာ မောင်ဝဏ္ဏ (ကျွန်တော့် အစ်ကို) ရောက်လာသည်။ ကျွန်တော်တို့အဖြစ်ကို ကြားရသော အခါ-

"ဒီကောင် နေရာတကာ စပ်စပ်စပ်စပ်နဲ့" တူ၍ မှတ်ချက်ချခြင်း ခံရသည်။ လူသည် တစ်ခုမဟုတ်တစ်ခုတို့ လုပ်နေရမည်ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ခံယူချက်သည် သူနှင့်တွေတိုင်း သရော်ခံရတတ်သည်။ သို့သော် ကိုဝဏ္ဏတွင် ထူးခြားချက်တစ်ခုရှိသည်။ အကျဉ်းအကျပ် ပြဿနာပေါ်လာတိုင်း စိတ်အေးလက်အေး နည်းလမ်းရှာနိုင်ခြင်းပင် ဖြစ်သည်။

"ပွဲက ဘယ်အချိန် ထွက်ရမှာလဲ"

"ခုကို ရုံမှာ ပရိသတ်ဆူကုန်ပြီ"

"မင်း ဘယ်လို စီစဉ်ထားသလဲ"

"ဖြစ်သလို က,မယ်"

"လခွေးတဲ့မှ ဖြစ်မလားကွ"

နောက်ဆုံး သူ့ထံမှပင် အကြံရသည်။

"ဗီလိုလုပ်၊ မင်းသမီးတိုပါခေါ်သွားပြီး ရုံကိုသွား။ မင်းရော၊ ကိုစိန်မြင့်ရော ၊ မင်းသမီးရော ပရိသတ်ကို ဒီည မက,နိုင်ကြောင်း ထွက်တောင်းပန်ကြ"

ကျွန်တော် အလေးအနက် စဉ်းစားသည်။ နည်းနည်းတော့ ကြောင်သည်၊ သို့သော် တောင်းသည်။

★ ★ ★

ညဆယ်တစ်နာရီကြီးတျမှ နွဲ့နွဲ့မူကို အိပ်ရာထဲမှာ သွားဆွဲ ရသည်။ စကားအဖြစ် ပြောခြင်းပါ။ (ညွှန်ခန်းမှနေ၍ "မင်းသမီး ဒေါ်နွဲ့နွဲ့မူ ခဏထပါဦးဗျာ" ဟု လေးစားသော နောက်ပြောင်ခြင်း ဖြင့် အိပ်ရာမှနိုးစေခြင်းကို ဆိုလိုဝါသည်။)

အကျိုးအကြောင်းတို ပြောပြသောအခါ ပထမတော့ ငြင်းသည်။



"ကြောင်တောင်တောင်နဲ့ရှင်"

နောက်တော့လည်း လူနိုင်တွေအပေါ် အားနာစွာနှင့် လိုက်ခဲ့ရရှာသည်။ (ကျေးဇူးတင်ပါသည်။)

ကျွန်တော် ဒါရိုက်တာကြီးနှင့် မင်းသား၊ မင်းသမီးတို့ သုံးဦးသားသည် ထိုနေ့ညက ပရိသတ်ရှေ့သို့ အိပ်ချင်မူးတူး မျက်ခွက်များဖြင့် ထွက်၍ အသနားခံတောင်းပန်လိုက်ကြရလေ သတည်း။ (ကိုစိန်မြင့်ဆိုလျှင် ပုပ္ပနွေးနွေး အကယ်ဒမီရုပ်ကြီးကိုပင် ပထမဆုံးအကြိမ်အဖြစ် ပရိသတ်ရှေ့သို့ ယူခဲ့ရှာလေသည်။)

မင်းသမီးနှင့် မင်းသားတော့ မည်သို့နေသည် မသိ၊ ဇာတ်ရုံမှ အပြန်တွင် လေးညဆက်တိုက် မအိပ်သေးသော မိမိရော သူများ အတွက်ပါ ပြဿနာပေါင်းစုံဖြင့် ဗျာများခဲ့ရသော ကျွန်တော့် မှာ မော်တော်ကားပေါ်မှာပင် မေ့လဲကျသွားခဲ့ရပါတော့သည်။

★ ★ ★

အထက်တွင် အစဉ်တစိုက် ကျွန်တော် ပြောပြခဲ့သော အကြောင်းအရာသည် ဤတွင်ပြီးပါပြီ။ သို့သော် ကျွန်တော် ပြောပြ သည်၌ စိတ်ဝင်စားဖွယ် အဘယ်မျှလောက် ပါရှိပါသနည်း။

ဆိုလိုသည်မှာ ဝတ္ထုဟူသော ဇာတ်လမ်းသဘာဝများ အဘယ်မျှလောက်များ ပါရှိပါသနည်း။ နည်းပါးလှကြောင်း ကျွန်တော် ဝန်ခံပါသည်။ သက်ရှိထင်ရှားရှိနေသော၊ နာမည် ကျော်ကြားသော လူတချို့၏ ဖြစ်ရပ်မှန်များလောက်သာ (စိတ်ဝင် စားမည်ဆိုက) စိတ်ဝင်စားဖွယ် ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သံဝေဂသဘောကို ချိန်ထိုး၍ ခံစားကြည့်မည် ဆိုပါလျှင် စိတ်ဝင်စားဖွယ်သော အကြောင်းအရာကို တွေ့နိုင်ပါသည်။ ကျွန်တော် ပြောပြပါမည်။

ကျွန်တော်သည် တရုတ်အမျိုးသား စာရေးဆရာကြီး လူဆွန်းကို အလွန်သဘောကျပါသည်၊ အထူးသဖြင့် သူ၏ "လူသေကို အသက် သွင်းခြင်း" ဝတ္ထုကို ကျွန်တော် အကြိုက်ဆုံး ဖြစ်ပါသည်။ ကြိုက်လွန်း၍ပင် ထိုဝတ္ထုကိုမှီးလျက် အထက်ဖော်ပြပါ ပြဇာတ်တစ်ပုဒ် တင်ဆက်ခြင်းကိစ္စကို ကြိုးစားမိခြင်း မဟုတ်ပါလား။

ကောင်းပြီ၊ ဆရာလူဆွန်းသည် သူ့ဝတ္ထု၌ မည်သို့သော သံဝေဂအပိုင်းကို ပေးသနည်း။

လူသည် မိမိနှင့် မသက်ဆိုင်သော၊ မိမိ မကျွမ်းကျင်သော၊ မိမိ ပြုလုပ်၍ မရနိုင်သောကိစ္စကို ခြေအငြိမ်မနေနိုင်၊ လက်အငြိမ် မနေနိုင် မလုပ်အပ်ကြောင်းကို (လူသေကို အသက်သွင်းမိသည့် ပညာရှိကြီးဖြင့် ဥပမာပြဆို၏) သံဝေဂရစေခဲ့သည်။

ကျွန်တော်သည် ထိုသံဝေဂကို မျှဝေခံစားလိုက်ပါသည်။ ထိုမှတစ်ဆင့် 'ပရော်ဖက်ဆာ စိတ်မကောင်းပါဘူးကွယ်' ဟူသော ပြဇာတ်အားဖြင့် ပရိသတ်ကို သံဝေဂပေးလိုက်မိခြင်း ဖြစ်ပါသည်။

သို့သော် ပရိသတ်တော့ မည်သို့ ခံစားရသည်မသိ၊ ကျွန်တော့်မှာသာ ထိုပြဇာတ်ကိစ္စဖြင့် ပြဿနာများ၊ ဗျာပါရများ ဖြစ်ခဲ့ရပါသည်။

ကျွန်တော်ဆိုလိုသည်မှာ ဤအချက်တလေးမျှသာ ဖြစ်ပါသည်။

ကျွန်တော်သည် ဆရာလူဆွန်း၏စာကို ကြိုက်ပါသည်။



သူ၏ သံဝေဂကို မျှဝေခံစားရပါသည်။ သို့သော် ကျွန်တော်သည် သူပေးလိုသော သံဝေဂကို နှစ်သက်မိရုံမှတစ်ပါး ကိုယ်တိုင် မကျင့် သုံးမိခဲ့ပါပေ။

ကျွန်တော်သည် ကျွန်တော်နှင့် မပတ်သက်သော ပြဇာတ် အလုပ်များကို ဦးဆောင်လုပ်မိခြင်းသည် လူသေကို အသက်သွင်း ခြင်းနှင့် အတူတူပင် မဟုတ်ပါလား။

တစ်ဆက်တည်းမှာပင် ကျွန်တော် အသက်သွင်းမိသော လူသေမှာ စာရေးဆရာကြီးလူဆွန်း ဖြစ်နေပြီမဟုတ်ပါလား။ သူသည် ကျွန်တော့်ကို ဆက်တိုက်သောဒုက္ခကို ပေးပေဦးတော့မည်။

အဘယ့်ကြောင့်ဆိုသော် ထိုရွှေတိဂုံ တပေါင်းပွဲတွင် မင်းသမီးမပါဘဲ တိုစိန်မြင့်၊ ဦးသော်တာတို့နှစ်ဦးတည်းနှင့် ထိုပြဇာတ်ကို က,ပေး မိခဲ့ရာ ကြိုက်လှချည်ရဲ့ဟူ၍ ပုသိမ်မြို့မှပင် လာရောက်ငှားရမ်းသောကြောင့် ဖြစ်ပါသည်။

ထိုပြဇာတ်၏ ဒါရိုက်တာဖြစ်သော ကျွန်တော်သည် ထိုပြဇာတ် က,လေရာ နေရာတိုင်းသို့ လိုက်ခဲ့လိုက်ပါနေရတော့မည် မှာ သေချာနေပြီ ဖြစ်ပါသည်။

ဆရာလူဆွန်း ပြောလိုသော ပညာရှိအမတ်ကြီးလောင်ဆူး ဆိုသည်မှာ ကျွန်တော်ကဲ့သို့သော အကောင်ဘလောင်များကို ရည်ညွှန်းကြောင်း ကောင်းစွာ သိနေပါပြီခင်ဗျား။

၁၉၈၀ ခုနှစ် ဖေဖော်ဝါရီ
ရွှေပြည်ပုလွင်

www.burmeseclassic.com

www.burmeseclassic.com




# ဆေးဆိုး၍ မရပါ

သီတာဒေဝီသည် ဒသာဂီရိကို မြင်လျှင်မြင်ချင်း မေ့မြော၍ပင် သွားသည်ဟု ကြားဖူးပါသည်။

နူးညံ့ခြင်းနှင့် ကြမ်းတမ်းခြင်း စရိုက်နှစ်ခု၏ ပဋိပက္ခ ဖြစ်သည် ထင်ပါသည်။

စရိုက်သဘာဝ၊ ပုံသဏ္ဌာန်ဟန်ပန်၊ အနေအထား အခြေအနေ စသည်တို့ကို အရောင်နှင့်ထပ်တူပြု၍ တင်စားတတ် ကြပါသည်။

နီစွေးသောသွေး၊ ဖြူစင်သောစိတ်ထား၊ အပြာရောင်စကားလုံးများ၊ စိမ်းသောအကြည့်၊ ပန်းနုရောင်လေသံ စသည်ဖြင့် ဖြစ်ပါသည်။

✢ ✢ ✢

www.burmeseclassic.com

www.burmeseclassic.com



အချစ်ကို အရောင်ဆိုးကြည့်ဖို့ ကျွန်တော် ကြိုးစားဖူးပါသည်။ မရပါ။ ကျွန်တော်တော့ မရပါ၊ အခြားသူတော့ မသိပါ။

+ + +

ကျွန်တော့်အမေသည် အလွန်နူးညံ့သူ ဖြစ်ပါသည်။ ကျွန်တော့်အဖေကား အမေကဲ့သို့ အလွန်နူးညံ့သိမ်မွေ့သူ မဟုတ်သော်လည်း ကြမ်းတမ်းသူလည်း မဟုတ်ပြန်ပါ။

ကျွန်တော့်အမေ၏ ဆွေမျိုးသားချင်းများသည်လည်း စရိုက်နုနယ် သူများသာ ဖြစ်ပါသည်၊ ကျွန်တော့်အဖေ၏ ဆွေမျိုးသားချင်းများကား စရိုက်ကြမ်းသူများ ဖြစ်နေပါသည်။

အဖေနှင့် အမေ အိမ်ထောင်ကျသောအခါ အမေသည် အဖေ့အိမ်သို့ ပါလာခဲ့ပါသည်။ အဖေကိုယ်တိုင်က စရိုက်မကြမ်းသော်လည်း အဖေ့သားချင်းများက စရိုက်ကြမ်းသည်ဖြစ်ရာ ဆန့်ကျင့်ဘက် စရိုက်နှစ်ခုတို့ ပဋိပက္ခ ဖြစ်လာရပါတော့သည်။

ဒဿဂီရိသည် သီတာကို ခိုးပြေးခဲ့လေ၏။ အဖေသည် အမေ့ကို တင့်တောင့်တင့်တယ် လက်ထပ်ယူခဲ့ခြင်း ဖြစ်ပါသည်။ နှစ်ဖက်မိဘ သဘောကျအိမ်ထောင်ပြုခဲ့ရခြင်း ဖြစ်ပါသည်။ သို့ရာတွင် အဖေ၏နေအိမ် လိုက်ပါသွားခဲ့ရသော မင်္ဂလာဦးနေ့၌ အမေသည် မေ့မြော်သွားခဲ့ရသူသည်ဟုသတည်း။

ထိုအကြောင်းကို အဖေကိုယ်တိုင်က ကျွန်တော့်အား ပြောပြခဲ့ခြင်း ဖြစ်ပါသည်။



"မင်း ကြီးတော်အကြောင်းလည်း မင်း သိသားပဲကွ၊ အေး. . . မင်းအမေအကြောင်းလည်း မင်း သိတာပဲ၊ သူတို့ နှစ်ယောက်ရဲ့စရိုက်က မုန်တိုင်းနဲ့ရေပြင်လို ကွာတာကိုးကွ၊ ဆုံမိတယ်ဆိုရင်ပဲ ဘောင်ဘင်ခတ်ကုန်တော့တာပေါ့"

ကျွန်တော့်အဖေသည် စာရေးဆရာ ဖြစ်၏။ ထို့ကြောင့် စကားကို ချက်နှင့်လက်နှင့် ပြောတတ်၏။ တစ်နည်းအားဖြင့် အဖေ့ဆွေမျိုး အသိုက်အဝန်း၏ ကြမ်းတမ်းသော စရိုက်များကြားတွင် အဖေသည် သိမ်မွေ့နေသူဖြစ်နေခြင်း ဖြစ်၏၊ သို့ရာတွင် အဖေသည် စရိုက်ကြမ်းသော သူ့ဆွေမျိုးများကို 'အလွန်ချစ်ရှာလေသည်၊ အဖေသည် လူသားအမျိုးမျိုး၏ သဘာဝများကို နားလည်နိုင်သောကြောင့်တည်း၊

"အေးကွာ. . . အဲဒါ တို့ လက်ထပ်ပြီးလို့ ငါ့အိမ်ပြန်ရောက်တဲ့အခါ မင်းအမေခမျာ သတို့သမီးကလည်းဖြစ်ပြန်၊ လင့်ရဲ့ဆွေမျိုးစုကြားထဲလည်း ပထမဆုံးအကြိမ် ခြေချမိတဲ့အချိန်ဖြစ်ပြန်ဆိုတော့ ရှက်အား ငယ်နေရှာတာပေါ့၊ မင်းလည်း စာရေးဆရာတစ်ယောက်ပဲလေကွာ၊ စဉ်းစားကြည့်စမ်း၊ သတို့သမီးက မှန်တင်ခုံရှေ့မှာ မရဲတရဲနဲ့ထိုင်ပြီး အကျီလဲဖို့ပြင်နေ၊ သတို့သား ငါကလည်း နှစ်ယောက်အိပ်ခုတင်ကြီးပေါ်မှာ အသာကလေးထိုင်ပြီး စိတ်ကူးတွေ လျှိုင်နေတဲ့အခိုက်၊ ဟော. . . ဘယ်လောက်စိတ်လှုပ်ရှားကြည်နူးစရာကောင်းတဲ့ မြင်ကွင်းလေးလဲလို့၊ ဟုတ်တယ် မဟုတ်လား"

"သိပ်ဟုတ်တာပေါ့ ဖေဖေရာ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သားအဖတစ်တွေသည် သူငယ်ချင်းများလို ဆက်ဆံ ကြပါသည်။ သည်အတွက် အခါများစွာ ပျော်စရာ ကောင်းပါသည်၊ တစ်ခါတစ်ခါတော့ စိတ်ညစ်စရာ ဖြစ်ရ၏။ အမြဲလိုလို သူငယ်ချင်းလို ဆက်ဆံနေကြသဖြင့် ပြဿနာ တစ်စုံ တစ်ရာဖြစ်စရာ ကြုံလာလျှင်လည်း သူငယ်ချင်းများလိုပင် ဖြေရှင်း တတ်ကြသည်ဖြစ်ရာ သားနှင့်အဖေဟူသော ယဉ်ကျေးမှုအစဉ် အလာသဘောကို မေ့ပျောက်ထားကြပြီး နားလည်မှုတွေ လွဲကုန် ကြရတော့၏။ တကယ်တော့မူ သားနှင့်အဖေသည် သူငယ်ချင်း များမှ မဟုတ်ဘဲလေ။

"အိပ်ခန်း ခန်းဆီးပဝါလေကလည်း လေညှင်းတိုးတော့ တဖျတ် ဖျတ်၊ ငါတို့ရင်ထဲမှာလည်း အချစ်ငွေ့တွေနဲ့ တလှပ်လှပ်ပေါ့။ စမ်းရေ ကလေးစီးနေသလို အလွန်သာယာတဲ့တဒင်္ဂမှာ ဝုန်းဆို မုန်တိုင်းဆင်ပါလေရောကွာ၊ မင်းကြီးတော်ပေါ့၊ သူကတစ်ဖက် ငါ့နှမဝမ်းကွဲ မပဲ ကတစ်ဖက် သူ့အုပ်စုနဲ့သူ ဖေရော မောင်ရော စုံစေ့အောင် တိုင်တည်ပြီး ဆဲပွဲကြီး ကျင်းပကြတော့တာပဲ။ သူတို့ ရန်ပွဲမှာ နှစ်ဖက်စလုံးက ငါ့နာမည်ပါထည့်ပြီး ပေးစားကြ၊ ဆဲကြ နဲ့ဟ၊ ပွက်လောကို ရိုက်သွားတာပဲ"

ကျွန်တော့်ကြီးတော်ကြီးသည် ရိုးရိုးတန်းတန်း ပဋိသန္ဓာရ စကားပြောသည့်အခါမှာပင် ဖေတွေ၊ မောင်တွေတပ်၍ ပြောတတ် သူဖြစ်၏၊ ရန်ဖြစ်ပြီဆိုလျှင်ကား မြန်မာလူမျိုးတို့ အစဉ်အဆက် သုံးနှုန်းခဲ့သမျှသော ဆဲရေးနည်း အဘိဓာန်တစ်အုပ်လုံး ကုန်တော့သည်။

"အေး. . . မင်း အမေဆိုတာ အင်မတန်သိမ်မွေ့နူးညံ့



တဲ့သူ၊ ဆဲဖို့ မပြောနဲ့၊ စကားတောင် မာမာပြောတတ်ရှာတာ မဟုတ် ဘူး။ သူ ဒေါသဖြစ်လာရင် ဘုရားစင်ရှေ့ထိုင်ပြီး မေတ္တာပို့တော့ တာကလား။ ဒီတော့ အဲဒီမင်္ဂလာဦး ညနေစောင်းမှာ အိမ်ရှေ့ခန်း က မင်းကြီးတော်နဲ့ မပဲတို့ ဆဲကြဆိုကြ ရန်ဖြစ်ကြလည်းဖြစ်ကရော ဟား. . . ဟား. . . မင့် အမေခမျာ မှန်တင်ခုံနားမှာ ခွေခွေကလေး၊ ခေါက်ခနဲ ကျသွားတော့တာပဲ၊ ပြေးပွေ့ပြီး မနည်းနှာနှပ်ယူရတယ်၊ မေ့သွားလို့"

⁘ ⁘ ⁘

"တော်တော် သောက်သုံးမကျတဲ့ကောင်"

ကျွန်တော့် ညီတစ်ကောင်ကို အလုပ်တစ်ခုနိုင်းခဲ့ရာ ပေါ့ပေါ့တန်တန် မေ့မေ့လျော့လျော့နေခဲ့သည့်အတွက် စိတ်ဆိုး လွန်းသဖြင့် အထက်ပါစကားကို ကျွန်တော် လွှတ်ခနဲ ပြောခဲ့ဖူး ပါသည်။ ထိုအချိန်တွင် အမေသည် ကျွန်တော့်နောက်နားတွင် ရောက်နေပါသည်။ ကျွန်တော်က အထက်ပါကဲ့သို့ ပြောမိသည့်အခါ အမေသည် ရင်ဘတ်ကို လက်ဖြင့်အုပ်လျက်-

"ဟယ်. . . သားရယ်၊ မိုက်လိုက်တာ ၊ သားပါးစပ်ထဲက မိန်းမပစ္စည်းထွက်တာ အမေ အံ့ပါရဲ့" ဟု စိတ်မချမ်းသာစွာ ပြောခဲ့ ပါသည်။ ကျွန်တော် မှတ်သွား၏။ အမေ့စကား ထိရောက်လှပါ သည်။ ရှက်ဖွယ် ကျွန်တော်၊ ထိုနေ့မှစ၍ မိန်းမပစ္စည်း ကျွန်တော့် ပါးစပ်မှ မထွက်တော့ပါ။ ဆဲချင်လွန်းမက ဆဲချင်လာလျှင်လည်း ကိုယ့်ပစ္စည်းနှင့်ကိုယ်သာ ဆဲပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . နှ (xxx) နင်တ ခုမှ လူတစ်လုံးသူတစ်လုံးဖြစ်လို့ ငါ့ တောင် နှုတ်မဆက်တော့ဘူးလား"

ဤတား ကျွန်တော့် ကြီးတော်ကြီးက လူကြီးလူကောင်း တစ်ယောက်ကို ဆံပင်ဆွဲလျက် ပြောလိုက်သောစကားတည်း။

ထိုလူကြီးလူကောင်းမှာ အခြားမဟုတ်၊ ကျွန်တော့်အဖေ၏ သူငယ် ချင်း အမတ်တစ်ဦးပင်။

မှတ်ချက်။ ။နိုင်ငံရေးအစိုးရလတ်ထက်မှ ပါလီမန်အမတ် တစ်ဦး အဖေ့ထံ လာလည်သည်၊ အဖေ့သူငယ်ချင်း ဖြစ်သည်။ ကျွန်တော့်ကြီးတော်ကြီးနှင့်လည်း ရင်းနှီးသည်၊ ငယ်စဉ်ကတော့ အိမ်နီးချင်းသူငယ်ချင်း။ သူ ပါလီမန်အမတ်ဖြစ်နေပြီကို ကြီးတော် ကြီးသည် ဂရုမထား။

နှိုးသားစွာ၊ ရင်းနှီးပွင့်လင်းစွာ ဆံပင်ဆွဲ၍ ဆဲရေးနှုတ်ဆက် ပစ်လိုက်သည်၊ အဖေက မနည်းတောင်းပန်ယူရသည်။

✢ ✢ ✢

ကျွန်တော့်အဖေသည် ငယ်စဉ်က အလွန်ဆင်းရဲသည်။ ခုလည်း လူတန်းစေ့ရုံသာ နေနိုင်သေးသည်၊ စာရေးဆရာပေကိုး။ သို့ရာတွင် ငယ်ငယ်တတော့ ပြောမပြရဲလောက်အောင် ဆင်းရဲခဲ့ ရသည်၊ ဆင်းရဲသော အသိုင်းအဝိုင်းမှာ ကြီးပြင်းရသည်၊ အဖေ့ ပတ်ဝန်းကျင်သည်မှာ—

အဖေ၏ အနီးကပ်ဆုံး ပတ်ဝန်းကျင်သည် စရိုက်ကြမ်း သည်၊ အဖေသည် စရိုက်ကြမ်းသူတို့ကြားတွင် ထူးခြားစွာ သိမ်မွေ့



တတ်ခဲ့သည်၊ မိမိဘဝကို မိမိဘာသာ ရုန်းကန်သည်၊ ပညာကို ကြိုးစားသည်၊ မြန်မာလူငယ် ပီသစွာနေခဲ့သည်၊

အဖေ တိုးတက်လာသည်၊ လူတစ်လုံးသူတစ်လုံး ဖြစ်လာ သည်။ သစ်တစ်ပင်ကောင်းသောအခါ ငှက်တစ်သောင်း နားရ သည်၊ အဖေ့ အခြေအနေ တင့်တယ်လာသောအခါ အဖေ့ပတ်ဝန်း ကျင်သည် အဖေ့ကို အမှီသဟဲ ပြုလာကြသည်၊ ဆင်းရဲသူသည် ဘဝမမေ့တတ်ပါ၊ အဖေသည် သူ ရှင်သန်ကြီးပြင်းခဲ့ရသော ပတ်ဝန်းကျင်ကို ချစ်ခင်စွာ ပိုက်ထွေးထားလိုက်သည်၊

ကျွန်တော်သည် အဖေ၏သား ဖြစ်သည်၊ အဖေ့ကို ချစ်သည်၊ အဖေ့ပတ်ဝန်းကျင်ကို ချစ်သည်၊ အမေ၏ သိမ်မွေ့မှု တို့မြတ်နိုးရင်း အဖေ့ပတ်ဝန်းကျင်စရိုက်ကြမ်းကို ချစ်တတ်လာသည်၊ ရိုးရိုးသားသား ဝန်ခံရလျှင် ကျွန်တော်သည် အဖေ့ဆွေမျိုးများကို အမေ့ဆွေမျိုးများထက် တရင်းကာ ပိုသည်၊ ဤသည်ပင်လျှင် ကျွန်တော် စာရေးဆရာတစ်ယောက်ဖြစ်လာစေသည့် ရေခံမြေခံ ထင်သည်၊

✢ ✢ ✢

အမေသည် ငယ်စဉ်က ချမ်းသာသည်၊ ဆွေစဉ်မျိုးဆက် ချမ်းသာခဲ့သည်၊ အမေ့မျိုးရိုးသည် ရိုးရာမြန်မာ့ဆေးလုပ်ငန်းတို့ လုပ်ကြသည်၊ တုန်သည်များ မဟုတ်၊ အစိုးရ အရာထမ်း၊ အမှု ထမ်းများမဟုတ်၊ ပူပင်ကြောင့်ကြကင်းပြီး အေးဆေးသိမ်မွေ့သော ဘဝကို ကူးခတ်သူများ ဖြစ်သည်၊ သဘာဝအလျောက် ဘုရားတရား

www.burmeseclassic.com

www.burmeseclassic.com



ကို ကိုးစားသည်၊ မေတ္တာတရားကို အလေးထားသည်၊ မြန်မာဆန်လွန်းသည်၊ ဤသို့သော မျိုးနွယ်စုမှ ဆင်းသက်လာသော အမေသည် ကျွန်တော်တို့ကို ငယ်စဉ်ကတည်းက ပုံပြင်များ၊ ဗုဒ္ဓဝင်များဖြင့် ကြီးပြင်းလာစေသည်၊ အမေ့ထံမှ ဝတ္ထုဆန်သော အတွေ့အကြုံပေါင်း မြောက်မြားစွာကို ယနေ့တိုင် ကြားနေရဆဲ၊

ဤသည်ပင်လျှင် ကျွန်တော် စာရေးဆရာတစ်ယောက်ဖြစ်လာစေမည့် ရေခံမြေခံတစ်ခုဖြစ်သည်ဟု ထင်ပါသည်၊

* * *

စာရေးဆရာသည် လောကကြီးနှင့်အမျှ ကျယ်ဝန်းသော အကြောင်းတရားများကို ရှာဖွေတင်ပြချင်သူ ဖြစ်သည်။ အလွန်နိုးသားပြီး အလွန်စိတ်ဝင်စားဖွယ်ကောင်းသော အကြောင်းခြင်းရာများကို ဖွဲ့နွဲ့လိုသည်၊ မိမိပတ်ဝန်းကျင်သည် မိမိ၏စာပေ ဖြစ်လာ၏၊

ကျွန်တော်သည် ဆွေမျိုးသားချင်းများအကြောင်း၊ မကြာခဏ ရေးတတ်သည်၊

ကျွန်တော့်အမေ၏ သိမ်မွေ့သောစရိုက်နှင့် ကျွန်တော့်ကြီးတော် ၏ ကြမ်းတမ်းသောစရိုက်တို့၏ ပဋိပက္ခကို ရေးဖို့ကြိုးစားခဲ့သည်မှာ ကြာပါပြီ၊

✢ ✢ ✢

ကျွန်တော့်အမေသည် ကျောင်းဆရာမ ဖြစ်သည်၊ တစ်နေကုန်အောင် လူရောစိတ်ရော အသံပါမနားရအောင် အလုပ်လုပ်ရသည်၊ သို့ရာတွင် အိမ်ပြန်ရောက်လျှင် နားချင်သည်၊



ကျွန်တော့်ကြီးတော်သည် မိုးလင်းမှမိုးချုပ် အိမ်မှုကိစ္စတို လုပ်သည်။ မောင်ကောင်းစားလျှင် အစ်မမီးဖိုချောင်ဟု အဆိုရှိသည်၊ အလွန်အလုပ်လုပ်သော ကြီးတော်သည် အမေ့ကို အားမရ၊

"ရှင်ပလက်ရေ. . . စက်လက်လေ" ဟူ၍ ကျွန်တော့်ကြီးတော်သည် ကျွန်တော့်အမေ အမောဖြေနေသည်ကို မေးငေါ့တတ်သည်၊ မနိုင်းအပ် မနိုင်းရာနိုင်းသည်ဟု အမေသည် မခံမရပ်နိုင် ဖြစ်တတ်သည်။

ဤသည်မှာ သူတို့နှစ်ဦး၏ ပဋိပက္ခဥပမာတစ်ခုသာ ဖြစ်သည်။ ဆိုလိုသည်မှာ စရိုက်မတူသလို စိတ်ထားချင်းလည်း မတူကြဘဲ အမြဲလိုလို တစ်ယောက်နှင့်တစ်ယောက် မကျေမလည် ဖြစ်နေတတ်သည်၊ ဤကိစ္စအတွက် အဖေ့ခမျာမှာလည်း စိတ်ပင်ပန်းရသည်၊ သို့ရာတွင် မတတ်နိုင်ပါ၊ အိမ်ထောင်ရေးသည် ပဋိပက္ခနှင့် မလွတ်ကင်းပါ။

ဤသို့အားဖြင့် ကျွန်တော်တို့အိမ်ထောင်စုတွင် ကျွန်တော်ကြီးပြင်းခဲ့ရသည်။ တစ်ခါတစ်ရံ စိတ်ပျက်မိသလို၊ တစ်ခါတစ်ရံ ယင်းပဋိပက္ခကိုပင် ဘဝ၏ပျော်စရာတစ်ခုဟု မြင်သည်၊

ဆွေမျိုးသားချင်းကို ချစ်တတ်သောလူတိုင်း ဤသို့ ခံစားဖူးလိမ့်မည် ထင်ပါသည်၊

✢ ✢ ✢

စရိုက်သဘာဝ ခြားနေခြင်းနှင့် မေတ္တာတရားသည် တစ်ခုစီဟု နားလည်မိသည်၊ ဆွေရယ်မျိုးရယ်ဖြစ်လာလျှင် ချစ်တီးခံရမည်။ မချစ်ဘဲနေလို့မရ၊ ဆွေမျိုးသားချင်းများ ကြည်ဖြူအောင်

www.burmeseclassic.com

www.burmeseclassic.com



မုန်းတီးကြခြင်းသည် မမြင်ရမနေနိုင်အောင် ချစ်သောကြောင့် ဖြစ်သည်ဟု ကျွန်တော် ယုံကြည်ပါသည်။

စရိုက်သဘာဝချင်းမတူသော အထူးသဖြင့် သမီးယောက်မ ဖြစ်ကြသောအမေနှင့် ကျွန်တော့်ကြီးတော်တို့သည် မသိစိတ်၌ အလွန်အမင်း ချစ်ခင်နေကြသည်။ သူတို့ကိုယ်တိုင် သိချင်မှ သိမည်။ ကျွန်တော်တော့ သိသည်၊ သေချာပါသည်။

ကျွန်တော့်ကြီးတော်ကြီး လွန်စွာ နာဖျားမကျန်းဖြစ်လာသောအခါ ကြီးတော်ကြီးအနားတွင် မအိပ်မနေပြုစုသူမှာ ကျွန်တော့် အမေ ဖြစ်နေသောကြောင့်တည်း။ ဆဲဆိုကြိမ်းမောင်းရင်း၊ အပြစ်တင်ပြောဆိုရင်းနှင့်ပင် ကြီးတော်ကြီးသည် အမေ့အပြုအစုကို ခံယူခဲ့သည်။ ထူးခြားသည်မှာ ကြီးတော်ကြီး သတိမေ့မြောလျက် ကယောင်ကတမ်း ပြောသောအခါတွင် ကျွန်တော့်အမေ၏ အမည်ကို ထပ်ခါတလဲလဲ တသခြင်းပင် ဖြစ်ပါသတည်း။

BURMESE CLASSIC

✢ ✢ ✢

ကျွန်တော့်ကြီးတော်ကြီးသည် အိပ်ရာထဲတွင် နှစ်လနီးပါးလျှင် လဲနေခဲ့ပါသည်။ အမေသည် နှစ်လနီးပါး အအိပ်အစားပျက်ခဲ့ရပါသည်။ အမေ ကြုံလှီအားနည်းလာသလို၊ ကြီးတော်ကြီးသည်လည်း အခြေအနေ ပိုဆိုးလာခဲ့ပါသည်။

ကြီးတော်ကြီးသည် အမေ မကြိုက်သော ဆဲရေးခြင်းကိုလုံးဝ မပြုနိုင်တော့ပါ။ ဆဲရေးခြင်းသာ မတုတ်၊ နှုတ်မှ စကားတစ်လုံး



ပင် မပြောနိုင်တော့ပါ။ မေးသူတမေးလျှင် ခေါင်းညိတ်ခေါင်းခါသာ ပြုနိုင်တော့သည်။ မျက်လုံးဖြင့်သာ စကားပြောနိုင်တော့သည်။ ပါးစပ်ဖြင့် လုံးဝစကား မပြောနိုင်တော့ပါ။ အလွန်အဆဲသန်သော လူတစ်ယောက် စကားလုံးဝမပြောနိုင်ခြင်းသည် ကြေကွဲဖွယ်ကောင်းသော ဘဝ၏ ဆုံးမစာတစ်ခု မဟုတ်ပါလား။

✢ ✢ ✢

အားလုံး စိတ်ပူနေကြသည်။ ကျွန်တော့်ကြီးဒေါ်ကြီးကို ဆေးရုံတင်ထားရသည်။ သူ့ရောဂါသည် ကျွမ်းနေပြီဟု ယူဆရသည်။ သို့ရာတွင် သူ လုံးဝစကားမပြောနိုင်ခြင်းနှင့် သူ့ရောဂါသည် တခြားစီဖြစ်သည်ဟု ဆရာဝန်များက ဆိုကြသည်။ စကားမပြောနိုင်ခြင်းသည် အာရုံကြောနှစ်ခု ပူးသွားသဖြင့်သာ ဖြစ်သည်။ ခွဲစိတ်ကုသလိုက ဖြစ်နိုင်သည်။ အာရုံကြောနှစ်ခုကို ခွာပေးလိုက်ရုံနှင့် သူ စကားပြန်ပြောလာနိုင်သည်။ သူ့ရောဂါကိုတော့ အခြားနည်းနှင့် သီးခြားကုရမည်။ ဆရာဝန်များက အဖေ့သဘောထားကို မေးသည်။ အဖေက ဆုံးဖြတ်သည်။ ရောဂါကြောင့်နှင့် ကြီးတော်ကြီး ဆုံးဝါချင်ဆုံးပါးမည်။ ဤသည်မှာ တစ်ကဏ္ဍ ဖြစ်ပါသည်။ ဆုံးပါးသွားသည်တိုင် မဆုံးခင် သူ့ဆန္ဒကို အဖေ သိချင်သည်။ သူ့အစ်မ၏ နောက်ဆုံးစကားကို အဖေ ကြားချင်လှသည်။

အဖေသည် ခွဲစိတ်ကုသရန်ကိစ္စကို သဘောတူလိုက်သည်။ ကြီးတော်ကြီးကို ခွဲစိတ်နေသောအချိန်တွင် အားလုံး စိတ်ပူနေကြသည်။

www.burmeseclassic.com



အဖေသည် စိတ်လှုပ်ရှားလွန်းစွာ ဆေးရုံအောက်၌ ခေါက်တုံ့လမ်းသလားနေရှာသည်၊ အမေသည် ခွဲစိတ်ခန်းအပြင်ဘက်တွင် ဘုရားစာများ ရွတ်ဖတ်နေသည်။

"ခွဲစိတ်လို့တော့ ပြီးပြီ၊ ဒါပေမဲ့ မေ့ဆေး မပြယ်သေးဘူး" ဟု အမေကဆင်းပြီး သတင်းပေးသည်၊ ကြီးတော်ကြီး၏ သတိလည်လာမည့်အချိန်ကို စောင့်ဆိုင်းနေရသည်မှာ စိတ်လှုပ်ရှားစရာကောင်းလှပါတော့သည်။

⊹ ⊹ ⊹

အမေသည် ဒုတိယအကြိမ် ဆေးရုံပေါ်မှ ပြေးဆင်းလာပြန်သည်၊ အမေ၏မျက်နှာသည်လည်း စိတ်လှုပ်ရှားလွန်းနေမှန်းသိသာသည်၊ တစ်သက်နှင့်တစ်ကိုယ် မကြုံဖူးအောင် အမေ အူယားဖားယားဖြစ်နေသည်ကို ပထမဆုံးအကြိမ် ကျွန်တော် မြင်ရသည်။

အမေသည် အဖေ့အနားရောက်သော်လည်း တော်တော်နှင့် စကားမပြောနိုင်၊ အသက်ရှူမဝသလို ရင်တဖိုဖိုနေပြီးမှ-

"ကိုဖေသန်းရေ. . .မမ ဆဲပြီသိလား မမ ဆဲနေပြီ" ဟု ဝမ်းသာအားရ ပြောချလိုက်ပါသည်၊ ကျွန်တော့်ကြီးတော်သည် သတိလည်လာပြီး မျက်လုံးဖွင့်ကြည့်ကြည့်ပြီးချင်း အနီးတွင်ရှိနေသော မေ့ဆေးပေး ဆရာဝန်တစ်ဦးကို ဖေနှင့်ကိုင်တုတ်လျက် နှုတ်ဆက်လိုက်သည်။ ထိုအခါ အမေသည် ခွဲစိတ်ခန်းအတွင်းသို့ ဇွတ်အတင်းဝင်လျက် ဆရာဝန်၊ ဆရာမများကို တောင်းပန်ရလေတော့သည်၊ သို့ရာတွင် တောင်းပန်စရာပင် မလိုပါ။ အားလုံး



ပျော်ရွှင်ကြလျက် ပြုံးနေကြပါသည်၊ အမေ ဝင်လာသည်ကို မြင်လျှင် ကျွန်တော့်ကြီးတော်ကြီးသည်-

"ဟဲ့ ဖေ(×××)မ ငါ့တူတွေ နေကောင်းကြလား" ဟု ပဋိသန္ဓာရ စကားကို ဆိုလိုက်၏။

ဤအကြောင်းများကို အမေသည် ပြောရင်းတစ်ဝက်ဖြင့် အဖေ့ကိုဖက်လျက် ရှိုက်ငိုနေပြီ ဖြစ်ပါသည်။

ပျော်ရွှင်စွာကျသောမျက်ရည်ကို အဖေ့မျက်လုံးတွင်လည်း ကျွန်တော် တွေ့ရပါသည်။

⊹ ⊹ ⊹

စရိုက်သဘာဝဟူသည်ကို အရောင်တစ်ရောင်အဖြစ် သတ်မှတ်လျက် မေတ္တာကို ဆေးဆိုးဖို့ ကျွန်တော် ကြိုးစားကြည့်ပါသည်၊

ဆဲဆိုခြင်းကို နားဝလေသံပင် မကြားချင်သော အမေသည် ဆဲဆိုခြင်းကို သီလတစ်ပါးသဖွယ် စောင့်ထိန်းအသုံးပြုသော ကျွန်တော့်ကြီးတော်ကြီးနှင့် ပထမဆုံးအကြိမ် တွေ့ဆုံရစဉ်က မေ့မြောသွားခဲ့ရ၏။

ယခု နောက်ဆုံးအကြိမ် ဆဲရေးခြင်းကို ကြားရသောအခါ အဘယ့်ကြောင့် ကြည်နူးဝမ်းသာစွာ မျက်ရည်များပင် လည်ရပါသနည်း။

မေတ္တာတရားသည် ဆေးဆိုး၍ မရပါ။

၁၉၇၀ - ခုနှစ် ဇန်နဝါရီ
ရှုယပွင်း

www.burmeseclassic.com




# တောက်

ကျွန်တော်၏ အဖေသည် ဗေဒင်လက္ခဏာကို ယုံကြည်သူလည်းမဟုတ်။

ပညာရပ်တစ်ဆူအနေနှင့် လေးစားသော်လည်း သည်ပညာရပ်သည် သူနှင့် ဘာမှမဆိုင်သလိုပင် နေတတ်၏။

အဖေသည် သူ့ဘဝကို သူ့ဘာသာ ဖန်တီးချင်လွန်းအားကြီးတတ် သူသာ ဖြစ်လေသည်။

* * *

ကျွန်တော်တို့ငယ်စဉ်က အဖေသည် ရုပ်ရှင်ဒါရိုက်တာလည်း မဖြစ်သေး ချေ။ စာရေးဆရာ၊ စာပုံနှိပ်သူသာ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တစ်ဖန် 'ပဒေသာမဂ္ဂဇင်း' ကို သူ့ရှေ့မှ စာရေးဆရာများ ရေးဖော်ရေးဖက်များ၊ သူ့နောက်ပေါက် စာရေးဆရာများနှင့်ပူးပေါင်း၍ ထုတ်ဝေခဲ့ပါသည်။ အယ်ဒီတာအနေနှင့်လည်း တစ်ယောက်တစ်လှည့် 'စုပေါင်းညီညာ အောင်ကြောင်းဖြာ' သဘော။

"သိပ်ပျော်စရာကောင်းတဲ့ အလုပ်ပေါ့ သားရယ်၊ တစ်ယောက်နဲ့တစ်ယောက် ပြောမနာ၊ ဆိုမနာနဲ့။ တစ်ယောက်မှာ မရှိရင် တစ်ယောက်ကူညီနဲ့၊ ပြောရဦးမယ်။ ကိုတင့်တယ်ဆိုရင် အိမ်နောက်ဖေးဝင်၊ မီးဖိုချောင်ရှိသမျှ သူ့လက်ချက်နဲ့ ကုန်တာပဲ။ အဲ... ကိုသော်တာဆွေတတော့ တစ်မျိုး၊ သားရဲ့အမေက သွားကိုက်တတ်လို့ ဘိဟိုက်ဘာရန်ဒီ အသေးတစ်လုံး ဝယ်ထားတယ်၊ ဝါးတံကလေးတစ်ချောင်းမှာ ဂွမ်းစပတ်ပြီး အဲဒီဘရမ်ဒီကလေးဆွတ်လိုက်၊ သွားကိုက်လာတိုင်း သွားကြားထဲတို့လိုက်ရင် သွားကိုက်ပျောက်ပျောက်သွားတတ်တယ်။ အဲ... နောက်ပိုင်းရက်တွေကျတော့ အဲဒီဘရန်ဒီနဲ့တို့တာ မပျောက်တော့ဘူး။

"ဘာဖြစ်လို့လဲ မေမေ"

"ဘာဖြစ်ရမှာလဲ၊ နင့်ဦးလေး ကိုသော်တာဆွေက အဲဒီအရက်တွေ ခိုးခိုးသောက်ပြီး ရေနွေးကြမ်းတွေ ရောရောထားတာကိုး"

ကျွန်တော့်အမေတလည်း အဖေနှင့် အတူနေခဲ့ရစဉ်ကျွန်တော်တို့ ငယ်ဘဝ၊ သူတို့အရွယ်အလှအကြောင်းများကို အချိန်ရလျှင်ရသလို ပြောပြတတ်လေ၏။



"သခင်တင်ဦးကတော့ ရယ်လည်းရယ်ရပါရဲ့၊ အမေမွေးခဲ့တဲ့ မင်းတို့ သားခုနစ်ယောက်စလုံးကို မီးနေစောင့်တာဝန်ယူတယ်လေ၊ မင်းအဖေက အမြဲအလုပ်များနေတာကိုး"

"အောင်လင်းတတော့ တစ်မျိုး"

အမေသည် စာရေးဆရာ ဦးအောင်လင်းကို အောင်လင်းဟူ၍ပင် ခေါ်ဝေါ်သုံးစွဲလေသည်။ အဘယ်ကြောင့်ဆိုသော် ဆရာအောင်လင်းသည် အဖေတို့၊ အမေတို့ထက် အသက်ဆယ်နှစ်ခန့်မျှငယ်သောကြောင့် ဖြစ်လေသည်။

ဆရာအောင်လင်းသည် ကျွန်တော် ယခုပြောပြနေသောအချိန် ကာလ (ကျွန်တော် ပေါက်စနအရွယ်၊ သူလည်း စာရေးဆရာပေါက်စနအရွယ်) က ရန်ကုန်တက္ကသိုလ်တွင် အိုင်အေတန်းတွင် ပညာသင်နေဆဲ အဆောင်ကျောင်းသား ဖြစ်၏။ သူ့ဖခင်သည် တစ်နယ်တစ်ကျေးမှ ရဲအရာရှိကြီးတစ်ဦး ဖြစ်သည်။

ဆရာအောင်လင်းသည် အိုင်အေတန်း အဆောင် ကျောင်းသားဖြစ်သည်ဆိုသော်လည်း 'စင်ရော်' ဟူသောဝတ္ထုဖြင့် ကျွန်တော့်အဖေ၏ ပဒေသာမဂ္ဂဇင်းတွင် လူသိများကျော်ကြားခဲ့လေရာ မဂ္ဂဇင်း ပင်တိုင်စာရေးဆရာကဲ့သို့ဖြစ်လာပြီး တက္ကသိုလ် ကျောင်းအိပ်ကျောင်းစားဘဝမှ မဂ္ဂဇင်း တျောင်းအိပ်ကျောင်းစား ဘဝအဖြစ်ရပ်တည်ခဲ့လေသည်။

အဆောင်မှာနေသည်ဟူ၍မရှိဘဲ အဖေ့မဂ္ဂဇင်းတိုက်မှာပင် ဖြစ်သလိုအိပ်၊ ဖြစ်သလိုစားခဲ့သူ ဖြစ်၏။

"တိုသာခု ကျွန်တော့်သားတို့ ရိုက်နှတ်ဖြီးတော့လည်း ဆုံးမ

www.burmeseclassic.com



နိုင်ပါတယ်ဗျာ။ ကျွန်တော်လည်း အမြင်မတော်ရင် ရိုက်တာပဲ ဒီကောင့်ကို” ဟု ဆရာအောင်လင်း၏အဖေက ကျွန်တော့်အဖေအား အပ်နှံဖူးသည် ဆို၏။

ဒါနှင့်ပတ်သက်၍တတော့ ဟုတ်လိမ့်မည်ဟု ကျွန်တော် ယုံကြည်ပါသည်။ အဘယ်ကြောင့်ဆိုသော်-

ကျွန်တော် အသက်နှစ်ဆယ်ပတ်ဝန်းကျင် စာရှူးပေရှူးကလေးဘဝသို့ရောက်သည့်အခိုက် ဆရာအောင်လင်းနေထိုင်ရာ ရန်ကုန်မြို့ ဖဆပလတိုက်ခန်းသို့ ရောက်ခဲ့သည်။ ထိုစဉ်က ဆရာအောင်လင်းသည် အသက်လေးဆယ်ကျော်။

သူ့အိမ် ကျွန်တော်ရောက်ချိန်တွင် အသက်လေးဆယ်ကျော်အရွယ်၊ နိုင်ငံကျော်စာရေးဆရာကြီး ဦးအောင်လင်းအား အသက်ခြောက်ဆယ်ကျော်အရွယ် သူ့ဖခင် ပင်စင်စားရဲအရာရှိကြီးက ကြက်မွေးတုတ်တစ်ချောင်းဖြင့် ကောင်းကောင်းကြီး တွယ်နေသည်ကို ကျွန်တော့်မျက်မြင်ကိုယ်တွေ့ ကြုံဖူးပါသည်။

“ဒီမှာဗျ၊ အဖေတို့ခေတ်တလို ပုလိပ်တွေက အနုပညာသမားတွေကို နှိပ်စက်တဲ့အကျင့်ကြီး ခုထိစွဲမထားပါနဲ့။ အခု ပြည်သူ့ရဲခေတ်ဗျ”

ဟူ၍ အော်ဟစ်ရင်း ဆရာအောင်လင်းသည် ခေါင်းအုံးတစ်လုံးကို အတာအကွယ်ပြု၍ ခုတင်ထောင့်ကြွေးနံရံတွင် တွယ်ကပ်နေရာ သူ၏အရပ်သည် ပုသည်ထက် ပုသွားသယောင်ထင်ရ၏။

ကျွန်တော် ရောက်နေမှန်းသိတော့မှ သူ့ဖခင်ကြီးမှာ ဟောဟဲလိုက်ရင်းက အရိုက်အနှက် ရပ်လေ၏။



“ဘာဖြစ်တာလဲ အစ်ကိုရ”

“အလကားပါဗျာ၊ ငါ့ကို တစ်နေ့ ရမ်တစ်လုံးပဲသောက်ရမယ် ပြောထားတာ၊ ဒီနေ့ ငါသောက်တာ ရမ်တစ်လုံးခွဲဖြစ်သွားလို့တဲ့”

( မှတ်ချက်။ ။ ယခုအခါ ဆရာအောင်လင်းသည် အရက်ပြတ်လျက် တရားဓမ္မဘက်လိုက်စားကာ ကျမ်းစာအုပ်များ ပြုစုနေသူတစ်ယောက် ဖြစ်နေပါပြီ။)

* * *

“အောင်လင်းကတော့ မင်းအဖေ အပြင်ထွက်ခါနီး အရက်ဖိုးတောင်းတာမပေးရင် မော်တော်ကားဘီးအောက်မှာ ဝင်အိပ်ပြီး မပေးမချင်း မထွက်တော့ဘူး”

လူကြီးမင်းခင်ဗျား၊ ကျွန်တော်သည် ကျွန်တော့်အဖေ စာပုံနှိပ်လုပ်ငန်း၊ စာရေးဆရာလုပ်ငန်း လုပ်နေစဉ်ကာလက သူနှင့် လုပ်ဖော်ကိုင်ဖက်များအကြောင်းကို ရေးသားရာ၌ ဆရာအောင်လင်းနှင့် သူ့ဖခင်အကြောင်းကို အဘယ်ကြောင့် စကားကြောရှည် ရေးရပါသနည်း။

အကြောင်းရှိပါသည်။

ဆရာအောင်လင်း၏အဖေသည် အရက်မသောက်ထတ်။

ဆရာအောင်လင်းက သောက်တတ်၏။

ထိုအခါ သူ့အဖေသည် သူ့သားကို ကြိမ်ဖြင့်ဆော်၏။

ကျွန်တော့်အဖေသည် အရက်မသောက်တတ်။

www.burmeseclassic.com



ကျွန်တော်က သောက်တတ်၏။

အဖေက ကြိမ်ဖြင့်မဆော်သော်လည်း တစ်ခါတစ်ရံ လနှင့်ချီ၍ စကားမပြောဘဲ နေတတ်၏။

ကောင်းပါပြီ၊ ကျွန်တော် ပြောလိုသောအကြောင်းကို ထိပ်က ပြန်စပါမည်။

ကျွန်တော့်အဖေသည် ဗေဒင်လက္ခဏာ၌ ဝါသနာအထုံမရှိသူဟု ပြောခဲ့ပြီးပါပြီ။

စောစောကပြောသလို အဖေနှင့် သူ၏အဖွဲ့တို့ 'ပဒေသာ' မဂ္ဂဇင်း တည်ထောင်ထုတ်ဝေနေစဉ်က ဆရာစန္ဒ (ယခု ပုရောဟိတ် ဗေဒင် လက္ခဏာဆရာကြီး ဆရာစန္ဒ) သည်လည်း ပဒေသာတွင် လက္ခဏာ ဗေဒင်ဆောင်းပါးများကို ရေးနေလေသည်။

အခါအခွင့်ကြုံတိုင်း မိတ်ဆွေစာရေးဆရာများကို လက္ခဏာ ကြည့်ပေး၊ ဗေဒင်တွက်ပေး ပြုလုပ်တတ်၏။ အဖေ တစ်ယောက်တည်းတိုသာ ဘယ်လိုမှ ကြည့်လို့မရ၊ အဖေကလည်း သူ့လက်ဖဝါးကို ဘယ်တော့မှ မပြ။

သည်လိုနှင့် နှစ်ပေါင်းများစွာ ကြာခဲ့လေသည်။

တစ်လောတုန်းဆီက ကျွန်တော့်အဖေ ရိုက်ကူးနေသော 'ကြိုး' ဇာတ်ကားအတွက် ဇာတ်ဝင်ခန်းတစ်ခန်းတွင် နက္ခတ်၊ တာရာ၊ ဂြိုဟ်သွားဂြိုဟ်လာ၊ နေ၏လမ်းကြောင်း စသည် အကြောင်းအရာများ လိုအပ်နေသဖြင့် အဖေသည် ဆရာကြီးဦးစန္ဒထံ ပြေးရလေ၏။

အဖေက အတိုချုံးအကြောင်းရှင်းပြရာ ဆရာကြီးကလည်း မဆိုင်းမတွပင် အဖြေထုတ်ပေးလိုက်လေသည်၊ အဖေသည်လည်း



အလွန်အရေးပါသော ဇာတ်၏အထွတ်အထိပ်ခန်းအတွက် တိကျသောအဖြေကိုရပြီဖြစ်သဖြင့် ဝမ်းသာလေ၏၊ ဤတွင်-

"ကိုင်း. . . ကိုသာစု၊ ခင်ဗျားကို ကျုပ် ကူညီပြီးပြီ၊ ကျုပ်ကို ကူညီပါဦး"

"ဘာများလဲ ဆရာကြီး"

"ခင်ဗျားလက္ခဏာ ကျုပ် ကြည့်ချင်တယ်"

ချည်ပြီးတုပ်ပြီးလိုဖြစ်နေသဖြင့် အဖေ ပြလိုက်ရလေတော့သည်။

ဆရာကြီးသည် အဖေ၏လက္ခဏာကို အပေါ်ယံကြည့်မဟုတ်ဘဲ အသေအချာ တိုင်းထွာကြည့်ရှုပြီးနောက် ဟောစာတမ်းတို ကိုယ်တိုင်ရေးပြီး မေတ္တာလက်ဆောင် ပေးလိုက်လေသည်။

ဟောစာတမ်းတွင် ဘယ်နေ့ ဘာဖြစ်မည်၊ ဘယ်နှခုနှစ် ဘာဖြစ်မည် စသည်ဖြင့် တိတိကျကျပင်ပါရှိလေရာ ကျွန်တော် စိတ်အဝင်စားရဆုံးအချက်မှာ အဖေ အနိစ္စရောက်မည့်ရက်ပင် ဖြစ်ပါသည်၊ ဒါကတော့ မည်သူမဆို မိမိ၏မိဘကို စောစောစီးစီး မသေစေချင်ပါ မဟုတ်လား၊

ဤတွင် ကျွန်တော့်အဖေက ကျွန်တော်တို့တစ်တွေကို အောက်ပါအတိုင်း ဂုဏ်ယူဝင့်ကြွားစွာ ပြောလိုက်လေသတည်း၊

"ဟော့ကောင်တွေ ကောင်းကောင်းသတိထား။ ငါ တိုးဆယ့်ရှစ်နှစ်လောက်မှ သေမယ်တဲ့ကွ'

ကျွန်တော် စဉ်းစားကြည့်သည်။

ယခု ကျွန်တော်တို့ အရက်ဆိုးသောက်သည်ကို အဖေသည်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ချောင်း၏၊ တစ်ခါတ ကျွန်တော့်ကို နားရင်းတီးဖူး၏၊ ကျွန်တော်က ခိုးသောက်လိုက်၊ အဖေက ဖမ်းမိလိုက်ကလည်း အကြိမ်ပေါင်း နှစ်ဆယ်မကတော့။

နောင်လာမည့် အနှစ်ပေါင်း သုံးဆယ်ကျော်၊ ကျွန်တော် အသက်ခြောက်ဆယ်ကျော် (နေရရင်ပေါ့ဗျာ) ကျွန်တော့်အဖေ အသက် ကိုးဆယ်ကျော်၊ ထိုအချိန်တွင် ကျွန်တော် အရက် သောက်ချင်မှ သောက်တော့မည်၊ ထားပါ၊ သောက်သည်ဟု။

သောက်လျှင်လည်း ကျွန်တော့်အခြေအနေ နှမ်းပါးပါက ဘုံဆိုင်လမ်းဘေး မီးခွက်ကလေးများနှင့် ဆိုင်ကလေးတွေမှာ ဆိုပါစို့၊ ကျွန်တော်သည် လူချမ်းသာတစ်ဦးဖြစ်နေပါက ဟော်တယ်ကြီး တစ်ခုခုမှာ အအေးခန်းထဲမှာ စတိုင်လ်နှင့် သောက်မည်၊ ဝိစကီ၊

စဉ်းစားကြည့်ကြပါတုန်လော့၊

အသက်ခြောက်ဆယ်ကျော်အရွယ် အဘိုးကြီးတစ်ယောက် အရက်ဆိုင် သို့မဟုတ် ဟော်တယ်တစ်ခုခုတွင် အရက်သောက် နေခိုက် အသက်ကိုးဆယ်ကျော်အရွယ် အဘိုးအိုတစ်ယောက် (ခြေအိတ်တျားကြီးနှင့်၊ တင်ဘတ်ဖိနပ်ကြီးနှင့်၊ တုတ်ကောက်ကြီး နှင့်) က လိုက်လံချောင်းမြောင်းပြီး လူကြားသူကြား နားရင်းဝင်ရိုက် နေမှဖြင့်၊

"တောက်"

၁၉၈၁ ခုနှစ် ဇွန်လ
ပေဖူးလွှာမဂ္ဂဇင်း

# စက်နှင့်လူ

ဆရာလှသည် ယခုအခါ ပုံနှိပ်လုပ်ငန်းဖြင့် အလွန်တွင်ကျယ် နေသော တစ်နည်းအားဖြင့် ပုံနှိပ်လောကတွင် မသိသူမရှိ သလောက်ရှားသော လူတစ်ယောက် ဖြစ်နေပါပြီ။

ပုံနှိပ်စက်ဆရာတစ်ရာတွင် ခုနစ်ဆယ်လောက်သည် ဆရာလှ၏ တပည့်များဖြစ်နေခြင်းမှာ ပစ်မလွဲသေချာပါသည်။

ယခုအခါ ဆရာလှသည် ကိုယ်ပိုင်အိမ်ရာခြံမြေနှင့် ကား နှင့်၊ မော်တော်ဆိုင်ကယ်နှင့်၊ သားသမီး (၁၃) ယောက်နှင့် တင့်တယ် နေပါပြီ။

⁂ ⁂ ⁂

www.burmeseclassic.com

www.burmeseclassic.com



ဆရာလှသည် ငယ်စဉ်က ခရမ်းသုံးခွဘက်တွင် ဆင်းရဲသော မိဘနှစ်ပါးမှဖွားမြင်ပြီး ငယ်ငယ်ရွယ်ရွယ်နှင့်ပင် မိဘများ ဆုံးပါးသဖြင့် ဝမ်းရေးကို လယ်ထွန်၊ နွားကျောင်းရင်း ဖြည့်ဆည်းခဲ့ရသည့် တောသားကလေးမျှသာ ဖြစ်ပါသည်။ သူ စာမတတ်ချေ။ (မှတ်ချက်။ ။ယခုထိလည်း ကောင်းစွာ မတတ်ပါ။) သို့သော် ကံတရားသည် သူ့အား စာပေလောကသို့ ပို့ဆောင်ရာတွင် သာမန်မဟုတ်၊ စာရေးဆရာများ ထုတ်ဝေသူများ၊ ပုံနှိပ်သူများ၊ စာအုပ်ရောင်းသူများ၊ စာအုပ်ရောင်းဆိုင်များကပါမကျန် သူ့နာမည်ကို အသိအမှတ် ပြုရလောက်အောင်ထိပင် ဖြစ်စေခဲ့သည်။ မောင်မောင်လှဆိုလျှင် တစ်ချိန်က ဘယ်စာအုပ် မျက်နှာဖုံးဖြစ်ဖြစ် သူရိုက်ပေးမှ ကောင်းသည် ထင်ကြသည့်အထိ။ သို့ကြောင့်ပင် သူ့အမည်ကို ကာလာမောင်မောင်လှဟု အများကပင် အလိုလို ကင်ပွန်းတပ်ပေးလိုက်ကြခြင်း ဖြစ်ပေသည်။

တစ်နေ့တွင် သူတို့ရွာမှ သူကြီးတစ်ယောက် ရန်ကုန်သို့ ရွာကျောင်းဘုန်းကြီးအတွက် ကျမ်းစာအုပ်များ ဝယ်ရန်သွားသဖြင့် မောင်မောင်လှကို အဖော်ခေါ်ခဲ့လေသည်။ ဤသည်ကား မောင်မောင်လှ၏ ဘဝတစ်ကွေ့စခြင်းပင်။

ရန်ကုန်ရောက်တော့ သူကြီးနှင့်ပင် ဟိုယောင်ယောင်သည်ယောင်ယောင်သွားလာရင်း ကျွန်တော့်အဖေ၏ ပူတူးတူး ပေါင်ဒါတံဆိပ်များရိုက်သော ပုံနှိပ်တိုက်ကလေးသို့ ရောက်ခဲ့လေသည်။ ထိုသူကြီးမှာ အဖေနှင့် ခင်မင်လေသည်။

ကျွန်တော်တို့ သဘောတိုက်ဆိုင်မှုခေါ်မည်လား၊



လူကြီးတို့အလို ဘဝအထုံရေစက်ခေါ်မည်လား မသိနိုင်ပါ။

အဖေသည် မောင်မောင်လှကို မြင်မြင်ချင်း မွေးစားချင်သည်ဟု ပြောလိုက်မိ၏။ မောင်မောင်လှကလည်း စက်မှုလက်မှု၌ ဝါသနာထုံသည်နှင့် နေခဲ့ချင်သည်ဖြစ်၏။ မောင်မောင်လှမှာ ရွာမှာနေလျှင်လည်း ဘုန်းကြီးကျောင်းနေရပြီး နွားကျောင်းရရုံရှိမည်။ သည်မှာဆို တစ်စုံတစ်ရာဖြစ်နိုင်သည်ဟု သဘောပေါက်ကာ သူကြီးက ကျွန်တော့်အဖေထံ တစ်ခါတည်း အပ်နှံခဲ့လေတော့သည်။

* * *

ရောက်စ၌ မောင်မောင်လှ၏တာဝန်မှာ ပူတူးတူး ပေါင်ဒါလုပ်ငန်းတွင် ကြော်ငြာတစ်လှည့်၊ ပေါင်ဒါလျှောက်ပို့စသော လုပ်ငန်းများတွင် အသုံးပြုသည့် ကားစုတ်ကလေးကို နံနက်မိုးလင်းလျှင် အင်ဂျင်ဝိုင်ဖြည့်၊ ဓာတ်ဆီတိုင်း၊ ရေဖြည့်၊ စုန်သုတ်။

တစ်စတစ်စနှင့် အဖေ ကားပြင်လျှင် ဝိုင်းကူလုပ်။

နောက် မောင်မောင်လှသည် ကားမောင်းတတ်သည် အထိ။

ကားပြင်တတ်သည်အထိ ဖြစ်လာတော့သည်။ ဘာမျှမကြာလိုက်။ နှစ်ပိုင်းကလေးအတွင်း ကားနှင့်ပတ်သက်၍ အဖေ ဘာမျှ ကြည့်စရာမလိုတော့၊ အားလုံး မောင်မောင်လှ။

မောင်မောင်လှ ဉာဏ်ကောင်းပါသည်။

ကျောင်းပညာသင်ခဲ့ရလျှင် ပညာရှင်ကောင်းတစ်ယောက်ပင် ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်လှသည် မော်တော်ကားအလုပ်နှင့်ပင် သူ့ကိုယ်သူ မတင်းတိမ်။ အခြားသော အဖော့တပည့်များ လုပ်ကိုင်နေကြသည့် ပုံနှိပ်လုပ်ငန်းကို မျက်စိကျနေသည်။

ထို့ကြောင့် ထိုအလုပ်သမားများကို ပူးပေါင်းကပ်ပေါင်း လုပ်သည်။ စက်ရိုက်သင်သည်။

ထိုစဉ်က ပုံနှိပ်စက်များမှာ ယခုခေတ်ကဲ့သို့ မော်တာအားဖြင့် လည်ပတ်သည်မဟုတ်ဘဲ ခြေဖြင့်နင်းရသောစက်မျိုး ဖြစ်သည်။ (ယခု တိုင်နယ်အချို့တွင် ရှိသေးသည်။)

မောင်မောင်လှသည် ကားကိစ္စ အားလပ်လျှင် ကျွန်တော့်အဖေ၏အလစ် ပုံနှိပ်စက်ကို ဝင်၍ကူနင်းပေးသည်။ စက်သမားကတော့ အနင်းရသက်သာတော့ အကြိုက်ပေါ့။

သည်လိုနှင့် စက်ဝင်နင်းရာမှ စက်ထဲသို့ပုံနှိပ်မည့် စက္ကူရွက်ကို ထိုးထည့်သည့် အပိုတိုပါ စမ်းလုပ်လာ၏။ ထို့နောက် ကာလာ (အရောင်စပ်နည်း) ရိုက်နည်း၊ တစ်ရောင်နှင့်တစ်ရောင် ထပ်နည်း၊ ဘဘောက်ချိန်နည်းစသော ရောင်စုံပုံနှိပ်လုပ်ငန်းပညာနှင့်ပတ်သတ်၍ မောင်မောင်လှ ကျွမ်းကျင်လာတော့သည်၊ သူ၏တာဝန်ဖြစ်သော မော်တော်ကားလုပ်ငန်းလည်း မပျက်၊ သူသည် အလွန်ကြိုးစား၏။ နေ့ရောညပါ စက်ရိုက်ရသော ရက်များတွင် စက်ဆရာခမျာ ညပိုင်း အိပ်ငိုက်လျှင် မောင်မောင်လှကိုပင် အဖေ၏အလစ်၌ ဝင်ကိုင်ခိုင်းထတ်၏။

တစ်နေ့တွင် -

" ဟေ့ ဒီဘက်အပုံတ ဘယ်သူရိုက်ထားတာလဲကွ"



နံနက်ပိုင်း အဖေအပြင်သွားခါနီး စက်ခန်းမှ ဖြတ်သွားခိုက် ရွှေတိဂုံစေတီတော်ပုံတော်များ ရိုက်နှိပ်ထားသည့် ပိုစတာ အပုံသုံးလေးပုံအနက်မှ အလယ်ကအပုံကို လက်ညှိုးထိုးပြီး မေးရာ စက်ရိုက်သမားနှစ်ယောက်မှာ မျက်တလဲဆန်ဖျာ ဖြစ်ရတော့၏။

အမှန်မှာ အားလုံးပေါင်း အရွက်ရေ ငါးထောင်ရိုက်ရမည်ဖြစ်ရာ စက်ဆရာနှစ်ယောက်မှာ တစ်ယောက်ကို နှစ်ထောင်စီ ရိုက်ပြီး ကျန်တစ်ထောင်ကို မောင်မောင်လှနှင့်လွှဲပြီး သူတို့က အိပ်နေလိုက်ကြခြင်း ဖြစ်၏။

အဖေကလည်း မျက်စိရှင်သူပီပီ အရွက်နှစ်ထောင်ပုံ နှစ်ပုံနှင့် အလယ်က တစ်ထောင်ပုံတစ်ပုံရိုက်သော မင်သားအကျအန အစပ်အဟပ်ပါ ကွာနေသည်ကို ချက်ချင်း သိလိုက်သောကြောင့် ဖြစ်၏။

" ဟေ့ကောင်တွေ မေးနေတာ မကြားဘူးလား ၊ ဒီအလယ်က အရွက်တစ်ထောင်ပုံ ဘယ်သူ ရိုက်တာလဲလို့"

သည်တော့ စက်ဆရာနှစ်ယောက်လည်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး -

" ည . . . ညက ကျွန်တော်တို့ သိပ်ပင်ပန်းပြီး ငိုင်လာတာနဲ့ မောင်မောင်လှကို ဝင်ရိုက်ခိုင်းမိတာပါ ဆရာ "ဟု အသနားခံကြ၏။

" ခေါ်စမ်း ဒီကောင့်ကို "

ခဏနေတော့ မောင်မောင်လှ မျက်ရည်တလေး တလည်လည်နှင့် ရောက်လာတော့၏။

www.burmeseclassic.com

www.burmeseclassic.com



" မောင်လှ၊ ဒါ မင်းရိုက်တာဆို"

" ဟုတ်ကဲ့ အစ်ကို "

" မင်းက ရိုက်တတ်လို့လား "

" သူတို့ ရိုက်တာတို ကြည့်ထားတာပါအစ်ကို ၊ သူတို့က လည်း နည်းနည်းပါးပါး သင်ပေးပါတယ် "

" ကောင်းပြီ၊ ဒါထားတော့၊ သူတို့ရိုက်လက်စကို မင်း ဝင်ရိုက်ရင်း ဘာလို့ အရောင်တွေ ပြောင်းကုန်သလဲ"

" ရိုက်နေရင်း မင်ကုန်သွားလို့ ၊ ကျွန်တော့်ဘာသာ စပ်ပြီး ပြန်ရိုက်တာပါ အစ်ကို"

အဖေက ဘာမှ မပြောသေးဘဲ စက္ကူပုံများကို သာ ငေးကြည့်နေခိုက် မောင်မောင်လှသည် ရှိုက်သံတစ်ဝက်ရောလျက် ပြောရှာ၏။

" ဒီတစ်ခါတော့ ကျွန်တော့်ကို ခွင့်လွှတ်ပါအစ်ကို၊ ကျွန်တော် အမှန်အတိုင်းလည်း ဝန်ခံပြီးပါပြီ၊ နောက်ကို စက်နား တောင် မတပ် . . . "

သူ့စကားမဆုံးမီ အဖေက လက်ဝါးကာပြီး -

"မဟုတ်ဘူး ၊ မင်းရိုက်တာ ဟိုနှစ်ကောင် ရိုက်တာထက် ပိုကောင်းနေလို့ ပြောတာကွ "

ဤတွင် မောင်မောင်လှခမျာ ရှိုက်နေရာမှ ဝမ်းသာလုံး ဆို့ပြီး အားရပါးရ ငိုပါတော့သတည်း။

* * *



ဤတွင်မှအစ မောင်မောင်လှသည် စက်ဆရာအဆင့်သို့ တိုးမြှင့် ခန့်အပ်ခြင်းခံရလေသည်။ နောင်သော် မူလစက်ဆရာများ သည်ပင် သူ့တပည့်တွေ ဖြစ်ကုန်တော့၏။

မောင်မောင်လှ စက်ဆရာဖြစ်လာသည့် နောက်ပိုင်းတွင် ရောင်စုံမျက်နှာဖုံး၊ ပြက္ခဒိန်၊ ကြော်ငြာစသည့် အလုပ်ရှင်များလည်း အဖေ့ ပုံနှိပ်တိုက်တွင် ပို၍ အလုပ်အပ်လာကြတော့သည်။

ထိုအချိန်တွင် အလျှင်ကလို ခြေဖြင့်နင်း၍လှည့်ရသော စက်မျိုး မဟုတ်တော့ဘဲ လျှပ်စစ်မော်တာတလေးဖြင့် လည်သော စက်မျိုး ဖြစ်နေပါပြီ။ မည်သို့ပင်ဖြစ်စေ စက်ကလည်း ပုံနှိပ်ရုံ တာဝန်သာယူပြီး ကျန်သော စက္ကူထည့်၊ ရိုက်ပြီးစက္ကူ ပြန်ထုတ်၊ နေသားတကျစီ၊ မင်ဖြည့် မင်ညှိစသော အလုပ်များကိုမူကား လူကိုယ်တိုင်ပင် လုပ်ရလေသည်။

တစ်နေ့ အင်္ဂလိပ် မဂ္ဂဇင်းတစ်ခုတွင် ကြော်ငြာတစ်ခု ပါလာ ၏။ ဂျာမနီပြည်လုပ် ဟိုက်ဒီဘတ်အမည်ရှိ ပုံနှိပ်စက် သစ်ကြော်ငြာ။

အဖေ ချက်ချင်းပင် စာရေးမှာ၏။

လပိုင်းကြာတော့ စက်ရောက်လာသည်။

သို့သော် စက်ကို မိမိဘာသာ ဘာမျှ မတပ်ဆင်ပါနှင့်၊ သူတို့ အင်ဂျင်နီယာများ မကြာခင်လာရောက် တပ်ဆင်ပေးမည် ဟူသော စာလည်းပါလာ၏။

အဖေကား မနေနိုင်၊ သူ့ဘာသာသူ တပ်ဆင်ချင်သည်။ စက်နှင့် အတူပါလာသော စက်တပ်ဆင်ပုံစာအုပ်အညွှန်းအတိုင်း ဆင်သည်။ အစ၌ အခက်အခဲတွေ့သော်လည်း စိတ်အားထက်သန် လိုက်သော နောက်ဆုံးအောင်မြင်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



စက်မှာ ယခုခေတ်အဖို့ မထူးခြားသော်လည်း ဟိုတစ်ခေတ်တာအဖို့ အလွန်ထူးခြားနေသည်။ ဆိုပါစို့၊ စက္ကူကို စက်၏တစ်နေရာမှာ ပုံပေးလိုက်၊ စက်ကိုလိုအပ်သော ခလုတ်များနှိပ်လိုက်၊ စက်စလည်ပြီး စက္ကူကို သူ့ဘာသာသူရိုက်၊ သူ့ဘာသာသူ ပြန်ပို့၊ သူ့ဘာသာသူ ညီအောင်စီ၊ လိုအပ်သော ရွက်ရေပြည့်လျှင် အလိုအလျောက် စက်ရပ်သွား၏။

အကယ်၍ စက္ကူ တစ်ရွက်ချင်း ရိုက်နေရာမှ မတော်တဆ နှစ်ရွက်ကပ်ပါသွားလျှင် ဒုတ်ခနဲ စက်ရပ်သွားသည်။ လူက ဘာဆိုဘာမျှ လုပ်စရာမလို။ စက္ကူရွက် တစ်ပြားစာကလေးပင် အလွဲမခံအောင် တိကျလှသောစက်။ ပြီးတော့ မှိုးရိုးစက်က တစ်နာရီ ရွက်ရေ တစ်ထောင်ကျအောင်ရိုက်နိုင်လျှင် သူက ငါးထောင်အထိ။

ပြီးတော့ ရိုက်ပြီးစက္ကူများ မင်မခြောက်ခင် တစ်ရွက်နှင့် တစ်ရွက် ထပ်ပြီးစီးသောအခါ တစ်ရွက်၏ ဆေးသား အခြားတစ်ရွက်၏ကျောသားနှင့် မကပ်အောင် အလိုအလျောက် ပေါင်ဒါမှုန့်ဖြူးသည်။

ကောင်းပြီ၊ စက်ရိုက်လို့ပြီးပြီ။ သိမ်းတော့မည်ဆိုလျှင် သူ့ဘာသာသူ ရေနံဆီဖြင့် အလိုအလျောက် ဆေးကြောသည်။ ထားပါ၊ ဆိုလိုသည်မှာ မောင်မောင်လှလို ပုံနှိပ်စက်သရဲတစ်ယောက်အဖို့ ပါးစပ်အဟောင်းသား ဖြစ်စေသောစက်။

စက်ကို ပထမ ဖြည်းဖြည်းစမ်းသပ်ရာမှ တစ်ပတ်လောက်အတွင်း သူ့အညွှန်းပါနှုန်းအတိုင်း လည်ပတ်စေနိုင်လာတော့သည်။

ပုံမှန်အတိုင်း စတင်အလုပ်လုပ်သောနေ့မှာပင် ဂျာမနီ နှစ်ယောက် ရောက်လာကြသည်။ သူတို့က ဦးသာခုနှင့် တွေ့ချင်ကြောင်း၊ သူတို့သည် ဂျာမနီမှလာကြောင်းပြောရာ စက်ဆီများ အလိမ်းလိမ်းကျံနေသော ဖေဖေက သူပင် ဦးသာခု ဖြစ်ကြောင်းနှင့် အတွင်းခန်းမှာ လည်ပတ်နေသောစက်ကို ခေါ်ပြလိုက်ရာ ဂျာမနီများ အလွန်အံ့အားသင့်ပြီး ချီးကျူးစကားပြောလေ၏။

" ဒီလိုဆိုရင်တော့ ကျွန်တော်တို့ အချိန်ကုန် မခံတော့ဘူး။ စင်ကာပူကို ကူးစရာရှိတယ်။ ဒီနေ့ လေယာဉ်နဲ့ပဲပြန်မယ် " ဟု နှုတ်ဆက်ပြန်သွားကြ၏။

သူတို့ ပြန်သွားကြသောအခါ တစ်ချက်ချတ်နှင့် ပုံမှန်အလုပ် လုပ်နေသော စက်အနား၌ တစ်ဖဝါး မခွာနိုင်ဘဲလျက် ပါးစပ်အဟောင်းသားဖြင့် သဘောကျနေသော ဆရာမောင်မောင်လှတ-

"အစ်ကို ၊ နတ်တို့ဘာတို့ဆိုတာ ဒီကောင်တွေကိုများ ပြောတာလား မသိဘူးနော် "

"သူတို့လည်း လူပါပဲကွာ၊ သူတို့က စက်မှုလက်မှုပညာကို တိုးတက်ကျွမ်းကျင်လို့ပါ "

ဆရာလှလည်း စဉ်းစားလိုက်ပြီး -

"ဒီကောင်တွေတတောင် ဒါလောက်ကောင်းတဲ့ စက်တွေ လုပ်နိုင်နေရင် နောက်ဆို သူတို့လုပ်တဲ့ စက်တွေဟာ မင်တွေ၊ စက္ကူတွေပါ သူတို့ဘာသာ သွားဝယ်မလား မသိဘူးနော် အစ်ကို "

အဖေက ရယ်လေသည်။

" အေး . . . ခုလည်း သူတို့ဆီမှာ စက်တစ်မျိုး ပေါ်နေပြီကွ၊ ပုံနှိပ်စက်တော့ မဟုတ်ဘူး "

www.burmeseclassic.com



"ဘာစက်လဲ အစ်ကို"

"ငါ ပြောပြမယ်လေ၊ ဒါပေမဲ့ ငါနဲ့တော့ မဆိုင်ဘူး၊ မင်းနဲ့ဆိုင်တဲ့စက်၊ ငါတောင် ခုနက ပြန်သွားတဲ့ ဂျာမနီတွေနဲ့ တစ်လုံးမှာလိုက်တယ်၊ ရွှေလဆို ရောက်လာလိမ့်မယ် မင်းအတွက်"

ဆရာလှသည် ခပ်တွေတွေကလေး စဉ်းစားလိုက်၏။

"ဒီလိုကွာ၊ မင်းက ညပိုင်းမှာ စက်ရှိက်ရတဲ့တာဝန် ယူထားတော့ မနက်မှ အိပ်ရတယ်မဟုတ်လား၊ ဒီတော့ ညပိုင်းမှာ မင်း မခင်မေနဲ့ တွေ့ရချိန် သိပ်မရှိဘူး မဟုတ်လား"

ဆရာလှက ခေါင်းညိတ်၏။ ထိုအချိန်တွင် ဆရာလှသည် လမ်းထဲမှ မခင်မေဆိုသူ အမျိုးသမီးနှင့် အိမ်ထောင်ကျပြီးနေပြီ ဖြစ်လေသည်။

"ဒီတော့ကွာ၊ တစ်ခါတစ်ခါ ငါလည်း ယောက်ျားချင်း ကိုယ်ချင်းစာသလို မိန်းမတွေအပေါ်မှာလည်း နားလည်မှု ရှိမိတယ်၊ မခင်မေမှာ မင်း သူ့အနားမှာ နေစေချင်ရှာမှာပေါ့"

"ဟာ အစ်ကိုကလည်း"

"ဟ ဒါရှက်စရာလား၊ လင်ရယ်မယားရယ် ဒီလိုပဲ နေချင်မပေါ့"

"ပြောပါဦး အစ်ကို၊ အဲဒီစက်က"

"အေး . . . အဲဒီစက်က လိုအပ်တဲ့ခလုတ်တွေ နှိပ်ထားလိုက်ရင် လူလိုပဲ အစစအရာရာ လုပ်နိုင်စွမ်းရှိတယ် ဆိုပါစို့ကွာ ရေထမ်းတာကအစ အိမ်တံခါးတွေ အလုံလိုက်ပိတ်တာတို့၊ မီးတွေ လိုက်ပိတ်လိုက်ဖွင့်လုပ်တာတို့၊ တလေးထိန်းတာတို့၊ မင်းလုပ်ရမယ့် တာဝန်တွေ အကုန် သူက လုပ်လိမ့်မယ်"



"အဲဒီတော့ . . ."

"အဲဒီတော့ မင်းက ဒီမှာပဲ အေးအေးဆေးဆေး စက်ရှိက်နေပေါ့ကွာ၊ မင်းအိမ်မှာ စက်က လုပ်စရာရှိတာတွေ လုပ်ထားတော့ မင်း စိတ်ချလက်ချ အလုပ်လုပ်နိုင်တာပေါ့"

ပထမတော့ သူ တွေဝေစွာ စဉ်းစား၏၊ ခေါင်းကို တဖြင်းဖြင်း ကုတ်၏၊ လေးလေးနက်နက် စကားဆို၏၊

"သူက ကျွန်တော့်အလုပ်တွေ အကုန်လုပ်မှာပဲလား"

"အေး . . ."

"အစ်ကိုကလည်း ဒီစက် မှာလိုက်ပြီ"

"ငွေပါ ချေလိုက်ပြီကွ"

ဆရာလှသည် အံကိုတင်းလိုက်၏၊ သူ့ဆရာ (ကျွန်တော့်အဖေ) ရှေ့တွင် တစ်ကြိမ်မှ မထွက်ဖူးသောလေသံဖြင့် -

"ဒီစက် ရောက်လာရင် ကျွန်တော် ဓားနဲ့ခုတ်ပစ်မယ် အစ်ကို ခုတ်ပစ်မယ်ဗျ"

* * *

နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ၊

ဆရာလှသည် ကာလာမောင်မောင်လှအမည်ဖြင့် တားနှင့်၊ ခြံနှင့်၊ အိမ်နှင့် တင့်တင့်တယ်တယ် ဖြစ်နေပါပြီ၊ တစ်ခါတစ်ရံ အဖေကပင် ငွေလိုလျှင် သူ့ထံ ပြေးဆွဲရသည်၊

သို့သော် ဆရာလှသည် တစ်နှစ်မျှ ဝတ္ထုရေးမပျက်၊ နှစ်စဉ် သီတင်းကျွတ်တိုင်း အဖေ့ထံလာပြီး ဖွယ်ဖွယ်ရာရာသော ဝတ္ထုပစ္စည်းများဖြင့် လာတန်တော့၏၊

www.burmeseclassic.com

www.burmeseclassic.com



လာတိုင်းလာတိုင်းလည်း ကလေးတစ်ယောက်တစ်ယောက် တစ်နှစ်ခြား နှစ်နှစ်ခြားဆိုသလို တိုးလာတတ်၏။

"ဟော့ . . . သိပ်ပြီး ကလေး မများစေနဲ့နော် " ဟု အဖေက သတိပေးလျှင်လည်း ရယ်မောလျက်သာနေတတ်၏။

"ဒါမှမဟုတ်လည်း ဟို ငါပြောဖူးတဲ့စက် မှာပေးရမလား" ဆိုတော့လည်း ရယ်မောလျက်သာ နေတတ်၏။

ယခုနှစ် ဆရာလုံ လာ၍ကန်တော့သောအခါ ကလေး တစ်ဆယ့်သုံးယောက်ပါလာသည်၊ သူသည် အသက်ငါးဆယ်ကျော် နေပြီး ဒေါ်ခင်မေလည်း လေးဆယ်ကျော်ပြီ။

"တော်လောက်ရောပေါ့ မောင်လှရယ်၊ မင်းတို့လည်း အသက်ကြီးပြီ၊ မခင်မေလည်း ပင်ပန်းလှရှာပြီ "

"ကျွန်တော်က ရရင်ယူချင်သေးတယ် အစ်ကိုရာ"

"ဟ. . . ခုပဲ တစ်ဆယ့်သုံးယောက်ရှိနေပြီကွာ၊ ကလေးတွေ ဒါလောက်များတာ ဘာလုပ်မှာတုံး "

"ဟာ . . . အစ်ကို ဘာသိလို့လဲ၊ ခုဆယ့်သုံးယောက်ထဲမှာ မိန်းကလေး ခြောက်ယောက်၊ ယောကျ်ားလေးက ခုနစ်ယောက်၊ အဲနောက်ထပ် ယောကျ်ားလေး ရချင်ရဦးမှာ၊ ကျွန်တော့်သားတွေထဲမှာ နောင်တစ်နေ့ နိုင်ငံတာဝန်ကို အလွန်ရှေးပါတဲ့ နေရာကထမ်းဆောင် မည့်သူဖြစ်မယ့်သား ပါမလာဘူးလို့ အစ်ကို ပြောနိုင်လို့လား။

၁၉၈၁ ခုနှစ်၊ ဧပြီ
ငွေတာရီမဂ္ဂဇင်း

# အမေ၏အလှူ

ကျွန်တော့်အမေသည် ညတိုင်းဘုရားဝတ်ပြု ၊ အမျှအတန်း ဝေငှ၊ မေတ္တာပို့သ စသည့်အလုပ်မျိုးကို လုပ်တတ်သော မိန်းမကြီး အမျိုးအစားတွင် မပါဝင်ချေ။

ဝါတွင်းသုံးလတွင် နီးစပ်ရာ ၊ နာမည်ကြီးရာ ၊ ဓမ္မရိပ်သာတွင် သွားရောက်ပြီး ဉာဏ်စဉ်မရရအောင် ကြိုးစားအားထုတ်နေတတ်သော မိန်းမကြီး အမျိုးအစားတွင် မပါဝင်ချေ။

တစ်လတစ်ကြိမ် မတတ်နိုင်သည့်တိုင် လေးငါးခြောက်လ တစ်ကြိမ် အလှူအတန်းပေးပြီး ကုသိုလ်ကောင်းမှုတို ရှာဖွေတတ်သော မိန်းမကြီးမျိုးတွင်လည်း မပါဝင်ချေ။

www.burmeseclassic.com

www.burmeseclassic.com



*ဤသို့ဆိုသဖြင့်အထက်ပါ အမျိုးအစားတွင် ပါဝင်သော* မိန်းမ ကြီးမျိုးကို ကျွန်တော်က အပြစ်ဆိုခြင်း၊ ကဲ့ရဲ့ရှုတ်ချနေခြင်းဟု မထင်လိုက်ကြပါနှင့်။ လူသည် မိမိဘဝနှင့် မိမိနေတတ်သော သဘာဝတွင် တည်ရှိနေကြပါသည်။ ကျွန်တော်နှင့် မဆိုင်ပါ။

ကျွန်တော်၏အမေအကြောင်းကို ပြောပြလိုခြင်းမျှသာ ဖြစ်ပါသည်။

အထက်၌ ဆိုခဲ့သကဲ့သို့ ကျွန်တော့်အမေသည် ထိုအမျိုးအစားများတွင် မပါဝင်သော်လည်း မိန်းမတစ်ယောက် ပီသစွာ အလှူ အတန်း ပြုခြင်း၊ မေတ္တာပို့ အမျှဝေခြင်း၊ ငြိမ်းချမ်းသော စိတ်ကို မွေးမြူနိုင်ရန် တရားကို ကျင့်ကြံခြင်း စသောကိစ္စများတို့ သူ့နည်း သူ့ဟန်ဖြင့် ပြုလုပ်နေသူဖြစ်ပါသည်။

သူ မည်ကဲ့သို့ လုပ်ဆောင်ပါသနည်း။

အမေသည် ဖြစ်ပေါ်တွေ့ရှိသမျှ လူမှုဒုက္ခ မှန်သမျှကို ဘယ်သောအခါမျှ တုံ့ပြန်လေ့မရှိပါ၊ လည်စင်းခံပြီး အေးချမ်းစွာ ပြေလည်စေတတ်သူဖြစ်ပါသည်။ သည့်အတွက် အမေ့ကို အားနည်းသူ၊ အရှုံး ပေးသူ၊ ရင်မဆိုင်ရဲသူဟူ၍ ထင်လိုက ထင်နိုင်ကြပါသည်။ သို့သော် ကျွန်တော်ဆိုလိုသည်မှာ ဤကဲ့သို့ ငြိမ်းချမ်းသောစိတ်ကို မွေးမြူခြင်းသည်ပင် အမေ၏ တရားထိုင်နည်း၊ ဉာဏ်စဉ်ရှာနည်း ဟူ၍ ကျွန်တော်သဘောပေါက်ထားပါသည်။

" မခင်ညိုရယ် ညည်းမလည် ဘုရားဝတ်ပြုချိန်တောင် မရှိပါလား" ဟူ၍ အမေ့သူငယ်ချင်းတယောက်က မေးသောအခါ အမေက -



"ဟဲ့ ထမင်းချက်ရင်း၊ အဝတ်လျှော်ရင်း ငါဘုရားကို အာရုံပြုနေသားပဲ" ဟု ဖြေကြားသည်ကို ကျွန်တော် ကြားရဖူးပါသည်။ အမေသည် ဤသို့သောနည်းဖြင့် ဘုရားဝတ်ပြုသူဖြစ်ပါသည်။

အမေ၏ အလှူသည်ကား နိစ္စဓူဝ၊ ည ညဉ့်သုံးယံဆိုသလို ပင် ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် . . .

"ဟော့ အမေ့ကို စိန်နားကပ် ဝယ်မပေးကြနဲ့၊ နေ့တိုင်း ထမင်းတွေ ဟင်းတွေအများကြီးချက်နိုင်ဖို့အတွက်သာ ပိုက်ဆံရှာပေးကြ" ဟူ၍ အမေ မကြာခဏ ပြောတတ်ပါသည်။

သူပြောလိုသော အဓိပ္ပာယ်မှာ လူများစွာကို နေ့စဉ် ထမင်းကျွေးလိုခြင်းပင် ဖြစ်ပါသည်။ ကျွန်တော်တို့အိမ်သည် လူပေါင်းများစွာနေကြသော အိမ်မျိုးတော့ မဟုတ်ပါ။ မိသားစု ခြောက်ယောက်မျှသာရှိသောအိမ်မျိုး ဖြစ်ပါသည်။

သို့သော် ကျွန်တော်တို့၏ အပေါင်းအသင်းများ (ငြိမ်းကျော်၊ အောင်ပြည့်၊ ပန်းချီ မောင့်မှုဖသန်း၊ မောင်ညိုဝင်း၊ မြင့်ဆောင်) စသည်မှစ၍ ကျွန်တော့်အဖေ၏ အလုပ်သမားများ၊ သူတို့၏ သားသမီးများ အချိန်မရွေး စားသောက်နေထိုင် (နားနှင့်မနာ ဖဝါးနှင့် နာပါ) ရှုရှုဝင်ပေါ်တ်စသောကိစ္စများဖြင့် ပြည့်နေသောအိမ်မျိုး ဖြစ်ပါသည်။

ဤ၊ အမေသည် ဤကဲ့သို့ ကျွေးမွေးနေရသည်ကို အလွန်ကြည်နူးခြင်း ဖြစ်တတ်ပါသည်။ လာသမျှဧည့်သည်ကို ထမင်းကျွေးချင်ရုံမက အိမ်ရှေ့မှဖြတ်သွားသော အသိများကိုပင် ခေါ်၍ ကျွေးမွေးတတ်သူ ဖြစ်ပါသည်။

www.burmeseclassic.com



"ဟဲ့ ငါ့ဟင်းတလေး ဝင်မြည်းသွားစမ်းပါဦး" ဟူသော စကားသည် အမေ၏ လက်သုံးစကားပင် ဖြစ်ပါသည်။

ကျွန်တော်တို့အိမ်သို့ လမ်းတကာလျှောက်ပြီး တံမြက်စည်းများရောင်းသော ရခိုင်အဘိုးကြီးနှစ်ဦး မကြာခဏ လာတတ်ကြပါသည်။ တံမြက်စည်းကြီးများထမ်းပြီး နေပူကျဲထဲ လာရသောကြောင့် သူတို့သည် အမြဲတမ်း ပင်ပန်းနေဟန်ရှိ၏။

သူတို့ရောက်လာလျှင် အမေက ထမင်းကျွေးသည်၊ တစ်ဝိုင်းတစ်ပင်ကြီး ပလုတ်ပလောင်း စားနေကြသည်ကို ကြည့်ပြီး အမေ ကြည်နူးလေသည်။

"လမ်းတကာလျှောက်ပြီး တံမြက်စည်းရောင်းရတာ၊ ဘယ်အိမ်က ထမင်းခေါ်ကျွေးမလဲ သား၊ တံမြက်စည်း ရောင်းရတာနဲ့ ထမင်းဝယ်စားဖို့ဆိုတာကလည်း တာမိမှာမဟုတ်ဘူး၊ ဒီတော့ ဘာပဲဖြစ်ဖြစ် ထမင်းလေးတစ်လုတ် ဝင်သွားတယ်ဆိုရင် သူတို့အဖို့ အများကြီး သက်သာသွားတယ်၊ အမေလည်း ကုသိုလ်ရတယ်"

အမေက ဤသို့ ကောက်ချက်ချလေသည်။

တစ်ခါကလည်း ကျွန်တော်နှင့်အမေ ခရီးထွက်ကြရာ လော်တယ် ရထားများသာရပ်သော ကျေးရွာ ဘူတာကလေးတစ်ခုတွင် ကျွန်တော်တို့ ရထားရပ်နေခိုက် အမေသည် ရထားပေါ်မှနေ၍ ဈေးသည်တစ်ဦးကို လှမ်းခေါ်၏။

စားသောက်ဖွယ်ရာတစ်ခုခု လိုချင်သည်ဟူ၍ ကျွန်တော်လည်း အမှုမဲ့နေလိုက်ပါသည်။ သို့သော် ရောက်လာသောဈေးသည်မှာ ကျွန်တော့် လက်တစ်ဆုပ်စာရှိသော လက်ရက်ဝါး တောင်းကြီး နှစ်တောင်းသာ ပါလေ၏။



" ရောင်းဖို့လား "

" ဟုတ်ကဲ့ရှင့် "

" ဘယ်လောက်လဲ အမေကြီး "

" တစ်လုံး နှစ်ကျပ် "

" ရော့ ရော့၊ နှစ်လုံးစလုံးပေး "

ကျွန်တော့် အမေသည် ဈေးဝယ်လျှင် မဆစ်ပါ၊ သည်အတွက် ကုသိုလ်ရသည်ဟု ကျွန်တော် ယုံကြည်ပါသည်၊ ကျွန်တော့် အမေ ဈေးဝယ်လျှင်အလွန်အမင်း ဈေးတင်တတ်သော ဈေးသည်မျိုးနှင့် ဘယ်တော့မှ မတွေ့တတ်ချေ။

စောစောကပြောသလို ဝါးတောင်းနှစ်လုံးကို အမေ ဝယ်လိုက်သဖြင့် ကျွန်တော့်မှာ အနေရအထိုင်ရ ကျဉ်းကျပ်သွားရပါသည်။

"အမေရယ် ဒါတွေဘာလုပ်ဖို့လဲ ၊ ရန်ကုန်မှာလည်း ရသားပဲ"

အမေက ပြုံးပါသည်။

" ရန်ကုန်မှာ ဒါမျိုး တစ်လုံးနှစ်ကျပ်နဲ့ဘယ်ရမလဲသားရဲ့၊ ပြီးတော့ ကြည့်ပါအုံး၊ လက်ခတောင်မရှိဘူး၊ သပ်သပ်ရပ်ရပ်နဲ့၊ နောက်ပြီး အမယ်ကြီးကို သနားလို့၊ စောစောက ရထားစရပ်ကတည်းက အမေကြည့်နေတာ၊ ဒီအမယ်ကြီးမှာ ဒီတောင်းနှစ်လုံးတည်းပါတယ်၊ ဘယ်သူမှလည်း မဝယ်ဘူး၊ ထိုင်နေတာလည်း နေပူထဲမှာ၊ သား စဉ်းစားကြည့်စမ်း၊ ဒီတောင်းနှစ်လုံးကို သူ့လက်ကလေးနဲ့ရက်တာ အနည်းဆုံး နှစ်ရက်လောက် ကြာမှာပဲ ဒီအတွက်

www.burmeseclassic.com



သူ့ငွေလေးကျပ်ပဲ ရတယ်။ ဒီငွေကလေးနဲ့ သူ့မိသားစုကို လုပ်ကိုင်ကျွေးမွေးတာလဲ ဖြစ်ချင်ဖြစ်မယ်”

သည်သဘောတရားမျိုးကို ကျွန်တော်လည်း သိပါသည်။ ကျွန်တော့် ဝတ္ထုများစွာတွင်လည်း သည်အကြောင်းတရားမျိုးတွေ ရေးခဲ့ဖူးပါသည်။ သို့သော် အမေ၏လက်တွေ့ ဆောင်ရွက်တတ်ပုံကလေးကြောင့် အမေပြောသော ပီတိမျိုးကို မျှဝေခံစားလိုက်ရပါသည်။ ရေစက်ချစရာမလိုသော အလှူမျိုးဖြစ်ပါသည်။

“ ဟော ဟိုမှာ ကြည့်စမ်း သား ”

အမေ ညွှန်ပြရာသို့ ကြည့်လိုက်သောအခါ ရထားလမ်းဘေးရှိ ရိုးပြတ်တောအတိုင်း ဟိုး ပျပျဆီမှာ ရွာတန်းကလေးရှိရာသို့ အရွယ်နှင့်မလိုက်အောင် ခုန်ပေါက်ပြေးသွားနေသော စောစောက တောင်းသည်အဒေါ်ကြီးကို မြင်ရပါတော့သည်။

ဤလို ကြည်နူးမှုမျိုးသာမက ရယ်စရာကောင်းသော အမေ့အလှူတစ်ခုကို ကျွန်တော် သတိရနေပါသည်။

ကျွန်တော်တို့အိမ်သို့ နံနက်တိုင်း ဆွမ်းခံကြွလေ့ရှိသော ကိုရင်ကလေးတစ်ပါး ရှိ၏။ ကျွန်တော်နှင့်ဆိုလျှင် ပွင့်လင်းရင်းနှီးစွာ ဆက်ဆံပြောဆို၏။

တစ်နေ့တွင် ထိုကိုရင်ကလေးက အမေ၏ ရယ်ဖွယ်ကောင်းသော အလှူအကြောင်း ပြောပြပါလေသည်။

သူပြောပြသော ဇာတ်သိမ်းပိုင်းနှင့် ကျွန်တော်သိထားသော ဇာတ်ကျောရိုးပိုင်းတို့ ပေါင်းစပ်၍ ကျွန်တော်ပြောပြပါမည်။

တစ်နေ့တွင် အမေသည် ထုံးစံအတိုင်း ပဲဟင်းတစ်အိုး



ချက်လေသည်။ အမေသည် ဟင်းချက်ရာတွင် အလွန်စမ်းသပ်ချင်တတ်ပါသည်။ အီကြာကွေးနှင့် ဇယားကြော်ကို ပေါင်းစပ်ပြီး ကြော်ချက် ချက်တာမျိုး စသည်ဖြင့် . . .

ထိုနေ့ကလည်း ပဲဟင်းကို တရုတ်အသုံးအဆောင် အသီးအနှံများကိုသုံးပြီး ကလယ်ကုလားချက် ချက်ဝါလေ၏။

စမ်းသပ်တီထွင်ပြီး ချက်သောဟင်းဖြစ်သည့်အတိုင်း ကျက်လာသောအခါ ပွယောင်းယောင်း ဖြစ်နေလေတော့သည်။ ထိုအခါ ရေထည့်ပြီး အသီးအနှံများ ထပ်ဖြည့်ပါသည်။ သည်လိုနှင့် ကျွန်တော်တို့မိသားစု သုံးရက်စားလို့ မကုန်နိုင်လောက်အောင် များသော်ဟင်းအိုးကြီး ဖြစ်သွားလေတော့သည်။

“ဟဲ့ အိုးစုမ ရော့၊ ဒီဟင်းပန်းကန် နှစ်ခုယူသွား၊ နင့်အမေအိမ် တစ်ပန်းကန်၊ အမာတို့အိမ် တစ်ပန်းကန် သွားပေး၊ ပန်းကန်တွေဆေးပြီး ပြန်ယူခဲ့ ”

အိုးစုမဆိုသူမှာ ကျွန်တော်တို့ခြံဝင်းထဲမှာပင်နေသော အဖေ့ အလုပ်သမား မိသားစုထဲမှ ကလေးငယ်ဖြစ်၏။ အမေ့ထံမှာ လက်တိုလက်တောင်း ဝိုင်းကူရင်း အမေနှင့်ပင် အတူအိပ်အတူနေ၊ အတူပွဲကြည့်ဖက် ဖြစ်ပါသည်။

ဤသို့သောနည်းဖြင့် သူ၏ စမ်းသပ်ပဲဟင်းကို တစ်ခြံလုံး အိမ်တိုင်းစေ့ ပို့ခိုင်းလေတော့သည်။

“သူတို့ခမျာများ ဟင်းလျာလေးတစ်ခွက်ဝိုလာလည်း နည်းတာ မဟုတ်ဘူးသားရဲ့”

ဤနေရာမှစ၍ ပြောရမည်မှာ ကျွန်တော်၏ ထင်မြင်ချက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်၊ ဤထင်မြင်ချက်ကို ကိုရင်ကလေး၏ ဇာတ်သိမ်းပိုင်းနှင့် ပေါင်းစပ်ယူရခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ခြံသည် ဘုန်းကြီးကျောင်း သုံးကျောင်း ဘုရားတစ်ဆူ လေးဖက်လေးတန် ဝိုင်းနေသောခြံ ဖြစ်ပါသည်၊ ခုနကပြောသော ကိုရင်လေးမှာ ခြံနောက်ဘက် ဘုန်းကြီးကျောင်းမှ ဖြစ်ပါသည်။

ကိုရင်ကလေးသည် ခြံနောက်ဖေးပေါက်မှ စတင်ဝင်ရောက်ပြီး နံနက်တိုင်း ဆွမ်းခံပါသည်၊ ခြံနောက်ဘက်စွန်းမှ အိမ်ငယ်ကလေးသည် စောစောကပြောသော အိုးစုမ၏အမေ မစိန်တို့အိမ် ဖြစ်၏။

ကိုရင်ကလေးသည် ပထမဆုံး ထိုအိမ်မှာ ဆွမ်းရပ်လေ၏။ မစိန်သည် ကလေးတွေ ကျောင်းသွားဖို့ အစစ ပြင်ဆင်ပေး၊ ရေချိုးပေး၊ သူကိုယ်တိုင်လည်း သနပ်ခါး အဖွေးသား၊ လင်ယောကျ်ားအတွက် အကျီလုံချည် အဆင်သင့်ပြင်ပြီးသည့်အပြင် ထမင်းဟင်း အပြည့်အစုံ ကျက်ပြီးဖြစ်သည်၊

ဤမျှတော်သော မိန်းမမျိုး၊

သို့သော် သူသည် အမေ၏ထမင်းဟင်းကို အမြဲတမ်း အထင်သေးသူဖြစ်၏၊ ထို့ကြောင့် ကိုရင်ကလေး ဆွမ်းခံကြွသော အခါ သူ့အိမ်မှာ ကျက်နှင့်ပြီးသောဟင်းကို မလောင်းတော့ဘဲ ကျွန်တော့်အမေပေးသော ပဲဟင်းကို လောင်းလိုက်လေ၏၊ ငါ့ဟင်းသက်သာ ဘယ်နည်းမလဲ၊

ကိုရင်ကလည်း သိတ္တာပုဒ်အတိုင်း အလှူရှင်၏ဟင်းကို ဖွင့်



မကြည့်ဘဲလျက် ခရီးဆက်လေ၏၊ ထိုအခါ ကိုရင်သည် မအမာတို့အိမ်ရှေ့သို့ ရောက်လေ၏။

မအမာသည် ဖွာလံကျဲနေတတ်၏၊ လင်ယောကျ်ား၏ တစ်နေ့လုပ်စာကို တစ်မနက်နည်းနှင့် မုန့်ဟင်းခါးဆိုင်မှာ ဖြုန်းတီးပစ်လိုက်တတ်၏။

အိမ်ရှေ့ဖြတ်သမျှ ဈေးသည်ကိုခေါ်ပြီး အကြွေးရလျှင် ' ဆင် ' တစ်ကောင်လုံးပါ ဝယ်တတ်သော ချွတ်ပုံလုံးပစ် မိန်းမမျိုးဖြစ်၏။ ချွတ်ပုံလုံးပစ်ဆိုသည်မှာ ထဘီအဟောင်းကို တွင်းလုံးချွတ်ချပြီး ပုံလျက်သား ကျသွားသောအခါ ခြေဖျားဖြင့်ခတ်၍ အိမ်နံရံထောင့်သို့ ပစ်လိုက်တတ်သောသဘောဟု ကျွန်တော့်အမေက အဓိပ္ပာယ် ဖွင့်ပါသည်၊ အိမ်မှုကိစ္စ ဟင်းရကို သားသမီးတွေနှင့် လွှဲထားတတ် သည့်အတိုင်း သူ့အိမ်သည် အမြဲလိုလို မီးခိုးတိတ်၊

ကိုရင်ကလေး ဆွမ်းရပ်သောအခါ လွယ်လွယ်ကူကူပင် အမေ့ ပဲဟင်းကိုကုသိုလ်ဒါနပြုလိုက်၏၊

ဆရာလှဟု ကျွန်တော်တို့ကခေါ်သော ဦးမောင်မောင်လှ (ကာလာမောင်မောင်လှ) သည် ဘုရားတရားကို အသက်မတေကြည်ညို၏၊ မနက် ညမှန်မှန် တရားအလုပ် လုပ်နေတတ်၏၊

ဆရာလှ၏ အိမ်သို့ ကိုရင်ကလေး ဆွမ်းခံကြွလာသော အခါ သူတို့အိမ်က ဟင်းကျက်ပြီဖြစ်သော်လည်း ကုသိုလ်ရခြင်းနှင့် ကျွန်တော့် အမေပါ ရပါစေဟူသော စေတနာဖြင့် အမေ့ပဲဟင်းကိုပင် လောင်းလှူလေ၏။

www.burmeseclassic.com



ဤသို့အားဖြင့်

ကိုရင်ကလေးသည် ကျွန်တော်တို့ခြံသို့ ခြံနောက်ပေါက်မှ စတင်၍ ခြံအရှေ့ဘက်သို့ကြွသွားရာ ဆွမ်းခံခရီးတလျှောက် (ကျွန်တော်တို့အိမ် အပါအဝင်) သူ့ဆွမ်းခွက် ခြောက်ခွက်စလုံး ပြည့်သွားလေသတည်း။

လူကြီးမင်းများ ခင်ဗျား။

ထိုကိုရင်ကလေး၏ ထိုနေ့က ဆွမ်းခံခရီးတွင် မည်သို့ အတွေ့အကြုံရမည်ကို သိလောက်ပြီထင်ပါသည်။

မှန်ပါသည်။ ကိုရင်ကလေး ပြောပြသော စာတ်သိမ်းပိုင်းမှာ အောက်ပါအတိုင်း ဖြစ်ပါကြောင်း။

"ဒကာကြီးရယ်၊ အဲဒီနေ့တဖြင့် ကျုပ်နဲ့ ကျုပ်ရဲ့ဥပဇ္ဈာယ် ဆရာတော် ရှမ်းဘုန်းကြီးဖြင့် ဘယ်ဟင်းနှိုက်ရမှန်းကို မသိဘူး"

"ဟင်းပေါင်းစုံလို့လား ကိုရင်လေးရဲ့"

"ဟ. . . ခင်ဗျားတို့တစ်ခြံလုံးက တိုင်ပင်ထားသလား အောက်မေ့ရတယ်၊ အိမ်တိုင်းစေ့ ပဲဟင်း တမည်တည်းကိုးဗျ"

၁၉၈၀ ခုနှစ် ဇန်နဝါရီ
တက္ကသိုလ်များပုံနှိပ်တိုက်
ငွေရတုအကြို ပဋ္ဌင်း

## နရ – လောက ဒိုင်ယာရီတစ်အုပ်

(၁)

အသက်ဆယ်နှစ် ရှိပြီဖြစ်သော ဓာတ်ပုံလေးတစ်ပုံကို စာအုပ်ကြားထဲမှ ပြန်၍ရ၏။ အိမ်ရှေ့ ရေကန်ပြင်ပေါ်မှာ ဆောင့်ကြောင့်ထိုင်၍ အဝတ်လျှော်နေသော မယားသည် သည်ဓာတ်ပုံကလေးထဲမှ သတို့သမီးနှင့် ခြားနားနေလေပြီ။ မှန်ထဲသို့ ပြန်ကြည့်လျှင် ကိုယ့်ဘာသာလည်း သည်လိုပဲ မြင်ရမည်ဖြစ်၏။ သစ်းကြီးနှင့် သားလတ် ကျောင်းကပြန်လာကြပြီ။ ထမင်းဆာလျှင်သူတို့သည်လို ပဲဆူညံတတ်၏။ သူတို့၏ အသံများ ညံသောအခါ ငြိမ်နေသော ပုခက်သည် တွန့်လှုပ်၏။ သားငယ် ကလေးတား ငိုကြွေးပြီ။ သူ ငိုတော့ မအေလုပ်သူက နို့ပိန်ဖြင့် ချော့ရမည်။ အဝတ်ရေစိုများကို ဘေးချ၍ မယားသည် အုယား ဖားယားပြေးတက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဝါးကြမ်းပြင်သည် ဂျိုးဂျိုးဂွတ်ဂွတ် မြည်ပါတော့သတည်း။

(၂)

တစ်ဖက်ခန်းမှ ပန်းချီဆရာလင်မယား ရန်ဖြစ်နေကြ၏။

သူတို့ သမီးလေး မိညွက်ကလည်း ခွဲတမ်းရသော နို့မှုန့်ရှစ်ဆယ်သားကို မှောင်ခိုသွားရောင်းပစ်၏။

အငယ်ဆုံးကလေး မိဝက်ကို ချစ်ရှာသော ပန်းချီဆရာကမယား ကိုခြေဖြင့်ကန်၏။

မယားက ဈေးဖိုးအရနည်းရကောင်းလားဟု ပန်းချီဆရာကို ခံဆဲ၏။

မိညွက်ကလေးသည် သည်ဘက်ခန်းကို လာ၍ရှိုက်ငို၏။ သူ ကျောဝ်းနောက်ကျနေပြီ ထမင်းကျွေး၍ ချော့သောအခါ ပလုတ်ပလောင်း စား၏။

"အရာတစ်ခုခု နံရံကို ပိတ်မှန်၏၊ ဆင့်ကလေးပေါ်မှ တရားဦးဟောနေသော မြတ်စွာဘုရား၏ ပုံတော်ပန်းချီကားကလေးသည် တဆတ်ဆတ် တုန်သွား၏။

(၃)

လမ်းထိပ် ဘတ်စ်ကားမှတ်တိုင်မှာ လူကျပ်နေ၏၊ ငါးစီးမြောက်သော ဘတ်စ်ကားသည် ရပ်မည်ဟု ဟန်ပြ၏၊ လူအုပ်ကြီးက ယိမ်းထိုးသွား၏၊ ကားရပ်မည်ထင်သဖြင့် လူတစ်ယောက်



ကားရှေ့နား သွားရပ်၏၊ ကားသည် ထိုသူကို ကွေ့ရှောင်ပြီး မရပ်ဘဲ ဆက်မောင်းသွား၏။

"ညစာငတ်ချင်သလား၊ ခွေးမသား"

ဒရိုင်ဘာသည် ဆဲလေပြီ၊ ဒေါသဖြစ်လောက်ပါပေသည်၊ သည် ခရီးသည်,သည် ဘာကြောင့်များ ဘတ်စ်ကားကို သည်လောက် စီးချင်နေပါသနည်း၊ ညစာ ထမင်းလွတ်သွားမည်ကို သူ မစိုးရိမ်ပေဘူးလား မသိ၊

ရန်ဖြစ်သံ ကြားရ၏၊ မိန်းမကြီးတစ်ယောက်သည် မိန်းမကြီးတစ်ယောက်ကို လမ်းလယ်ခေါင်မှာ ပါးဆွဲရိုက်၏၊ လူ တစ်ယောက် ကြားဝင်ဖျန်ဖြေ၏၊

"မဟုတ်ပါဘူးတော် ဟိုတစ်ခါ ကျွန်မဆီက ချေးတုန်းကလည်း ပြန်မတောင်းပါဘူး၊ ခုတစ်ခါတော့ ကျွန်မလည်း ညစာ ချက်ဖို့မရှိလို့ ပြန်တောင်းမိတာ၊ ကောပဲ့ဟာ လူပါးဝတယ်"

ထိုမိန်းမကြီးတွင် ထဘီမရှိချေ၊

"ကျောက်မြောင်းတစ်မှတ်၊ မြို့ထဲငါးမူး"

ကြားကား ဆိုက်ပြီ၊

(၄)

ခုနစ်စီးမြောက်သော ဘတ်စ်ကားကို နောက်ပေါက်က တွယ်၍ လိုက်ခဲ့၏၊

ကြားကားသည် ကျော်တက်သွားလေပြီ၊

"ဆရာရေ . . . တစ်ယောက်တော့ ပြုတ်ကျကျန်ခဲ့ပြီ"

www.burmeseclassic.com

www.burmeseclassic.com



စပယ်ယာ၏ အသံသည် ဘာမျှ မထူးခြား၊ ဖြစ်နေကျကိုစွမ်း သူ လျစ်လျူရှုတန် ကောင်းပါ၏၊ ဘတ်စ်ကားသည် အရှိန်ဝင် မလျှော့ချေ၊ နောက်သို့ လှည့်ကြည့်လိုက်သောအခါ လူတစ်ယောက် လမ်းမပေါ်မှာ ဖင်ထိုင်လျက်သား ကျကျန်ရစ်ခဲ့၏၊ ထိုသူသည် ပွင့်ကျသွားသော ထမင်းဘူးထဲမှ ထမင်းခဲများကို အယောင်ယောင် အမှားမှားဖြင့် လမ်းပေါ်မှပြန်၍ ကောက်နေ၏၊

"တာမွေကလေး ပါသလား"

စပယ်ယာ၏ အသံထပ်ကြားရ၏၊

"ပုလင်း . . ."

ကုလားတစ်ယောက်သည် ယောင်ယမ်း၍ ထ,အော်၏၊ ကားတစ်စီးလုံး ဝိုင်းရယ်ကြ၏၊ ကုလာသည် သူ့ထိုင်ခုံအောက်မှ ပုလင်းများ ထည့်ထားသော ဂုန်နီအိတ်ကို စမ်းကြည့်နေ၏၊ သူ ရှက်နေပုံရလေသည်၊

ဒရိုင်ဘာသည် မီးမရှိသောခြူးဆေးလိပ်ကို ခဲထား၏၊ သူ၏ဘေးမှ မော်တော်ကားစက်သည် မီးခိုတအူအူ ထနေ သတည်း၊

"တောက် ရေဆူပြန်ပြီကွ"

(၅)

ဗလီမှတ်တိုင်သို့ ရောက်သောအခါ မှတ်တိုင်ကို ကျော်၍ ရပ်ရ၏၊ မှတ်တိုင်ရှေ့တွင် ဝက်ခြံပျောက်ဆေးရောင်းသော ကြော်ငြာကားသည် ကလေးများ ပတ်ချာဝိုင်းနေ၏၊ ကလေး တစ်ယောက် လမ်းမကို ဖြတ်ကူးသည်၊ ဒရိုင်ဘာသည် ဘရိတ်အုပ်၏၊



လူတစ်ယောက်သည် သူ့နဖူးကို သူပွတ်၏၊ အခြား တစ်ယောက် သူ့နောက်စေ့ကို သူ ကိုင်၏၊

မလှမ်းမကမ်းတွင် လူအုပ်စု ရုံးစုရုံးစု လုပ်နေကြ၏၊ မိန်းမကြီးတစ်ယောက်သည် အော်ကြီးဟစ်ကျယ် ပြောဆိုနေ၏၊ မှတ်တိုင်မှတက်လာသော လူတစ်ယောက်သည် စုပ်တသပ်သပ် ဖြစ်လျက်နေ၏၊

"ငမွးစပေါက်စ ကလေးတစ်ယောက်ဗျာ၊ ခြင်းတောင်းနဲ့ ထည့်ပစ်သွားတယ်၊ တော်တော် မေတ္တာတရား ခေါင်းပါးတဲ့မိခင်ပဲ၊ တယ်ခက်ပါလား၊

ဘယ်သူမှ မမေးဘဲလျက် ထိုလူသည် စကားရှည်နေ၍ လူတစ်ယောက်က ဖေါသဖြစ်၏၊

"ဒီနေ့အဖို့ မောင်လေးက ၅ မှတ်ရတယ်၊ ညီမလေးက ၃ မှတ်ပဲ ရတယ်"

လူတစ်ယောက်၏ လွယ်အိတ်ထဲမှ 'ရေဒီယို' သံတစ်ခု ထွက်လာ၏၊ သီချင်းပဟေဠိခန်း ဖြစ်မည်၊

ဘတ်စ်ကား ထိုးရပ်ပြန်၏၊

လက်မှတ်စစ်များ ဝိုင်းလာလေပြီ၊

(၆)

ပန်းဆိုးတန်း မှတ်တိုင်မှာ ဆင်း၏၊

"တိုက် . . . ကိုက် . . . တိုက်လိုတ်စမ်းဝါ"

လူဝိုင်းကြီးအလယ်တွင် မြွေဆရာသည် မြွေဟောက် တစ်ကောင်ကို ကုပ်မှကိုင်၍ သူလက်ဖျံကို မြွေဝါးစပ်နှင့်တို့နေ၏၊

www.burmeseclassic.com

www.burmeseclassic.com



ဇာတော်ကြာသောအခါ မြွေကတိုက်ပါ၏။ လက်ဖျံမှာ ဇာပေါက် နှစ်ပေါက် ပေါက်၍ သွေးစို့လာ၏။

" မြွေတိုက်လိုက်ပြီ၊ ဘာလုပ်မလဲ၊ အလွယ်တလေးပါ။ ဟောဒီ တံတောင်ဆစ်ကနေပြီး၊ ကြိုးနဲ့ တင်းတင်းစည်းလိုက် ပြီးတာပဲ "

မြွေဆရာသည် မြွေကို ပါးစပ်ထဲ ထိုးသွင်းပြန်လေသည်။

" ဒီမယ် ခု ကျုပ် လျှာကို တိုက်လိုက်ရင် ဘာလုပ်မလဲ၊ လည်ပင်း ကြိုးနဲ့စည်းရင် သေသွားမှာပေါ့။ ဒီမယ် ဟုတ်ကဲ့ခင်ဗျာ၊ အလွယ်ကလေးပါ၊ မြွေနဲ့မြွေပါသတ်တာ မြင်ဖူးသလား၊ မြွေကိုက် ခံရရင် မြွေပါ ဘာကြောင့် မသေသလဲ၊ ဟောဒီဆေးမြစ်က မြွေပါ တောထဲမှာ ရှာစားတဲ့ ဆေးမြစ်ပဲ၊ တစ်ခုတစ်ကျပ်တည်းပါ။ ဟုတ်ကဲ့ခင်ဗျာ၊ ကျေးဇူးတင်ပါတယ်၊ ကျုပ် ညာမရောင်းဘူး။ ခပေါင်းတည်က ဖောင်းကြွယ်ဆိုရင် မေးချင်တဲ့လူမေးပါ"

မြွေဆရာသည် ခါးပိုက်ခဲမှ မြွေပွေးတစ်ကောင် ထုတ်ပြန် လေသည်။

(၇)

" ဟုတ်တဲ့ ၊ ကျေးဇူးပါပဲခင်ဗျာ "

စီးမယ့် ခရီးသည်တ ဒေါ်ဒေါင်းရင်းပါ။ ခရီတ တစ်ကျပ် ခွဲတန်ပါ၊လာလက်စ တွဲတေးသိန်းတန် သီချင်းရပ်သွားပြီ။ ကြော်ငြာ ပေါ်လာ၏။ ဆိုက်ကားတစ်စီးသည် ရင်တော့၍ ဝိတ်မှထွက်လာ၏။ တိုယိုတာကိုရိုလာတစ်စီးနှင့် ရင်ဆိုင်တိုးမိသဖြင့် ကားဘရိတ်သံ



ကျိခနဲ မြည်၏။ တားဝေါ်က လူတ ဆိုက်ကားဆရာကို ဘုကြည့် ကြည့်၏။

(၈)

လက်ဖက်ရည်ဆိုင် အဝတွင် "တစ်ခွက် ပြား ၆၀" ဆိုသော ဆိုင်းဘုတ်ကလေး ချိတ်ထား၏။ ဆိုင်ထဲတွင်ကား ကြိတ်ကြိတ်တိုး နေ၏။

ဘောင်းဘီတိုနှင့် သဘော်သား နီကြောင်ကြောင် နှစ် ယောက် ယောင်လည်လည် လုပ်နေ၏။ တုလားတလေး တစ်ယောက် သူတို့နောက်မှ လက်ဖြန့်၍ တစ်ကောက်ကောက် လိုက်နေ၏။

လူနှစ်ယောက်သည် သဘော်တစ်စင်း သောင်တင်သွား သည့်သတင်းကို လမ်းလျှောက်ရင်း ပြောသွားကြသည်။

လမ်းတစ်ဖက်က တေးသံသွင်းဌာနမှ ခေတ်ပေါ်တေး သံညံနေ၏၊လမ်းတစ်ဖက်တွင်မူ ကွယ်လွန်ပြီးသော ဇာတ်ဆရာ ရွှေမန်း၏ အသံကို ကြားရနိုင်၏။ အပြိုင်ကြနေခြင်း ဖြစ်မည်။

လူတစ်အုပ်သည် ပိုစတာနှစ်ခုကို ဝိုင်းကြည့်နေကြ၏။ လမ်းဘေး ရုပ်ရှင်ပိုစတာတစ်ခုသည် သည်နေ့ အသစ်လဲလာ ပါသည်။ ယခင် အပတ်ကထက်ပို၍ ဆန်း၏။ ထိုပိုစတာတွင် ရုပ်ရှင်မင်းသားသည် အမျိုးမျိုး လုပ်ပြနေ၏။

လမ်းဘေးတွင် လူတစ်ယောက်သည် မျောက်တစ်ကောင် ကို လည်ပင်းတွင် ကြိုးစည်း၍ ကခိုင်း၊ ခုန်ခိုင်း၊ တျွမ်းထိုးခိုင်း လုပ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ရုံမှ ဘဲလ်သံ မြည်၏။

တစ်ကျပ်တန်းတွင် လူတန်းကြီးကား တားမရ ဆီးမနိုင်။ ရဲသား တစ်ယောက်သည် ဦးထုပ်ဖြင့် ချွတ်၍ ကုလားမကလေးကို ရိုက်၏။ ကုလားမကလေးကား ကုတ်ကတ်၍သာ လက်မှတ်တိုး နေ၏။

(၄)

" အာရာဒါးနား" ဆိုသော ရုပ်ရှင်ကား ပြပြီ။ သည်နောက် ဘယ်နှကြိမ်ပြောတ်ဟု မသိရသော ရုပ်ရှင်တစ်ကားပြနေ၏။ ကုလားကား။

ထို့နည်းတူ ဂျပန်စားသိုင်းမယ်ပေါင်း ဘယ်နှယောက် ပြောင်းကြပြီ မသိရသေးပါ။ သို့ရာတွင် တစ်ချိန်က ဝေါ်မြလေး စုန်းကဝေဇာတ်ကားများ ရိုက်ကူးခဲ့သည်များကို အမှတ်ရမိ၏။ လက်ဝါးတလေး တစ်ချက်ပြရုံနှင့် ရွှေတောင်ကြီး ဖြစ်သွားသည်ကို အလျင်က ကြည့်ခဲ့ရဖူးပါသည်။ ထို့အတူပင် မင်းသားတစ်ပါးကို ခွေးဖြစ်သွားအောင်လည်း လုပ်ပြဖူးပါသည်။

ဂျိမ်း(စ်)ဘွန်းဇာတ်ကားများ တစ်ခေတ် နှောင်းပြန်လေပြီ။

ကပြနေသော ကုလားနှင့်တုလားမကို ငေးမောနေသော ဂျိမ်း(စ်) ဘွန်း၏ ခေါင်းတို ဂျပန်စားသိုင်းမယ် ပိုင်းဖြတ်လိုက်လေပြီ။

ဆူးလေဘုရား တုန်းဆင်းမှ မြန်မာရုပ်ရှင်ဆိုင်းဘုတ် တစ်ချပ်သည် လေကြမ်းတိုက်သဖြင့် စုတ်ပြတ်သတ်၍ နေပါတော့ သတည်း။



လဟာပြင်ဈေးမှာ အထည် မျိုးစုံလှ၏၊ အပွင့်အရွက်မျိုး၊ အရောင်အမျိုးမျိုး အော်သံခေါ်သံ အမျိုးမျိုး။

ခွေးတစ်ကောင်သည် ဈေးထဲမှ ထွက်ပြေး၏။ မကြာခင် ဗိုလ်ချုပ်လမ်းမပေါ်၌ ဟီးနိုးတိုက်၍ သေသွား၏။ နောက်ကားများ ရှောင်၍ သွားကြလေကုန်၏။

၁၉၇၄-၇၅ ခုနှစ်
ထိန္နဲကုတက္ကသိုလ်
နှစ်လည်ပတ္တင်း

www.burmeseclassic.com




# အပေကြီးတီးတဲ့ ရွှေကြေးစည်

(၁)

ရွှေမန်းတင်မောင် သီဆိုခဲ့သော "ရွှေကြေးစည်" သီချင်းတို့ငယ်စဉ်က လိုက်ဆို၍ ကောင်းရုံတစ်မညီမျှသာ ကျွန်တော်ခံစားခဲ့ရသည်။ ဤသည်မှာလည်း အိမ်ရှေ့ ဘုန်းကြီးကျောင်းမှ အလှူပွဲများတွင် ကျွန်တော့်အဘွားက 'အော်စပီကာ' ဟုခေါ်သော အသံချဲ့စက်များဖွင့်ပါများ၍ နားရည်ဝနေသောကြောင့် ဖြစ်သည်။ တကယ်တွေ့မှ ကျွန်တော်သည် ရွှေမန်းဦးတင်မောင်ကို တစ်ကြိမ်သာကြည့်ဖူး လိုက်ရသည်။ 'လေးတော်တင်ခန်း' မို့ အမေရိကန်နွားကျောင်းသား ဇာတ်ကားတွေထဲမှာ လူရိုင်းနီများ လေးမြှားပစ်သလို ဇာတ်ခုံပေါ် တကယ်ပစ်မလားအထင်ဖြင့် တလေးတစား

www.burmeseclassic.com

www.burmeseclassic.com



သွားကြည့်ခဲ့သော ယောင်ဝါးဝါး ကလေးအရွယ်က ဖြစ်သည်။ အရွယ်ကလေး အနည်းငယ်ရလာသော အချိန်များတလည်း ဇာတ်ပွဲကြည့်ခြင်းသည် တောဆန်သည်ဟူသော အထက်တန်းစားများ အောက်တန်းကျစွာ တွေးခေါ်ခဲ့သည်ကို သံယောင်လိုက်မိနေခဲ့သောကြောင့် ဇာတ် သဘင်ကို မကြည့်ဖြစ်ခဲ့၊ ထိုစဉ်က ကျွန်တော်၏ ခံစားမှုသည် နှင်းဆီပန်းများ ကြားမှာ ဝေ့ဝဲနေသော 'ဖေဖားယား' ခေါ် လေညင်းကလေး၊ ကျွန်တော်၏ ဇာတ်လိုက်များမှာ ဂျမ်း(စ်)ဒင်း၊ အယ်လစ် ဇဘက်တေလာ၊ ကျွန်တော်၏ တော်လှန်ရေးမှာ လူနာမည်ပေးရာ နေ့သင့်နံသင့် ဖြစ်စရာမလို၊ ကျွန်တော်၏ လူတန်းစား အသိမှာ မင်းသားရွှေဘကိုကြိုက်လျှင် တောသား၊ ကျွန်တော်၏ ယဉ်ကျေးမှုမှာ တိုက်ပုံအင်္ကျီအကောင်းတို့ တမင်တကာဖြင့် အလှူမင်္ဂလာပွဲတို့ အရွဲ့တိုက်ခြင်း ၊ ကျွန်တော်၏ ပြောင်မြောက်သော အရည်အချင်းသည် ကား လူသုံးကုန်ပစ္စည်းမျှသာ ဖြစ်သော အသတ်မရှိ၊ အသိမရှိသော မော်တော်ကား အကောင်းစားများကို တံတွေးထွေးခြင်း၊ ခြေထောက်ဖြင့် ကန်ခြင်းစသည်တို့ ဖြစ်၏။

ထိုအတောအတွင်းတွင် ဇာတ်ဆရာ ကွယ်လွန်ခဲ့သည်အတွက် ကျွန်တော့်တွင် ဘာမျှထိခိုက်ကြေကွဲခြင်း မဖြစ်မိခဲ့ပါချေ။

○ ○ ○

'တန်ပတ်လည်ခရေရိပ် ရွှာထိပ်က ကျောင်းတော်သာနံဘေးဝယ်' ဟူသော တေးသံသည် ထန်းပင်ထိပ်ဖျားရှိ အသံချဲ့



စက်များဆီမှ ရွှေဝါရောင်လယ်ကွင်းပေါ် ဟော်လွှား၍ အင်ဖတ်မိုးအိမ်ခေါင်ဖျားများပေါ် ရှပ်တိုက်ပြေးလွှားနေတတ်သော အခါသမယ၊ မင်းသားတွံတေးသိန်းတန် ခေတ်စားနေသောကာလလောက်တွင် အနုပညာ၏ရပ်တည်ချက်ကို ကျွန်တော် တောက်တခေါက်သိနေပြီ ဖြစ်သည်။

တွံတေးသိန်းတန်ကြိုက်၍ တောသားဟုခေါ်လျှင် ကျွန်တော့်ကိုလည်း တောသားဟု မှတ်ယူကြပါကုန်ဟု ကျွန်တော် ပြောခဲ့နေပါပြီ။ တောသားများ ချစ်ကြသော တွံတေးသိန်းတန်ကို ကျွန်တော်နားလည် နှစ်ခြိုက်နေတတ်ပြီ၊ ထိုအချိန်တွင် ဘုရားဝတ်ပြုခြင်းနေ့သင့်နံသင့် နာမည်ပေးခြင်းတို့သည် ယဉ်ကျေးမှုအစဉ်အလာတို့ထိန်းသိမ်းသည့်သဘော၊ 'ဖေဖားယာ' ခေါ် လေညင်းကလေးနှင့်စက်ရုံမီးခိုးတို့သည် သူ့တန်ဖိုးနှင့်သူဖြစ်သည်ဟူသော သဘော၊ မင်းသားရွှေဘသည် ဘယ်အခါမဆို တောသားများအတွက် ရပ်တည်သရုပ်ဆောင်ခဲ့သဖြင့် တောသားများ ချစ်ခဲ့ကြခြင်းသည် ထိုက်တန်သောသဘော၊ တိုက်ပုံအင်္ကျီအကောင်းတို့ ဆုတ်ဖြဲစရာမလိုသလို၊ တိုက်ပုံအင်္ကျီစုတ်နေ သည်ကို တဲ့ရဲ့ရှုတ်ချစရာ မလိုအည့်သဘော၊ မြန်မာလူမျိုးတို့ အလှူအတန်း လုပ်ခြင်းသည် အရွဲ့တိုက်နေရလောက်အောင် ကြီးမားသည့် ပြဿနာကြီးမဟုတ်သောသဘော၊ ဘာမျှမသိရှိသော မော်တော်ကား အကောင်းစားများကိုခြေထောက်ဖြင့်ပိတ်ကန် မည့်အစား လူတွေအားလုံး ထမ်းပြိုင်နိုင်တည်း၊ တစ်တန်းစားတည်း လူနေမှုအဆင့် မြင့်မားလာရေးကိုတွေးတော သင့်သည့်သဘောစသော သဘောပေါက်များစွာတို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သဘောပေါက်နေလေပြီ။(သဘောပေါက် နေသည်ဟု ထင်မိသည်လည်း ဖြစ်နိုင်ပါသည်။)

မည်သို့ပင်ဖြစ်စေ အကြောင်းအရာတိုင်းကို 'ဖြစ်ချင်သည်' 'ဖြစ်နိုင်သည်' 'ဖြစ်သင့်သည်' 'ဖြစ်နေသည်' ဟူ၍ ခွဲခြမ်းလေ့လာတတ်သော ကာလလောက်တွင် ကျွန်တော်သည် ဇာတ်သဘင်၊ အငြိမ့်စသော ရုပ်ရှင်ပွဲများကို ကြည့်တတ်ကြိုက်တတ် နေပြီဖြစ်သည်။

ကျွန်တော်သည် ရွှေမန်းတင်မောင်ကို တွက်ခနဲ လွမ်းလိုက်မိသည်။

လူ တွယ်လွန်စဉ်အခါက ဝမ်းမနည်းမိခဲ့သည့်အတွက် တပင် ဝမ်းနည်းမိလိုက်သည်။ ခုအခါ သူ၏အသံမျှကိုသာ ဓာတ်ပြားနှင့် အပ်ဖျားပွတ်ငြိသံကြားမှ ဆွဲထုတ်နားထောင်ရင်း ရွှေမန်းတင်မောင်ပွဲကို အသေအချာ မကြည့်မိသည်မှာ နာလေခြင်းဟု တွေးမိသည်။

ဟုတ်ကဲ့၊ ရွှေမန်းတင်မောင်ဟုပင် ခေါ်ဝေါ်သုံးစွဲချင် မိသည်။ ရွှေမန်းဦးတင်မောင်ဟု ခေါ်ဝေါ်ရခြင်းသည် ပရိသတ်နှင့် အနုပညာသည်၏ ကြားမှာ စိမ်းကားခြားနားသည့်သဘောကို ဆောင်သည်ဟု ကျွန်တော်ထင်သည်။

ကျွန်တော်၏ အဒေါ်သည် ရှေးမင်းသားကြီး ဦးဖိုးစိန်ကို ကိုဖိုးစိန် ဟုခေါ်ဝေါ်သတဲ့သို့ လည်းကောင်း၊ ငါးနှစ်သား အရွယ် ကျွန်တော့်ထုတလေးသည် တိုတော့်ဟိန်း. . . တိုတော့်ဟိန်းဟု ပြောင်ပြောင်တင်းတင်းပင် မျက်နှာချင်းဆိုင် ခေါ်ဝေါ်သကဲ့သို့ လည်းကောင်း။



(၂)

ဗေယျာဆိုလျှင် ကြည်ကြည်ဌေး ဝါတွဲဇတ်၍ မှတ်သားကြသည်။ ဝင်းဦးဆိုလျှင် ဝါဝါဝင်းရွှေ၊ ညွှန့်ဝင်းဆိုလျှင် ခင်သန်းနု၊ ဇော်ဝမ်း၊ နွဲ့နွဲ့မူ စသည်ဖြင့်။

ရွှေမန်းတင်မောင် ခေတ်စားစဉ်က တွဲဖက်မင်းသမီးမှာ အောင်သန်းတင် ဖြစ်သည်။ သူတို့နှစ်ယောက်တို့လည်း ပရိသတ်က တွဲဖက်မှတ်သားခဲ့ကြလေသည်။ ' ရွှေမန်းအောင်သန်းတင်' ဟု တစ်ချက်တည်းခေါ်မှ ပြည့်စုံသကဲ့သို့ပင်ဖြစ်ခဲ့လေသည်။'

အောင်သန်းတင်သည် ကျွန်တော့်အဒေါ် ဝမ်းကွဲဖြစ်၏။

ကျွန်တော်သည် လူကြီးသူမများ ပြောပြကြသော ရှေးဟောင်းနှောင်းဖြစ်များကို အလွန် နားထောင်ချင်သူဖြစ်၏။ အဖေသည် ကျွန်တော့်အား ရှေးအနုပညာရှင်ကြီးများ အကြောင်းကို ပြန်ပြောပြသတဲ့သို့လည်းကောင်း၊ အမေသည် သူ၏ သိုးအွား ဘိဘင်များ၏ အကြောင်းကို ပြန်ပြောပြသတဲ့သို့လည်းကောင်း အဒေါ်အောင်သန်းတင် သည် ရွှေမန်းတင်မောင် အကြောင်းများကို ကျွန်တော့်အား ပြန်ပြောပြ တတ်သည်။ အများသူငါ သိပြီးသားများ ပါဝင်သလို မသိသေးသည် များလည်း ပါဝင်လေသည်။

အဒေါ်အောင်သန်းတင် တစ်ခါက ပြောပြသော အကြောင်းအရာတစ်ခုမှာကား သူနှင့် ရွှေမန်းတင်မောင် နှစ်ယောက်တည်းသာ သိခဲ့ကြသည့်အကြောင်းအရာ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မုန့်လုပ်ရာတွင် အတွင်းသားအထိ ညီညီညာညာ ကျက်စေရန် လည်းကောင်း၊ မြန်မြန်ထက်ထက်ကျက်စေရန် လည်းကောင်း အထက်မီးအောက်မီးဖြင့် ဖုတ်ရသည်။ အညာဒေသ၏ အပူသည် အထက်မီး အောက်မီးနှင့် မုန့်ဖုတ်သကဲ့သို့တည်း။ ထနောင်းရိပ်၏ အေးမြခြင်းသည် ဘယ်လိုပဲဖြစ်ဖြစ် ကဲ့ကော်တောကိုတော့ မီလိမ့်မည်မထင်။ နိကျင်သော ဖုန်များကို တံမြက်စည်းလှည်း၍ လာသော အညာလေသည် အင်းလျားကန်ပေါ်တွင် ရှိုးရှိုးက တတ်သော လေပွေနှင့် မနှိုင်းသာအောင်ပူပေလိမ့်မည်။

ဝါးကြမ်းဖျာများဖြင့် မိုးကာထားသော ဇာတ်ရုံအတွင်း၌ ပင်လျှင် ငါးရံ့ပြာလူး တစ်ညလုံး ဇာတ်က, ရသဖြင့် နေ့ခင်းသာ အိပ်ရရှာသော ဇာတ်သမားများ ချွေးတစိစိဖြင့် လူးလှိမ့်နေကြရလေသည်။ ပူလိုက်ဝါဘိ အညာနွေရယ်။

ဇာတ်ဆရာသည် တညလုံး ဒိုင်ခံ၍ တန်လောက်အောင် တတတ် သည် မှန်သော်လည်း နေ့လယ်နေ့ခင်းတမှေးနှစ်မှေးသာ မှေးတတ် သည်မှာ ကဲ့စရာကောင်းသည်။ အညာနေ့လယ်မို့ ပူသည် ဟူ၍ သူမအိပ်သည်မဟုတ်။ ဘယ်ဒေသမှာ ကရကရ သူ့ဝသီကိုက ဤအတိုင်းသာဖြစ်သည်။

သူသည် များသောအားဖြင့် ပတ်လက် ကုလားထိုင်တစ်လုံးဖြင့် စာဖတ်နေတတ်သည့်တများ၏။ တလေးများ ကဲ့သို့ အသံထွက်၍ ရွတ်ဖတ်ကျက်မှတ်သည်လည်း ရှိတတ်၏။ ထို့ကြောင့်လည်း ကာဋ္ဌုဒါယီအမတ်ဆိုသည်မှာ ရွှေမန်းတင်မောင်ကို ပြောတာများ လေလားဟု ထင်ရလောက်ခြင်း ဖြစ်ဟန်တူသည်။ အမယ်ကြီးတို့ အောင်စိန်သည် ရွှေမန်းကို ထမ်းပိုးရကျိုးနပ်ဝါဘိ။



ထိုနေ့လည်ခင်းကလည်း ရွှေမန်း တင်မောင်သည် ပက်လက်ကုလားထိုင်တစ်လုံးဖြင့် ဝှက္ကားတွယ်တြားတွင် ဦးပုည စာပုဒ်ကို ကျက်မှတ်နေလေသည်။ အောင်သန်းတင်သည် မလှမ်း မကမ်း ဖျာတစ်ချပ်ပေါ်တွင် တစ်မှေးအိပ်နိုင်ရန် ကြိုးစားနေလေ သည်။ မှေးမှေးမှေးမှေး ရှိသေးသည်၊ သူ့နားထဲ သူ့အစည်ခေါ်သံ ကြားသလိုလို ဖြစ်လာသည်။

" သန်းတင်ရေ ၊ သန်းတင် "

ဇာတ်ဆရာနှယ်ခင်များ ခက်ပါဘိတော့၊ တညလုံးသဲ ကရသည် မှာ အမော၊ နေ့လယ်နေ့ခင်း အိပ်မည်ကြံတော့လည်း ပူလိုက်သည့် အညာတပေါင်း၊ သည်ကြားထဲ မှေးခနဲ ပျော်ခါရှိသေး သင်းက ခေါ်နေချေသည်။ သူ့လို မောင်ဖေါတ်တချိုင်း စိတ်ခဲ့၍ ခက်ခက် ရချည်ရဲ့တော်။

သို့ရာတွင် ဇာတ်ဆရာခေါ်တော့ ဝင်းသဲ နေနိုင်မှုသား

"ဘာတုံး ဇာတ်ဆရာရယ်၊ အိပ်ရလို့စိတ်ညစ်နေရ တဲ့အထဲ "

" ဘာလို့ အိပ်မရတာလဲ သန်းတင် "

" ဇာတ်ဆရာစိတ်ထဲမှာ ရေခဲသေတ္တာထဲ ရောက်နေ တယ်များ မှတ်ရော့လား၊ ဒါ အညာနွေရှင့် "

" ဒါပေမဲ့ ငါတို့ခေါင်းပေါ်မှာ အမိုးရယ်၊ အကာရယ်လို့ ရှိသေးတယ်မဟုတ်လား ၊ ဒီမယ် သန်းတင် တိုးစာ ကြည့်လိုက်စမ်း"

ရွှေမန်းတင်မောင် ညွှန်ပြရာသို့ ကြည့်လိုက်ရာ ပထမ တော့ ဘာကို သူပြမှန်း မရှင်းလင်း၊ နောက်တော့ အောင်သန်းတင်

www.burmeseclassic.com



ရှင်းလင်းနားလည်စွာ မြင်လာရသည်။ ထိုအခါတွင်တော့ အညာ နွေ၏အပူသည် သူ့ရင်ခေါင်းထဲတိုင် ထိုးနှက်ဝင်ရောက်လာလေ သလားပင် ထင်မိတော့သည်။

တကယ့်ကို အထက်မီး အောက်မီးဖြင့် ဖုတ်ကင်နေသည့် အလား နီရဲသော မြေတလင်းနှင့် ဝါရွှေသော နေခြည်တို့အကြား တွင် ပျော်ရွှင်စွာ ချီတက်လာကြသော လှည်းတပ်ကြီးဆီမှ တေးသံ ရယ်မောသံများကို သဲ့သဲ့မျှ ကြားရလေသည်။ တချို့လှည်းများသည် ပေါင်းမိုးမပါ။ တချို့ကား ပါ၏။ ပါချင်လည်းပါ၊ မပါချင်လည်းနေ၊ နေပူရုံမက နေကိုဖြတ်ရ ဖြတ်ရ၊ ငါတို့သည် ပျော်ရွှင်ပါ၏။ ငါတို့သည် ငါတို့အနုပညာရှင်ကို ချစ်၏၊ ငါတို့သည် ရွှေမန်း တင်မောင် ကြည့်မ ဟဲ့ဟု အားခဲစိတ်သွင်းလာခဲ့ကြ၏၊ ငါတို့ ဘာကို မှုစရာလိုသနည်းဟူ၍ ကြွေးကြော်နေသလား ထင်ရသည်။ နွားများ ပင်လျှင် သူတို့သခင်များ ဇာတ်တူး၍ ခြေလက်မြှောက်ရာမှာ ကကြိုး ကကွက်ဆင်နေသည့်အလား။

"တွေ့လား သန်းတင်၊ သူတို့ ဘယ်လောက်ဝေးတဲ့ ခရီးက လာရတယ်ဆိုတာ မမှန်းနိုင်ဘူး၊ ညကျခါမှ ကြည့်ရမယ့်ပွဲကို ခုကတည်းက လာပြီးစောင့်ကြရတာ"

အောင်သန်းတင်၏ စိတ်ထဲတွင် ဘာကိုမှန်းမသိ ပီတိဖြစ် ရလေ သည်၊ ကရုဏာတရားသည်လည်း နွေလေပြည်နဲ့အတူ သူ့နှလုံးအိမ် သို့ ရောက်ရှိလာသည်၊ " ဒါလောက်ပဲ အဖြစ်သည်းရ သလားတော်တို့ရယ်"

" ဟောဟိုမှာတော မြင်သလား၊ လှည်းအောက်ဆီမှာ



ညနေစာအတွက် ချက်ပြုတ်နေကြတာ ဘယ်လောက် ဒုက္ခကြီး သလဲ သန်းတင်၊ အဲဒါ ငါတို့ကို တစ်ညတကြည့်စို့ တနေ့တာ ဒုက္ခခံကြရတာပဲ "

တဲလုပ်များသာ ခံမနေပါမူ ပွဲကြည့်လာကြသော ရိုးသားတို့၏ မျက်နှာအမူအရာများကို မြင်ရမည်ဖြစ်သည်။ လှည်းပေါ် ပတ်ချာလည်တွင် ဝိုင်းကြီး ပတ်ပတ်ကစားနေကြသော ကလေး ငယ်များကို မြင်ရမည်၊ သင်းတို့၏ မိခင်များက "တော်နေ ညပွဲမကြည့်နိုင်ဘဲ နေဦးမယ်၊ လာ တစ်ရေးတစ်မော အိပ်လှည့် ကြအုံး " ဟူ၍ သားသမီးငယ်များကို ကြိမ်းမောင်းနေမည်လေ။

ဇာတ်ဆရာသည် ပက်လက်ကုလားထိုင်ပေါ်မှ ဆင်းလိုက် သည်၊ ပုဏ္ဏားကွယ်အပြင်ဘက်သို့ ထွက်လိုက်သည်၊ ဆောင့်ကြောင့် ထိုင်လိုက်သည်၊

" သန်းတင်ရေ အဲဒါ ငါတို့ရဲ့ထမင်းရှင် ကျေးဇူးရှင်တွေပဲ ငါတို့ မေတ္တာ၊ စေတနာ၊ သစ္စာ အပြည့်ထားရလိမ့်မယ်၊ ကျေးဇူး ဆပ်ကြ ရလိမ့်မယ်၊ ဂါရဝတရား ထားရလိမ့်မယ်၊ တိုင်း . . . ငါတို့ ကန်တော့ ကြရအောင် "

ဇာတ်ဆရာက ရှေ့နားဆီမှ လာထိုင်လျက် လှည်းတပ်ကြီး ဆီသို့ ဦးတည်၍ ဦးသုံးကြိမ်ချ ကန်တော့သည်၊ အောင်သန်းတင်က နောက် နားဆီမှ။

အောင်သန်းတင် သည် ဦးတင်လတ်ချာတာ စိတ်ထဲမှာ ကြည် း၀နေသတည်း။

ပျော်ရွှင်စွာ မျက်ရည်ကျခြင်းသည် [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ထိုညက ကရသော ပွဲသည် တစ်သက် မမေ့နိုင်အောင် ကြည်နူးရ ပါဘိတော့သည်။

ထိုညကလည်း ယခင်ညများတဲ့သို့ ရွှေမန်းနှင့်တွဲဖက်၍ ပရိသတ်ကို ကရင်း ကန်တော့ပန်းဆင်ခဲ့သည်။ သို့ရာတွင် ထိုနေ့ လယ်က ဦးချကန်တော့ရသည်နှင့် တန်ဖိုးချင်း မတူပါတကား။ အညာနွေသည် ဘယ်မှာ ပူလို့တုံး။ အေးချမ်းလိုက်သည့်ဖြစ်ခြင်း။

ရွှေမန်းတင်မောင်သည် သူဆိုခဲ့သော သီချင်းထဲကလိုပင် အပေကြီးသည် ရွှေကြေးစည်ကို လွင်လွင်မြည်အောင် တီးခဲ့ပါ သတည်း။

(၃)

မြန်မာပြည်တွင် ကိုညွန့်ဝင်း ဟု အမည်ကင်ပွန်းတပ်အပ် သော ယောက်ျားမည်မျှရှိမှန်း မသိနိုင်။ သို့ရာတွင် ရုပ်ရှင်မင်းသား ကိုညွန့်ဝင်းကား တစ်ယောက်တည်းသာ ရှိလေသည်။ ညွန့်ဝင်း ပေါင်းများစွာတွင် ထို 'ညွန့်ဝင်း' သည် နာမည် အကြီးဆုံးဟုဆိုလျှင် မည်သူတ ငြင်းပါအံ့နည်း။ သို့ရာတွင် သူသည် ရွှေမန်းတင်မောင် ၏သား ဖြစ်လေသည်။ ကိုညွန့်ဝင်းသည် ရွှေမန်းတင်မောင်လောက် နာမည်မကြီးပေ။

ထို ကိုညွန့်ဝင်းနှင့် ကျွန်တော်သည် အမှတ်မထင် မိတ်ဆွေ ဖြစ်ခဲ့ကြရ၏။ တစ်နေ့သောအခါတွင် သူက ကျွန်တော့်ကို အခွင့် အရေးတစ်ခု တောင်းလေသည်။ အခွင့်အရေးဟု သုံးနှုန်းရခြင်းမှာ အကြောင်းရှိပေသည်။



"ခင်ဗျားတို့ စာပေဟောပြောပွဲတွေ လိုက်ပြောကြတယ် ဆို။ တစ်နေ့လောက် ကျွန်တော့်ကို ခေါ်ပါလားဗျာ။ လိုက်နား ထောင်ချင်လို့"

ယင်းသို့ဆိုလျှင် ကျွန်တော် သဘောပေါက်နေပြီ၊ စာပေ ဟောပြောပွဲဆိုသည်မှာ မည်သူမဆို အခမဲ့ နားထောင်နိုင်သော ကိစ္စဖြစ်သည်။ သို့ရာတွင် ကိုညွန့်ဝင်း သည် 'မည်သူမဆို' မဟုတ် ပါချေ။ အဘယ့်ကြောင့်ဆိုသော် သူသည် 'ညွန့်ဝင်း' ဖြစ်သော ကြောင့်တည်း။ သူ့ခမျာ ကိုယ့်ခြံဝင်းအပြင်ဘက် ထွက်ရ လမ်းလျှောက် ရသည်မှာပင် အခက်ကြုံနေရသူဖြစ်သည်။

သူ့ချစ်ပရိသတ်ကလည်း နည်းသမှတ်လို့။ ထို့ကြောင့် သူ ကျွန်တော်တို့ စာပေဟောပြောပွဲသို့လိုက်လာလျှင် ပရိသတ် ထိန်းသိမ်းရသည်မှာ ပြဿနာ မဟုတ်ဘူးပဲထား။ ခင်သာကြည့်ချင် သောပရိသတ် အနှောင့်အယှက် ဖြစ်နိုင်သည်။ ကျွန်တော်တို့ထံ လာသော ပရိသတ်ထဲမှ တစ်ချို့တစ်ဝက် သူ့ဘက်သို့ ပွဲဝါသွားမည် ကိုလည်း စိုးရသေးသဗျ။

မည်သို့ပင်ရှိစေ၊ ကျွန်တော်တို့ စာပေဟောပြောပွဲသို့ သူ လိုက်မည်ဆိုလျှင် ကျွန်တော်တို့မှာ တာဝန်ရှိသည်။ သူထိုက်၍ ဖြစ်နိုင်သည့်ပွဲမျိုးကို စဉ်းစားရသည်။ ဥပမာ - ဌာနဆိုင်ရာ စာပေ ဟောပြောပွဲမျိုး။ ထို့ကြောင့်ပင် သူတ ကျွန်တော့်ထံမှ အခွင့်အရေး တစ်ခု တောင်းသည်ဟု စောစောက ကျွန်တော် သုံးနှုန်းရခြင်း ဖြစ်သည်။

သို့ရာတွင် ယနေ့တိုင် သူတစ်ကြိမ်မျှ လိုက်မကြွခဲ့၊ သူ

www.burmeseclassic.com



မအား လပ်သည်နှင့် ကြုံတတ်သလို သူမလိုက်သင့်သည့် ပွဲမျိုးတွေသာ ကျွန်တော်တို့ သွားရတတ်သည်။ ကျွန်တော်တို့ ပြောရဟောရနေရာမျိုးကား များသောအားဖြင့် ရပ်ထဲရွာထဲ တောလက်ကျေးရွာ လှေတစ်တန်၊ လှည်းတစ်တန် သွားရသောအရပ်မျိုး။

ကျွန်တော်တို့ ဟောပြောပွဲများ အထူးသဖြင့် ကျွန်တော်ဟောပြောသည်များကို သူ နားထောင်ချင်သည့်အကြောင်း ကျွန်တော် သိသည်။ ကျွန်တော်သည် အထက်တွင်ဖော်ပြခဲ့သော ရွှေမန်းတင်မောင်၏ စေတနာ၊ မေတ္တာ၊ သူ့ပရိသတ်ပေါ် ထားရှိသော ဂါရဝတရားကို ထည့်၍ပြောတတ်သည်ဟု သူနားစွန်နားဖျားကြားမိကောင်း၊ ကြားမိပေလိမ့်မည်။ အကြွင်မိဘ၏ ဂုဏ်ပုဒ်ကို ဖော်ကျူးရာ၌ အဘယ် သားသမီးကောင်းသည် နားမထောင်ချင်ရှိမည်နည်း။

တနေ့တွင် ကိုညွန့်ဝင်းနှင့် ကျွန်တော် စကားလက်ဆုံကျဖြစ်ကြသည်။ ထိုစဉ်က စာရေးဆရာ အောင်ပြည့် (မောင်သဘင်အမည်ခံ၍ ဇာတ်သဘင်ဆောင်းပါးများ ရေးဖူးသည်) လည်းအတူတကွ ရှိနေသည်။

ကိုအောင်ပြည့်က ရွှေမန်းတင်မောင်၏ အနုပညာကို ဆွေးနွေးနေသည်။ ကိုညွန့်ဝင်းသည် ပီတိပြုံးကို မညှောင်းမညာ ပြုံးထားရင်းအားရကျေနပ်နေသည်။ နှစ်နာရီ သုံးနာရီကြာမျှ စကားကောင်းခဲ့ကြပြီးသည်ကိုပင် ကိုညွန့်ဝင်းက မတင်းတိမ်သေး။ သူ့အဖေ၏အကြောင်းချင်းရာများကို ပင်လယ်ရေသဖွယ် ငတ်မပြေ နားထောင်ချင်နေသည်။



" ဆိုစမ်းပါဦးဗျ၊ ကိုသုမောင်ကြီးတော ကျွန်တော့် ဖေဖေအကြောင်းတွေ ဟောပြောပွဲမှာ ထည့်ပြောတတ်သဆို ၊ ခင်ဗျားဟောပြောပွဲကလည်း ကျွန်တော်နဲ့ မဆုံနိုင်ဘူးဆိုတော့ ခုဝဲပြောပြဗျာ၊ ခင်ဗျား ဘာတွေပြောသလဲ . . . ဟင် "

နဂိုအသံသြကြီးဖြင့် ပလုတ်ပလောင်း ပြောလိုက်ပုံမှာကျွန်တော် ပင် သူနှင့်ရော၍ ပီတိဖြစ်ရလေသည်။ ကျွန်တော်သည်ရွှေမန်း တင်မောင်နှင့် အောင်သန်းတင်တို့၏ ထူးခြားသောတန်တော့ပန်းကို စီကာပတ်ကုံး ပြောပြလိုက်လေသည်။

" သဘောကတော့ဗျာ စာရေးသူဖြစ်ဖြစ်၊ အဆိုတော်ဖြစ်ဖြစ်၊ မင်းသားဖြစ်ဖြစ် အနုပညာသည်ဆိုတာ တိုယ့်ပရိသတ်အပေါ် လေးစားသင့်တယ်၊ မေတ္တာ သစ္စာထားသင့်တယ်လို့ကျွန်တော် ပြောချင်တာပါ၊ တကယ်တမ်း စိတ်ရင်း စေတနာရင်းနဲ့တပရိသတ် ကို ချစ်ခင်လေးစားနိုင်ရင် ကျွန်တော် အတွေ့အကြုံပြည့်ပါတယ် ကိုညွန့်ဝင်းရယ်၊ ရောင်ပြန်ဟပ်တတ်တယ်လို့၊ ဒါကိုကျွန်တော်က ခင်ဗျားအဖေနဲ့ ဥပမာပေးတာပါ "

ကိုညွန့်ဝင်းသည် ကျွန်တော်ပြောပြသော သူ့ဖခင်အကြောင်းကို ကြားရသောအခါ အတော်ဝင် ထိခိုက်ထုန်လှုပ်သွားပုံရ၏။ သူ၏ မျက်မှန်ကွယ်နေသဖြင့် သူ့မျက်ထုံးတွင်မျက်ရည်ဝေ့နေ မဝေ့နေတော့ဖြင့် ကျွန်တော်မသိရပေ။

" အေးဗျာ ၊ ရိုးရိုးသားသား ဝန်ခံရရင် ဖေဖေရဲ့ အဲဒီအဖြစ် အပျက်ကို ကျွန်တော်လုံးဝ မသိသေးဘူး ကိုသုမောင် "

" ခင်ဗျား မသိတာဟာ ပိုပြီး တန်ဖိုးကြီးသွားတာပေါ့ဗျာ

www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ဆို ခင်ဗျားအဖေဟာ သူ ဒီလိုလုပ်ပါတယ်လို့ ခင်ဗျားကို ပြန်ပြောပြပြီး ဂုဏ်ယူတတ်တဲ့ လူစားမျိုးမှ မဟုတ်ဘဲ၊ ဒီလို အကြောင်းအရာမျိုးဆိုတာ ကိုယ်တိုင်ထက် တစ်ပါးသူက ပြောပြမှ ပိုလို့အဖိုးတန်တတ်တာကလား၊ ကျွန်တော်လဲ ဒီအကြောင်းကို ဒေါ်လေး ဒေါ်အောင်သန်းတင် ပြောပြလို့ သိရတာ။ ဒေါ်လေး ကတော့ ဖာတ်ဆရာရဲ့ အဲဒီအပြုအမူ ကို သူ့တစ်သက် မမေ့နိုင် တော့ဘူးတဲ့ ”

ကိုညွန့်ဝင်းသည် သက်ပြင်းရှည်ကိုချ၏။ သူ၌ တန်ဖိုး ကြီးသော အရာတစ်ခု ရရှိနေမှန်း သူဆက်၍ ပြောပြသော အကြောင်းအရာက သက်သေပြလေသည်။ သူပြောပြသော အကြောင်းအရာ ဆုံးခန်းတိုင် သောအခါ မေတ္တာ၊ စေတနာ၊ ဂါရဝတရားတို့သည် ရောင်ပြန်ဟပ် သည်ဟူသော ကျွန်တော်၏ ယုံကြည်ချက် မှန်ကန်ကြောင်း သေချာ သွားရပါတော့သည်။ ဖာတ်ဆရာ၏ မေတ္တာသည် သူ့သားလက်ထက်တိုင် ရောင်ပြန် ဟပ်၍ မဆုံးနိုင်သည်တကား။ သူ့ အဖြစ်အပျက် ကျွန်တော့်အား ပြောပြလေသည်။

တစ်နေ့တွင် ကိုညွန့်ဝင်းသည် အထက်အညာအရပ်သို့ ရုပ်ရှင် ရိုက်ရန် သွားရောက်၏။ သူ ရောက်လေရာ အမြို့မြို့တွင် သူ့ မော်တော်ကားနောက်သို့ သူ့ချစ်ပရိသတ်က တကောက်ကောက် လိုက်နေကြသည်။

အကယ်ဒမီနှစ်ထပ်တွမ်း ညွန့်ဝင်းပေကိုး၊ မြို့မှာမို့ မြို့ပရိသတ် က အသည်းစွဲသည် အထင်မရှိလေနှင့်၊ မြို့အစွန် နယ်အဖျား ရောက်လေထော့လည်း ‘ညွန့်ဝင်းကွ’၊ ‘ဗန်ဒိုလူလေးကွ’ နှင့်ပင်၊



ကျေးလက်တောရွာများသို့ ရောက်ပြန်တော့လည်း သူ့စီး သော နွားလှည်းဘေးမှ သူ့ပရိတ်သတ်က ဝိုင်းဝိုင်းလည်၊ သူ့လှည်း နောက်မှာလည်း ညာသံပေး၍ အပြေးလိုက်နေကြသော လှည်း ပေါင်း မနည်းလှ။

သည်လိုနှင့် ကိုညွန့်ဝင်းတို့ ရုပ်ရှင်အဖွဲ့သားများ တောကြို အုံကြားထိ ရောက်ခဲ့ကြသည်၊ ဘယ်ကိုရောက်ရောက် “ညွန့်ဝင်း လေးတဲ့တော်. . .” “ညွန့်ဝင်းကြီးတဲ့ဗျ” “အမလေး ချောလိုက်တာမှ အသားကလေးကို မှန်လို့” ဟူသောအသံများ ထွက်ပေါ်စမြဲ။

နောက်ဆုံး သူတို့လူစုသည် လူသူမနီး လှည်းလမ်းခရီးပင် မပေါက်သော တောင်ပေါ်တောကြီးထဲအထိ ရောက်ခဲ့ကြသည်၊ သည်မှာလည်း အလျှိုလျှိုနှင့် ဘယ်က ဘယ်လိုရောက်လာကြမှန်း မသိ၊ သူတို့လာကြည့်ကြသော ပရိသတ်များနှင့်ပင်၊ လူငယ်လူရွယ် များချည်းဆိုလျှင်ထားတော့၊ အသက်ကြီးအိုမင်းများပါ တောင်ဝှေး တိုယ်စီဖြင့် သူ့ထံလာ၍ ကြည့်ငေးကြရသည်။

“ကျွန်တော် မာနတောင်တက်မိပါရဲ့ဗျာ” ဟု ကိုညွန့်ဝင်း က ဝန်ခံသည်၊ သူသည် သူ့စကားကို ဆက်၏၊

“ တနေရာ ရောက်တော့ဗျာ၊ ကျွန်တော်တို့လည်း စက်တွေ ထမ်း၊ ပစ္စည်းတွေထမ်းပြီး ခြေလျှင်လာရတာမို့ တောလမ်းတနေရာ မှာ ခဏ နားကြတယ်၊ ကလေး လူကြီး ပရိသတ်ကတော့ ဝိုင်းထုန်း ဆဲ့လေ အဲဒီတုန်းမှာ တောင်ဝှေးကြီးထောက်ပြီး ခါးတကိုင်းကိုင်း လျှောက်လာတဲ့ တော်တော့်ကို ဆင်းဆင်းရဲရဲ စုတ်စုတ်ပြတ်ပြတ် အမယ်အိုကြီးတစ်ယောက် ကျွန်တော့်နား ရောက်လာတယ်၊

www.burmeseclassic.com



အလေးပြုသလို နဖူးပေါ်လက်ကာပြီး မျက်လုံးကလေးမှေးလို့ ကျွန်တော့်ကို မှုန်မှုန်မှွားမှွား စိုက်ကြည့်နေတယ်။

ကျွန်တော် ကလည်း တောကြီးမျက်မည်းထဲက ကိုယ့်ပရိသတ်ဆိုတော့ ပိုပြီးဂရုစိုက်ရမယ်လို့ နားလည်ပါတယ်၊ ဒါနဲ့ အဘွားအိုကြီးနား ကပ်သွားပြီး သူ့ပခုံးကလေးကို ကိုင်လိုက်တော့ အဘွားကြီးက အကြောပြိုင်းပြိုင်းထနေတဲ့ လက်ကြီးနဲ့ ကျွန်တော့်ပါးကို ကတုန်ကယင် လာကိုင်တယ်ဗျ။ ပြီးတော့မှ မျက်ရည်တလေး စမ်းစမ်းစမ်းစမ်းနဲ့ ဘာပြောတယ်မှတ်သလဲ "

အဘွားအိုပြောသော စကားသည် မည်သို့သောစကားဖြစ်ပါ သနည်း။ ထိုစကားကို ကြားရသောအခိုက် ကျွန်တော်ပင်ကြက်သီး ထသွားမိသည်၊ ရွှေမန်းတင်မောင်၏ သီချင်းသံသည် ကျွန်တော့် နားအတွင်းသို့ ဝေ့ခနဲတိုးဝင်ပြီး ကျွန်တော့်သည်းခြေအိမ်ကို ဆွဲလှုပ်ပစ်လိုက်သလို ခံစားရလေသည်။

" စကြဝဠာ တမွှာမြေတစ်ရိုး၊ ထိုးဖောက်လို့ ကြားရပြန်ပေသည် ရွှေကြေးစည် "

အဖေကြီးတီးသည့် ရွှေကြေးစည်သံသည် လှည်းလမ်းပင်မပေါက်သော တောင်ပေါ် တောတန်းတိုင် ပေါက်ရောက် ချေသည်တကား။

အဘွားအို ပြောလိုက်သောစကားကို အရင်းအတိုင်းကျွန်တော် ပြန်ပြောရသော် . . .

" ကိုတင်မောင့် သားဆိုလို့ လာကြည့်တာပါ " ဟုသတည်း။

၁၉၇၇ - ခုနှစ်၊ ဇူလိုင်လ
ငွေတာရီမဂ္ဂဇင်း

# အမေ့အိမ်

အမာစိန် လက်ဆော့တတ်မှန်း တစ်အိမ်လုံး မသိခဲ့ကြ၊ သိရန်လည်းမလို၊ သိစရာအကြောင်းလည်း မရှိ၊ သိလည်း မသိသင့်။

အို . . . ထင်ရက်စရာဝင်မရှိ၊

အစဉ်အလာသဘောနှင့်ပြောရလျှင် အမာစိန်နှင့်ကျွန်တော်တို့ မိသားစုသည် ဆွေးမျိုးနီးစပ်ပင် မတော်ပါ။

မေတ္တာတရားကို အခြေခံ၍ ပြောရလျှင်တော့အမာစိန်သည် ကျွန်တော်နှင့် မောင်နှမ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



အမာစိန် ကျွန်တော်တို့အိမ် ရောက်စက ခုနစ်နှစ်သမီးသာ ရှိသေး၏။ ကျွန်တော့်ကိုပင် မမွေးသေးပါ။ ကျွန်တော့်အစ်ကိုမှ ရှိလှလျှင် အခါလည်သားပေါ့။ အမာစိန်ကို ကျွန်တော့်အစ်ကိုအတွက် ကလေးထိန်းအဖြစ် ကျွန်တော့်အမေက ခေါ်လာခဲ့ခြင်းဖြစ်၏။ ကျွန်တော့်အမေက ကျောင်းဆရာမ၊ ကျွန်တော့်အဖေက စာပေလုပ်ငန်းလုပ်သူ ဖြစ်သဖြင့် ကျွန်တော့်အစ်ကို မွေးပြီးစကလေးကို ထိန်းသိမ်း ကြည့်ရှုမည့်သူ မရှိခဲ့၊ ကသီလင်တ ဖြစ်ကြရ၏။ ထိုကြောင့် ကလေးထိန်းငှားရ၏။

ခုနစ်နှစ်သမီး အမာစိန်သည် အခါလည်သား ကျွန်တော့်အစ်ကိုကို ထိန်းသိမ်းကြည့်နိုင်ပါမည်လားဟု စိုးရိမ်စရာမလိုပါ။ သူ့မောင်ရင်း ညီအစ်မရင်းများကို သူပင် အစဉ်အဆက် ထိန်းသိမ်းလာခဲ့ဖူးပြီး ဖြစ်၏။ ကလေးကိစ္စ၌ အမာစိန်ဟူသော တလေးမသည် ကျွမ်းကျင်ပါဘိ။

ဘဝဟူသည် ကျွမ်းကျင်ရာ လိမ္မာခြင်း မဟုတ်ပါလား။

အစပထမ၌ အမာစိန်တို လခဖြင့် ငှားရမ်းခဲ့ခြင်းဖြစ်၏၊ အိမ်ရောက်၍ နှစ်လမပြည့်ခင် အဖေနှင့်အမေသည် အမာစိန်ကို သွေးသားကဲ့သို့ ချစ်ခင်သွားကြလေသည်၊ သူကလည်း တောသို့ မပြန်ချင်တော့ပါ။ တောက သူ့မိဘထံသို့သာ လခ မှန်မှန်ပို့ပေးပါ။ သူ သည်အိမ်မှာ ပျော်နေပြီတဲ့၊ မောင်လေးနှင့် သူမခွဲနိုင်တော့ပါ။

" လခလည်း မပေးချင်နေပါတော့ အမေရယ် "

❖ ❖ ❖



ကျွန်တော့်အစ်ကို၏နောက် ကျွန်တော်နှင့် ကျွန်တော့်အောက် နှစ်ယောက်သည်လည်း အမာစိန်လက်ပေါ်မှာပင် ပျော်ခဲ့ကြရလေသည်။

ယခုအခါ ကျွန်တော်တို့တစ်တွေ အရွယ်ကိုယ်စီ ရလာကြပြီ ဖြစ်သော်လည်း အမာစိန်သည် အိမ်မှ ခွဲခွာမသွားတော့ချေ။

ကျွန်တော်တို့ စိတ်၌လည်း အမာစိန်သည် အစ်မကြီးသဖွယ် ဖြစ်နေပါပြီ။

အမာစိန်ဟူသော အမည်အကြောင်း နည်းနည်း ပြောပါရစေ။

အမာစိန်၏ အမည်ရင်းမှာ အမာရွှေဖြစ်ပါသည်၊ သူ ကျွန်တော်တို့အိမ် ရောက်စကလည်း သူ့အမည်သည် အမာရွှေပင်ဖြစ်၏။

သို့ရာတွင် မန္တလေးမှ အငြိမ့်မင်းသမီး အမာစိန် အလွန်နာမည် ကြီးလာသောကာလ၌ အမာရွှေ၏အမည်သည် နောက်ရင်း ပြောင်ရင်းနှင့်ပင် အမာစိန် ဖြစ်သွားရှာလေသည်။

ကျွန်တော်တို့အိမ်နားတွင် 'ကာလီမူတူး' ဟူသော ကုလားမကြီးရှိ၏၊ သူသည် ကိုယ်ဝန်အရင့်အမာကြီးနှင့်ပင် ကြည်ကြည်ဌေး ပါဝင်သော ရုပ်ရှင်ကားများတို တိုးဝှေ့ကြည့်ရှုသူဖြစ်၏၊ 'ကာလီမူတူး' သည် ကြည်ကြည်ဌေးကို အသည်းစွဲ၊ သူကိုယ်ဝန်လစေ့၍ သမီး မိန်းကလေးတစ်ယောက် မွေးဖွားလာသောအခါ ကလေးအမည်ကို တစ်ရပ်လုံးက ဝိုင်း၍ ထင်ရှားစွာ လိုက်ကြလေသည်။

" ကြည်ကြည်ဌေး" တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ထိုသဘောအတိုင်းဝင် ဖြစ်ပါလိမ့်မည်။

အမည်သညာနှင့် ပတ်သက်၍ ကျွန်တော်ငိုတာ ချဲ့နေခြင်း မဟုတ်ပါ။ အမည်ချင်းဆင်တူ ဖြစ်နေသဖြင့် ယိုးဒယားပြန် အငြိမ့်မင်းသမီးကြီး အမာစိန်သည် ကျွန်တော်၏ အမာစိန် မဟုတ်မှန်း သိသာစေလိုခြင်းမျှသာ ဖြစ်ပါသည်။

ကျွန်တော့်အဖေသည် လည်းကောင်း ကျွန်တော့်အမေ သည်လည်းကောင်း မြန်မာမှုကို မြတ်နိုးကြပါသည်။ အစဉ်အလာကို နှစ်သက် စွဲလမ်းကြပါသည်။ ကျွန်တော်တို့သည် မိမိထက်အသက် တစ်ရက်တစ်မနက်ကြီးသောသူကို 'နင်၊ ငါ' ဟူသော အသုံးအနှုန်း မျိုးမသုံးကြရပါ။ ကျွန်တော်တို့ တိုယ်တိုင်၌ကလည်း သည်အတွက် ဂုဏ်ယူစွာပင် ကျင့်ကြံခဲ့ကြပါသည်။

ကျွန်တော့်ညီ အငယ်ဆုံးကောင်သည် ဆံပင်ရှည်ထားပါ သည်။ ခေါင်းလောင်း ဘောင်းဘီဝတ်ပါသည်။ ထိုအပြင်အဆင် နှင့်ပင် ဝါဝင်ဝါထွက်၌ ရပ်တွက်ထဲလည်၍ ဆွမ်းဆန်စိမ်းခံပါသည်။

ကျွန်တော်တို့သည် အမာစိန်တိုလည်း မိမိ၏ အစ်မကြီး သဖွယ်ပင် ရှိသေစွာဆက်ဆံကြပါသည်။ သို့ရာတွင် သူ့အမည်ကို ခေါ်ရာ၌တား ကျွန်တော်ပြောပြောနေသကဲ့သို့ပင် 'အမာစိန်' ဟူ၍သာ ခေါ်မိပါသည်။ ပြင်၍မရပါ။ နှုတ်ကျိုးခဲ့လေပြီ။

ကျွန်တော်သည် ဝရိသတ်တစ်ယောက်အနေဖြင့် အငြိမ့် မင်းသမီး အမာစိန်ကို "အမာစိန်" ဟုပင် ရင်းနှီးစွာ ခေါ်ဝေါ် သကဲ့သို့ပင် သူ့နာမည်ကို အစွဲပြု၍ခေါ်ခဲ့သော ကျွန်တော်တို့၏ အမာစိန် ကိုလည်း အမာစိန်ဟုဝင် ခေါ်မိခဲ့ခြင်း ဖြစ်ဟန်တူပါသည်။



အမာစိန်သည် အလျင်က လက်ဆော့ခြေဆော့ မရှိခဲ့ပါ။ လက်ဆော့ခြေဆော့ဟူသော ဝေါဟာရကို အသုံးပြုခြင်းမှာ အမာစိန် ကို အစ်မရင်းသဖွယ် ချစ်သောကြောင့် နားခံသာအောင် ဖြစ်ပါ သည်။ 'ခိုး' သည်ဟု ကျွန်တော်မပြောရက်ပါ။

ကျွန်တော်တို့ ငယ်ငယ်ကဆိုလျှင် တအိမ်လုံးသူ့ခြေ သူ့လက်ချည်းဖြစ်သည်။ မီးဖိုချောင်မှာဆိုလျှင် အမာစိန်သည် ဘုရင်မ ဖြစ်သည်။

အိမ်၏ တာဝန်ပေါင်းများစွာကို အမာစိန်သာ နိုင်ခံလုပ်ရ သည်။ ငွေရေးကြေးရေးကအစ တော်ရုံတန်ရုံဆိုလျှင် အမာစိန်နှင့် လွှဲနိုင်ခဲ့သည်။ သမီးကြီး မဟုတ်လား။ အဖေကလည်းကောင်း အမေက လည်းကောင်း သမီး သမီးနှင့် နှုတ်ဖျားကမချ။

အမာစိန်သည် အိမ်၏ မန်နေဂျာ၊ သည်အမာစိန်သည် ဘယ်ကဲ့သို့ ခြေဆော့ လက်ဆော့ရှိပါမည်နည်း။ သို့ရာတွင် . . .

ငှက်တို့သည်လည်း အချိန်တန်၍တော့ တောင်းကင်ယံသို့ ပျံကြ၏။

အမာစိန် ရည်းစားထားခဲ့လေသည်။ အခြားသူနှင့် မတုတ် ပါ။ ကျွန်တော့်အဖေ့ ပုံနှိပ်စက်မှ အလုပ်သမား ကိုချမ်းသာနှင့် ဖြစ်၏။ အဖေက သဘောမတူခဲ့ချေ။ ကိုချမ်းသာသည် တထ်လမ်း ရှိသူမဟုတ်မှန်း အဖေသိ၏။ ခိုဖိုကပ်ဖို့ အခွင့်အလမ်းကို စောင့်ဆိုင်း နေတတ်သူနှင့် သမီးအမာစိန်ကို အဖေသဘောမတူခဲ့။ သို့ရာတွင် စာပေသမား ကျွန်တော့်အဖေသည် မေတ္တာတရားကို နားလည်ပုံက ရလေသည်။ ပြီးတော့ ကိုချမ်းသာသည်လည်း သားစာညှိပင်

www.burmeseclassic.com



ဖြစ်၏။ သူ ကိုယ်စွမ်းကိုယ်စဖြင့် အလုပ်လုပ်မည့်သူ မဟုတ်သလို အဖေ့ထံမှလည်း ဘယ်တော့မှ ဖယ်တျဉ်သွားမည့်သူ မဟုတ်။ အဖေမှလွဲ၍လည်း သူ့၌ အခြားအားကိုးဖွယ်မရှိ။ တစ်သက်လုံး အဖေ့အပါးမှာ ပေတပ်နေမည့်သူသာဖြစ်၏။

အဖေသည် ကိုချမ်းသားနှင့် အမာစိန်ကို လက်ထပ်ပေးလိုက် ရလေသည်။ အိမ်အောက်ထပ်မှာပင် အခန်းတခန်းကာ၍ နေကြပေရော့။

❋ ❋ ❋

အဖေသည် စည်းကမ်းကြီး၏။ သားသမီးရင်းပင် ဖြစ်ပါစေ ကိုယ့်အိမ်ထောင်နှင့် ကိုယ်ဖြစ်လာလျှင် ကိုယ့်ဘဝ ကိုယ်ထူထောင်ကြ။ အကူအညီလိုလျှင် အဖေက ပေးမည်။

အမာစိန်တို့ လင်မယားသည် အဖေ့တွက်ကိန်းအတိုင်း ဆိုးကျိုး ကောင်းကျိုး အမျိုးမျိုးတိုပေးလျက် ဖုတ်လှိုက်ဖုတ်လှိုက်ဖြင့် အိမ်ထောင်တစ်ခုကို ထူထောင်ကြလေသည်။ သားသမီးလေး ယောက် ထွန်းကားပြီးသော်လည်း သူတို့သည် ဘာမျှမပြောင်းလဲ။ တောင်းစုတ် ပလုံးစုတ် မဟုတ်တော့လည်း အဖေသည်းခံရပေလိမ့်မည်ပေါ့။

ရှေ့သွားနောက်လိုက် ညီခြင်းကြောင့် လင်နှင့်မယားဖြစ်လာသည်လား၊ လင်နှင့်မယားဖြစ်လာခြင်းကြောင့် ရှေ့သွားနောက်လိုက်ညီသည်လား ကျွန်တော်မပြောတတ်ပါ။ ကိုချမ်းသာ လက်ထပ်ပြီးကတည်းက အမာစိန်သည် အလုပ်၌ လက်ကြောမတင်းချင်



တော့ပါ။ သားသမီးလေးယောက် ထွန်းကားပြီးနောက် ပိုဆိုးလာသည်။ ဘယ်တော့ကြည့်လိုက်ကြည့်လိုက် ပိုးလိုးပက်လက် ပိုစိုးပက်စက်။ များသောအားဖြင့် အိမ်လည်ထွက်နေတတ်သည်။ အလှူအိမ်တကာ၊ အသုဘအိမ်တကာလည်၍ချည်းနေတတ်သည်။ မိုးလင်းသည်နှင့် လမ်းထိပ် မုန့်ဟင်းခါးဆိုင်မှာ တစ်မနက်လုံးထိုင်၍ အတင်းအဖျင်း ပြောနေတတ်သည်။ သူ့တလေးတွေကား ကြီးစဉ်ငယ်လိုက် တစ်ယောက် ကိုတစ်ယောက် ထိန်းသိမ်းကြည့်ရှုရင်း ချေးအလိမ်းလိမ်း၊ ဖုန်အလူးလူးဖြင့် နေကြသည်။ သူ့တလေး အငယ်ဆုံးကောင် ဖိုးတုတ် ဆိုလျှင် ချစ်ဖို့အလွန်ကောင်းသည်။ ဖိုးတုတ်ကို ကျွန်တော် နမ်းရှုပ် ချင်လျှင် အတော်လှန်၍ ဝိုတ်ဖောင်း ဖောင်းကလေးကို နမ်းရသည်။ ဖိုးတုတ်၌ နမ်းစရာ နေရာဝင်မရှိ။

" အမေက ငါးပိရည် ပေးလိုက်ဝါတဲ့ "

"အဖေက ဒီနေ့ ဘွားဘွားတို့အိမ်မှာ ဝတ်သားထမင်းချက်တယ်ဆိုတဲ့ "

" အမေက အိမ်မှာ ဆန်မရှိဘူးတဲ့ "

" ဘွားဘွား ဆီနည်းနည်းလောက် ပေးပါတဲ့ "

" ဦးဦး ပိုက်ဆံနှစ်ကျပ် ချေးဝါတဲ့ ဖေဖေတာ "

သူတို့အိမ်မှာ ပြတ်လပ်ပြီဆိုလျှင် ဖိုးတုတ်သည် အသံစာစာဖြင့် အိမ်ပေါ်တက်လာတတ်လေသည်။ ကျွန်တော် စိတ်မကောင်းပါ။

သူတို့လင်မယားသည် ငွေကလေးရလာလျှင် သားသမီးတွေ လက်ဆွဲပြီးတဝတာပြ စားပစ်လိုက်ကြသည်။ ရုပ်ရှင်ကြည့်ဖို့ညစာ၊

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစရိတ်၊ သာရေးနာရေးရယ်လို့ စုဆောင်းမထားတတ်။ သုံးစရာကုန်လျှင် ကျွန်တော်တို့အိမ်သို့ ဖိုးတုတ်ကို လွယ်လွယ်ပင် လွှတ်လိုက်သည်။ ဝတ်စရာကုန်လျှင် ကျွန်တော်တို့၏ အကျႌများ၊ အမေ့အကျႌ များကို ခပ်တည်တည်နှင့်ဆွဲဝတ်လိုက်ကြသည်။ သည်လိုနှင့် ဘဝ ဟူသောအရာကို သူတို့ မေ့ထားကြလေသည်။

❋ ❋ ❋

ဘဝဟူသည် တစ်ဦးချင်း၏ ကိစ္စမဟုတ်ပါ။ အများနှင့် သက်ဆိုင်ပါသည်။ လောကကြီးသည် တစ်ဦးတစ်ယောက်တည်း အတွက် ကွတ်၍ မပြောင်းလဲတတ်ပါ။

ကုန်ဈေးနှုန်း ကြီးမြင့်လာသောအခါ မိသားစုတိုင်းသည် မိမိတို့ လုပ်အားကို တတ်နိုင်သမျှ တိုးမြှင့်ရလေသည်။ တရားသဖြင့်လား၊ မတရားသဖြင့်လား ဟူ၍ ရှိပါလိမ့်မည်။ တိုးမြှင့်ရသည်တော့ သေချာသည်။ ခုခံနိုင်သည်၊ မခုခံနိုင်သည်မှာ ဒုတိယကိစ္စ ဖြစ်သည်။ ပထမ၌ ကြိုးစားရမည်သာ ဖြစ်သည်။

အမာစိန်တို့ လင်မယားသည် လွယ်လွယ်ပေါ့ပေါ့ကလေး နေလို့မရတော့။ သည်လိုညည်းညူခြင်းဖြင့်သာ အသိအမှတ်ပြု ကြသည်။ ပုံစံမပြောင်းကြချေ။

တိုတိုပြောရလျှင် ဤနည်းဖြင့် အမာစိန် ခြေဆော့ လက်ဆော့ လုပ်တတ်လာခြင်း ဖြစ်ဟန်တူသည်။

❋ ❋ ❋



အမာစိန် ခိုးသည်ဟု ကျွန်တော့်နှုတ်မှ ပြောမထွက်သလို အမာစိန်ကလည်း သူ့ကိုယ်သူ ခိုးသည်ဟု သတ်မှတ်ထားပုံမရ။ လွယ်လွယ်ယူသည့် သဘောမျိုးသာ ထင်ပုံရသည်။

အမာစိန်ကြောင့် အိမ်မှပစ္စည်း ခဏခဏ ပျောက်တတ်သည်ကို ကျွန်တော်စတင်၍ သိခြင်းဖြစ်ပါသည်။

အိမ်မှာ ပစ္စည်းအတိုအထွာများ ခဏခဏပျောက်တတ်သည်ကတော့ ကြာပြီ။ လက်သည် မပေါ်ခဲ့။ အကြီးအကျယ် ပျောက်ဆုံးခြင်း မဟုတ်သဖြင့်လည်း အစဉ်သတိဝင်မထားမိခဲ့။

ဟိုလူ့ လုံချည်ရေလဲ ပျောက်သွားလိုက်၊ သည်လူ့ မျက်နှာသုတ်ပဝါဟောင်းပျောက်သွားလိုက်နှင့် တော်တော်ကြီးကြာမှ သတိထားလာမိကြသည်။

ပျောက်သမျှ ပစ္စည်းများမှာ အဖိုးတန်များတော့ မဟုတ်။ အဟောင်းအနွမ်းများသာ ဖြစ်ကြ၏။ ဇွန်းတအစ စွပ်ကျယ်၊ သနပ်ခါး တုံး၊ အေပီစီဆေးပြားအဆုံး ဖြစ်၏။ သို့ရာတွင် ကျွန်တော် မကြိုက်ပါ။ တစ်ချိုတစ်မောင်း သူခိုး အခိုးခံရသည်မှာ စိတ်၌ ခံသာသည်။ ခုလို အတိုအထွာများ ခဏခဏ ပျောက်ဆုံးရသည်မှာ အတိတ်နိမိတ်ဆိုး တစ်ခုခု ကြုံရသလို ကျွန်တော် ခံစားရသည်။ ပြီးတော့ ကျွန်တော်တို့ အိမ်သည် မိတ်ဆွေသင်္ဂဟ ဆွေမျိုးညာတိ များအတွက် အချိန်မရွေး တံခါးမရှိ ဓားမရှိ။ သည်အိမ်မျိုးမှာ ပစ္စည်းပျောက်သည်မှာ ဝမ်းနည်း ဖို့ ကောင်းသည်။ ရေချမ်းစင်မှ ရေခွက်ပျောက်သည်နှင့်တူ၏။

ကျွန်တော့်အမေသည် သနားစရာ ကောင်း၏။ အဝတ်

www.burmeseclassic.com

www.burmeseclassic.com



ရယ်လို့ လျှော်ဖွပ်၊ နေလှန်းထားပြီးပြီဆိုလျှင် စိတ်ဖြောင့်လက်ဖြောင့် နားမနေ ရရှာ။ ဝရန်တာမှထွက်၍ ကျီးခြောက်သလို အဝတ်လှမ်းရာသို့ စောင့်ကြည့်နေရတတ်သည်၊ နည်းနည်းတလေး မလစ်လိုက်နှင့် လုံချည်ဟောင်းတစ်ထည်တော့ ပါသွားပြီမှတ်၊

တစ်စတစ်စနှင့် ရက်ခြားလိုလို ပစ္စည်းအတိုအထွာများ ပျောက် ဆုံးသွားလေတော့သည်၊ မည်သူကို အတပ်စွဲရမှန်းမသိခင် လက်သည်ကို ကျွန်တော် မိလေသည်၊

ကျွန်တော်သည် ညတိုင်း နောက်ဆုံးမှအိပ်ပြီး နံနက်တိုင်း နောက်ဆုံးမှ အိပ်ရာထသူ ဖြစ်၏၊ ညတိုင်း ကျွန်တော် စာရေး၏၊ စာကြည့်မီးသည် ကျွန်တော့်အဖို့ အရေးကြီးပါသည်၊

'နေရှင်နယ်' မီးလုံးသည် တစ်လတစ်ခါလောက် ကျွမ်းသည်တော့ မဖြစ်နိုင်ပါ၊ သို့ရာတွင် ကျွန်တော့် စာကြည့်မီးလုံးသည် တစ်လတစ်ခါလောက် ကျွမ်းနေတတ်သည်၊ အစ၌ မီးလုံးမျိုး မကောင်းပါဟူ၍ပင် ကျွန်တော် ထင်မိပါသေးသည်၊ နောက်တော့ ကျွန်တော် စဉ်းစား လာရသည်၊ ဘယ့်နှယ် နိုင်ငံနှင့်အဝန်း အလုပ်လုပ်နေသော မီးလုံးသည် ဤမျှထိတော့ အရည်အသွေး မည့်တန်ရာ၊ ပြီးတော့ တစ်လ တစ်ကြိမ် ကျွမ်းသောမီးသီးမျိုးကို ကျွန်တော် တစ်ယောက်တည်းအတွက် ကွက်၍ထုတ်လုပ်ရန်လည်း အကြောင်းမရှိ၊ သူခိုးဖမ်းရန် နည်းလမ်း ရှာရလေသည်၊ မီးလုံးအသစ် တစ်လုံးဝယ်တပ်ပြီး ထိုမီးလုံး၏ ကြေးခေါင်းတွင် ခဲတံဖြင့် ကြက်ခြေခတ်ရာ ပေးထားလိုက်သည်၊ မီးလုံးကျွမ်းသွားသောအခါ ကြက်ခြေခတ်ရာ ပြန်ရှာသည်၊ မတွေ့တော့ပါ၊ သေချာပြီ၊ မီးလုံး



အကျွမ်းနှင့် အသစ်လဲထားခြင်း ဖြစ်၏၊ ထိုမီးလုံးအကျွမ်းကိုလည်း ကြေးခေါင်း၌ ကြက်ခြေရာမှတ်ပြီး အိမ်ဘေး မှာ ပစ်ထားလိုက်သည်။ မီးလုံးအသစ် လဲထားလိုက်သည်၊ နောက် တစ်ကြိမ် ကျွန်တော့် စာကြည့် မီးလုံး ကျွမ်းသောအခါ ထိုမီးလုံးသည် အလျင်ကျွမ်းပြီးသော ကြက်ခြေခတ်အမှတ်သားပြပါမီးလုံး ဖြစ်နေပါတော့သည်။

ကြက်ခြေခတ်အမှတ်အသားပါ မီးလုံးအကျွမ်းတစ်လုံးကို အမာစိန်တို့ မီးဖိုခန်း ကြွက်လျှောက်ပေါ်တွင် ကျွန်တော် တွေ့ရပါသတည်း။

ကျွန်တော် မသိဟန်ဆောင်နေခဲ့ပါသည်၊ ဘယ်လိုမှ ပြောမထွက်ပါ၊ စိတ်မကောင်းရုံမှအပ ဘာမျှ မတတ်နိုင်ပါ။ အတတ်နိုင်ဆုံး ကိုယ့်ပစ္စည်းကိုယ် ထိန်းသိမ်းရုံသာ ရှိတော့သည်၊

အမေသည် ဘာမျှ မက်မက်မောမောရှိတတ်သူ မဟုတ်ပါ၊ တစ်ခုတော့ ရှိသဉ်၊ ကော်ဖီသောက်လျှင်တော့ သကြားနှင့် သောက်ချင်သည်။ စီနီနားကပ်ထက် သကြားပွင့်ကို အမေ မက်သည်၊ သမဝါယမ ဆိုင်မှ သကြားပေးလိုက်သည်ဆိုလျှင် အမေ ဝမ်းသာတတ်သည်၊ တစ်အိမ်လုံး ထန်းလျက်ကော်ဖီ သောက်သော်လည်း အမေ့အတွက် သကြားကော်ဖီ သီးသန့် စီစဉ်ပေးရသည်၊ သမဝါယမမှ မရလျှင် အပြင်က ဝယ်ပေးထားရသည်။

အမေနှင့် လက်ပွန်းတတီး နေလာခဲ့သော အမာစိန်သည် အမေ့အကြောင်းကို သိသည်၊ မိန်းမသားချင်းမို့ ကျွန်တော်တို့ထက် ပို၍ပင် သိသည်ဟု ပြောနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ အမာစိန်သည် အမေ့တိုပင် မညာချင်တော့ပါ။ ထိုအခါတွင် ကျွန်တော် တော်တော်စိတ်ဆိုးရသည်။ မနည်း အောင့်အည်းပြီး မပြောဘဲ နေခဲ့ရသည်။

သမဝါယမဆိုင်မှ ကျွန်တော်တို့ အိမ်အတွက်ပေးသော သကြား ကို လမ်းတွင် ဆားတစ်ဝက်ရောချ၍ သကြားတစ်ဝက်ရောချ၍ သကြား တစ်ဝက်ကို အမာစိန်ရောင်းစားခဲ့သည်။

" သူတို့ ပေးကတည်းက ဒီအတိုင်းပဲ၊ တော်တော် ယုတ်ကန်းတဲ့ စာရေးမတွေ " ဟု ထုံးစံအတိုင်း သမဆိုင်ကို ပုံချသည်၊ ကျွန်တော် စုံစမ်းကြည့်တော့ သမဆိုင်က သကြား သန့်သန့်သာပေးခဲ့သည်၊ အလေးချိန်တော့ နည်းနည်း လျော့ချင် လျော့မည်ပါ။

သူမို့လို့ မစဉ်းစားဘဲ လုပ်သည်၊ သကြားနှင့်ဆားရောပြီး သည့်နောက် ဘယ်နေရာတွင် အသုံးချ၍ ရပါတော့မည်နည်း။ ငယ်ငယ်က သိပ္ပံခန်းတွင် ဆားနှင့်သဲ ရောထားသည်ကို ရေတွင် ဖျော်၍ ခွဲသလို ပြန်ခွဲ၍လည်း မရနိုင်ပါ။

အမာစိန် တရားလွန်ပြီ။

❖ ❖ ❖

အမေ စိတ်တန်ခိုးကြီးသည်တု သူ့ကိုယ်သူ အထင်ရှိသည်။ အမေ့မိတ်ဆွေ တစ်ယောက်သည် အရက်သမားလုံးလုံး ဖြစ်နေ ခဲ့သည်၊ တစ်နေ့တွင် အမေ့ထံရောက်လာသည်၊ အရက်ဖိုး



တောင်းသည်။ အမေသည် အရက်သမားဆိုလျှင် မကြည့်ချင်အောင် မုန်းသည်၊ အရက်ဖိုးမပေးဘဲ နေသည်။ အမေ့မိတ်ဆွေက ဓရမက တောင်း သောအခါ အမေသည် အရက်ဝယ်ခိုင်းပြီး သူ့ရှေ့မှာပင် သူ့မိတ်ဆွေကို တိုက်သည်။

" ငါ စေတနာမရှိဘဲ တိုက်ရတဲ့အရက်တို နင်သောက်ရင် နင် ဗိုက္ခရောက်လိမ့်မယ်မှတ် "

ထိုမိတ်ဆွေသည် ရယ်ကာမောကာနှင့်ပင် သောက်လျက် ပြန်သွားသည်။

လေးငါးလခန့်ကြာသောအခါ ထိုမိတ်ဆွေ ရောက်လာပြန် သည်။ သည်တစ်ခါတော့ အရက်ဖိုးတောင်းရန် ရောက်လာခြင်း မဟုတ်တော့။

" နင့်စကားမှန်တယ် မိခင်ညို၊ နင် ဝယ်တိုက်တဲ့ အရက် သောက်ပြီးတဲ့နေ့ကစပြီး ငါ အရက်မသောက်ဖြစ်တော့ဘူး ပြတ် သွားပြီ"

" အေး . . အေး၊ သာဓု . . . သာဓု . . . သာဓု . . "

ဤသို့လျှင် ထူးဆန်းစွာ ဖြစ်ပျက်ဖူးသည်။

❖ ❖ ❖

" ငါ့ပစ္စည်းကို ခိုးရင် နင်ဒုက္ခရောက်ပြီသာ မှတ်တော့ အမာစိန် မှတ်ထား "

အမာစိန် ခြေဆော့လက်ဆော့ လုပ်နေသည်ကို အမေ သိသွားလေသည်၊ အမေသည် ဆူပူကြိမ်းမောင်းခြင်း မပြုခဲ့၊

www.burmeseclassic.com



မှတ်လောက်အောင် ပြောဆိုဆုံးမ၏၊ အမာစိန်ငိုလေသည်၊ အမေရင်းတမျှ ဖြစ်နေပြီဖြစ်သော ကျွန်တော့်အမေ၏ပေါင်ပေါ်သို့ မျက်နှာအပ်လျက် ကလေးငယ်ကဲ့သို့ သည်းထန်စွာငိုကြွေးလေသည်။

အမာစိန့်အကြောင်းကို ကျွန်တော်က မပြောရပါဘဲလျက် အမေသိနေခဲ့သည်မှာ တော်တော်လေး ကြာခဲ့ပါပြီ၊ အမေကိုယ်တိုင်၌က ပြောမထွက်သဖြင့် မပြောဘဲ နေခဲ့ဟန်တူသည်။ သည်တစ်ခါတော့ အမေအလွန် စိတ်ဆိုးသွားသည်၊ သည်တစ်ခါ အမေပျောက်သော ပစ္စည်းသည် အလွန်အဖိုးတန်သည်၊ တန်ဖိုးပင် မဖြတ်နိုင်ပါ။

အမေသည် ( သူ့အမေ ကျွန်တော့်အဘွား ) ကို အလွန်ချစ်သည်၊ ကျွန်တော်အမေကို ချစ်သည်ထက် အမေက သူ့အမေကို ပိုချစ်သည်၊

အမေသည် ဘုရားစင်ရှေ့တွင် ခုံနိမ့်ကလေး တလုံးဖြင့် သူ့အမေ ၏ ရုပ်ပုံကို မှန်ဘောင်သွင်းပြီး ပူဇော်ထားသည်။ ညတိုင်းဝတ်ပြု တန်တော့သည်။ ထိုပုံသည် ရှားပါးသောပုံဖြစ်သည်။

အမေ့အမေနှင့် ပတ်သက်၍ အမေ့တွင် ထိုပုံလေး တစ်ပုံသာရှိတော့သည်၊ စစ်အတွင်းက အိမ်ကို မီးလောင်ပုံးကျသဖြင့် ကျွန်တော့် အဘွား၏ဓာတ်ပုံ၊ ပန်းချီကား ဘာတစ်ခုမျှ မကျန်ရစ်ခဲ့ပါ။ အဘွားကို ကျွန်တော်တို့ မမြင်ဖူးလိုက်ကြပါ။

အဘွားသည် အဝတ်အထည်ရောင်းသူ ဖြစ်ခဲ့၏၊ သူ့ဆိုင်အတွက် လက်တမ်းကြော်ငြာကလေးများ ရိုက်နှိပ်ဖြန့်ဝေရာတွင် ရှေးလူကြီးများ ထုံးစံအတိုင်း သူ့ပုံကို ကြော်ငြာတွင် ပုံနှိပ်ဖော်ပြခဲ့၏၊ ထို ကြော်ငြာစာရွက်ကလေး တရွက်သာ အဘွားနှင့် ပတ်သက်၍ အိမ်မှာ ကျန်ရစ်ခဲ့သည်၊ အမေသည် ထိုကြော်ငြာစာရွက် ဖြတ်ပိုင်းလေးကို တယုတယ သိမ်းဆည်းခဲ့၏၊ အမေ့အဖေ (ကျွန်တော့်အဘိုး) ပိုင် ငွေနားကွပ် မှန်ဘောင်တလေးဖြင့် တန်ဆာဆင်လျက် ဘုရားစင်ရှေ့တွင် ပူဇော်ထားလေသည်။



အဘွား၏ ပုံကို ပန်းချီဆွဲပေးမည်၊ ပန်းဝုထုပေးမည် ဆိုတာပင် မရ၊ ပျောက်သွားမည်စိုးသည်ဟု သည့်အတိုင်းပင် ထားခဲ့သည်၊

အမာစိန်သည် ထိုငွေနားကွပ် မှန်ဘောင်လေးနှင့် တန်ဖိုးမဖြတ်နိုင်သော အဘွား၏ ရုပ်ပုံကိုအလစ်ဆွဲသွားခြင်းဖြစ်၏၊

သယ်န်းကျွန်းဈေးမှာ ရောင်းပစ်ခဲ့သည်ဟု ဝန်ခံပါသည်၊ ပစ္စည်း ဟောင်းဝယ်သောကုလားတစ်ယောက် ဝယ်သွားပြီးတဲ့၊

အမေ ဈေးသွားသောအခါ ဈေးလယ်ကောင် လမ်းမပေါ်တွင် အဘွား၏ရုပ်ပုံကို အမှတ်မထင် ကောက်ရခဲ့၏ ၊ အမေသည် ရင်ပတ်စည်တီးဖြင့် ပြန်လာခဲ့သည်၊

ပြန်ရောက်ရောက်ချင်း အမေ မစဉ်းစားတော့၊ ချက်ချင်း အမာစိန်ကိုခေါ်၍ စစ်ပါသည်၊ အမာစိန်က ချက်ချင်း ဝန်ခံလေသည်၊

အကယ်၍သာ အဘွား၏ ရုပ်လွှာပုံကို ပြန်မရခဲ့ပါလျှင် အမေ သည် အမာစိန်ကို တံမြက်စည်း တောင်းတောင်းဖြင့် တဖြောင်းဖြောင်း ရိုက်လိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။ အီးဝင်း

www.burmeseclassic.com

www.burmeseclassic.com



ဝင်းတောက်နေသော အမေ့မျက်လုံးကို ကျွန်တော်သည် တခါသာ မြင်ဖူးပါသည်။

❖ ❖ ❖

ကျွန်တော် ယခုပြောပြပြီးခဲ့သော ဇာတ်လမ်းတွင် နားမလည်နိုင်စရာ ဘာမျှမရှိပါ။ အလွန်ရိုးသားသော မိသားစုအရေးအခင်းတစ်ခုကို တင်ပြခြင်းသာ ဖြစ်ပါသည်။ ပြောသူရော နားထောင်သူပါ အလွန်နားရှင်းသည့် အမှုကိစ္စတစ်ခုသာ ဖြစ်ပါသည်။

လူတစ်ယောက်သည် သူတစ်ပါး၏ ပစ္စည်းကို ပိုင်ရှင်မသိဘဲ ယူသည်ဖြစ်အံ့၊ ခိုးသည်ဟု ပြောနိုင်ပါသည်။

လူသည် မိမိဘဝကို တစ်နည်းနည်းဖြင့် ရှုန်းတန်ဖြေရှင်းတတ်၏။ တရားသည် မတရားသည်ကို ပတ်ဝန်းကျင်က ဆုံးဖြတ်ပေလိမ့်မည်။

ဤမျှသာဖြစ်ပါသည်။

သို့ရာတွင် ယနေ့အထိ ကျွန်တော်ကိုယ်တိုင် နားမလည်နိုင်သေးသော အကြောင်းတခု ရှိနေပါသည်။ ထိုအကြောင်းအရာသည် အမာစိန်နှင့်ပင် ပတ်သက်နေပါသည်။ ပြီးခဲ့သော ဇာတ်လမ်းနှင့်ပင် ပတ်သက်နေပါသည်။

ဆိုခဲ့သလို အမေသည် သူ့မိခင်၏ ရုပ်ပုံမှန်ဘောင်ကို ခိုးမှုဖြင့် အမာစိန်ကို နားလောက်အောင် ပြောဆိုဆုံးမပြီးသည်၌ မျက်ရည် လည်ရွဲဖြင့် ဝမ်းနည်းဝတ်လတ် ပြန်ပြောသော အမာစိန်၏



စကားတစ်ခွန်းသည် ကျွန်တော့်ကို ဦးနှောက်ခြောက်သွားစေခဲ့ပါသည်။

'ခိုးသည်' ဟူသော အလွန်ရိုးသားရှင်းလင်းသည့် ကိစ္စသည် မေတ္တာတရား၊ သံယောဇဉ်တရားဖြင့် အခြေခံ၍ သုံးသပ်လိုက်သောအခါ အလွန်နက်နဲသွားသည်ကို တွေ့ရလေသည်။

အမာစိန်၏စကားကို လူကြီးများ စဉ်းစားကြည့်ကြပါကုန်။

" ဟုတ်တယ်၊ ဟုတ်တယ်၊ သမီး ခိုးတယ်၊ သမီး သူများအိမ်မှာ ခိုးတာမဟုတ်ဘူး၊ အမေ့အိမ်မှာ ခိုးတာ၊ သူများအိမ်မှာ ခိုးရင် ပြဿနာ ဖြစ်မှာပေါ့၊ ကဲ အမေပဲ ပြောစမ်းပါဦး၊ သမီး အမေ့အိမ်မှာ မခိုးရရင် ဘယ်သူ့အိမ်မှာ သွားခိုးရမှာလဲ ဟင် "

၁၉၇၇ - ခုနှစ်၊ ဧပြီလ
မိုးဝေ မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

# ယောကျ်ား၊မိန်းမနှင့်ကလေး



## ယောကျ်ား ၊ မိန်းမနှင့် ကလေး

ကျွန်တော်၏အစ်ကို အရက်ဖြတ်လိုက်သောအခါ ကျွန်တော်သည် သောက်တတ်စ ဖြစ်နေပါပြီ၊ ထို့ကြောင့် ကျွန်တော် အလွန်ကြိုက်ခဲ့သော လက်ဖက်ရည်ကို ဖြတ်တောက်ပစ်လိုက်ပါသည်၊

သို့သော် ကျွန်တော့်အစ်ကိုသည် အရက်ဖြတ်ပြီးသောကာလတွင် သူ ငယ်ငယ်ကတည်းက လုံး၀ မကြိုက်ခဲ့သော ကော်ဖီကို စွဲစွဲမြဲမြဲ ပြန်သောက်လေတော့သည်၊ တစ်နေ့လျှင် ကော်ဖီ ဆယ်ကြိမ်လောက် သူ သောက်၏၊

* * *

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ယခုတစ်လောတွင် ကျွန်တော့်အစ်ကို အိမ်မှာ ကပ်နေပါသည်။ ကျွန်တော့်တွင် အိမ်ပိုင်ရာပိုင် မရှိပါ။ ဟိုတစ်လောက အဖေ့အိမ်မှာ နေခဲ့ပါသည်။ ငယ်ငယ်က မေမေ့အိမ်မှာနေခဲ့ပြီး လူပျိုပေါက်အရွယ်တွင် သူငယ်ချင်းတွေအိမ်မှာ လျှောက်နေခဲ့ကြောင်း ကျွန်တော် ပြောရန်မလိုတော့ပါ။

ကျွန်တော့်အဖေအိမ်သည် ကျွန်တော့်အစ်ကို အိမ်ထက် များစွာ ကောင်းပါသည်၊ ထမင်းဟင်းမှအစ နေရာဒေသအဆုံး ကောင်းလှပါသည်။ သည့်ထက် နောက်ဆုံးပြောရလျှင် ကျွန်တော့် မော်တော်ကား အစုတ်ကလေးကို မနက်မိုးလင်းလျှင် ရေဆေး ဆီတိုင်းမှအစ ပြုလုပ်ပေးမည့် လူငယ်များရှိသည်အထိ။

သို့သော် ကျွန်တော် အရက်နိုးသောက်မိသည်ကို အဖေ မိသွားသဖြင့် ကျွန်တော့်ကို ပြည်နှင်ဒဏ်ပေးထားလေသည်။

အဖေသည် ပြစ်မှုတကာတို့တွင် အရက်သောက်သော ပြစ်မှုကို အရွံမုန်းဆုံး ဖြစ်လေသည်။

"ဟေ့ မင်းတို့ ခါးပြမှုဖြစ်လို့ ထောင်ကျမယ်ဆိုရင် ငါ ရှေ့နေ ငှားပေးမယ်၊ အရက်မူးလို့ တားတိုက်သေရင် မသာတောင် လိုက်မပို့ဘူး။ မှတ်ထား "

ကျွန်တော်တို့သည် အရက်သမားများတော့ မဟုတ်ပါ။ သို့သော် အပေါင်းအဖော်နှင့်ကြုံလျှင် သောက်လေ့တော့ဖြင့် ရှိပါသည်။

ဆရာ ဦးလေးသော်ထားဆွေ အရက်သောက်စဉ် ငယ်ငယ်က ပြောသလို " ဟေ့ ငါက အရက်ကို တစ်နေ့ နှစ်ခါပဲသောက်တယ်။ မိုးရွာတဲ့အခါနဲ့ မိုးမရွာတဲ့အခါ " ဆိုတာမျိုးတော့ မဟုတ်ပါ။



မည်သို့ပင်ရှိစေ အရက်ဆို တစ်စက်မျှ လက်မခံတတ်သော အဖေ နှင့် တစ်စက်တလေတော့ အချမ်းပြေဖြစ်ဖြစ် မှီဝဲသော ကျွန်တော်တို့ သည် အစဉ်အလာ သဘောအားဖြင့် ပြဿနာ။

* * *

စောစောကပြောသလို ကျွန်တော်၏ အစ်ကို့ထံတွင် လူမှုရေး ခိုလှုံခွင့်တောင်းပြီး နေရသောကာလကို ပြောပြပါမည်။ ဤသည်မှာ ကျွန်တော် ပြောလိုသော အဓိကအကြောင်း အရာ ဖြစ်ပါသည်။

ထိုကဲ့သို့ နေ နေရသော ကာလအတွင်း ကျွန်တော်သည် လွန်စွာမှ ကြည်နူးခြင်းတစ်မျိုး၊ သို့တည်းမဟုတ် သဘာဝ ဝတ္ထုရား တစ်ခုကို ရရှိပါသည်။

အစ်ကိုဆိုသော ပုဂ္ဂိုလ်နှင့် ညီဆိုသော အထောင်များ၏ ခြားနားခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့တွင် ညီအစ်ကို ငါးယောက်နှင့် ညီအစ်မ နှစ်ယောက် ရှိပါသည်။ စာရေးဆရာ သုံးယောက်ပါပါသည်။ စာရေး ဆရာဖြစ်သည်၊ မဖြစ်သည် အပထားပြီး ငွေကြေးအရ ချမ်းသာ ခြင်းဟူသော ဂုဏ်ပုဒ်ကို ပြောရမည်ဆိုလျှင် ညီအစ်ကို မောင်နှမများ ထဲမှာတော့ ကျွန်တော်သည် အချမ်းသာဆုံး ဖြစ်ပါသည်။

ကျွန်တော်တို့သည် ချမ်းသာကြွယ်ဝခြင်း အမှုကိစ္စကိုသော် လည်းကောင်း ၊ ဆင်းရဲနွမ်းပါးခြင်း အမှုကိစ္စကိုသော် လည်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ဖြပ်တစ်ပါးအဖြစ် စကားထဲ ထည့်ပြောရန် မလိုအပ်ဟု ကျွန်တော် ထင်ပါသည်။

(အခြားကိစ္စများကို မဆိုလိုပါ။ ဤဝတ္ထုကြောင်းနှင့် ပတ်သက်၍သာ ဆိုလိုပါသည်။)

ကျွန်တော်တို့မိသားစုသည် အများသူငါ သတ်မှတ်ထားသော လူချမ်းသာစာရင်းတွင် မပါဝင်ပါ။ သို့သော် ဆိုလိုသည်မှာ တစ်မတ်ရှိသူထက် ငါးမူးရှိသူက ပို၍ ချမ်းသာသည်ဟူသော သဘောမျိုးသာ ဖြစ်ပါသည်။ ကျွန်တော့်အစ်ကိုသည်လည်း တစ်လလျှင် ဝင်ငွေတစ်ရာရှိလျှင် ကျွန်တော်က နှစ်ရာဝင်သည်ဟု နားလည်လျှင် လုံလောက်ပါပြီ။

ကောင်းပါပြီ။ ကျွန်တော်သည် ကျွန်တော့်အစ်ကိုအိမ်မှာ လူမှုရေး ခိုလှုံခွင့်ရရှိပြီးသတာလ -

စောစောကပြောသလို ကျွန်တော့်ထက် ဆင်းရဲသော ကျွန်တော့်အစ်ကို၏နေအိမ်တွင် ခိုလှုံနေသောကာလ၌ ကျွန်တော်သည် လိုအပ်သော အကူအညီများကို ပေးခဲ့ပါသည်။ 'လိုအပ်သော အကူအညီ' ဟု ပြောဆိုရခြင်းအကြောင်း ကျွန်တော် ရှင်းပြရန် လိုပါလိမ့်မည်။

ကျွန်တော်သည် တစ်ပါးသူ၏ အကူအညီကို ယူရခြင်းထက် တစ်ပါးသူကို ကူညီရခြင်းအား ပိုမိုခံတွင်းတွေ့တတ်သူ ဖြစ်ပါသည်။ ထို့ထက်ကား ကျွန်တော်၏ ဇာတာတော်ပုံ ရာဇဝင် အရကိုပင် 'တစ်ပါးသူကို ကူညီရန် ဤလောကသို့ရောက်လာသူ' ဟူ၍ပင် ခေါ်ဆိုသင့်ပေးသည်။ ကျွန်တော် တစ်သက်နှင့်တစ်ကိုယ် သူများကိုသာ ကူညီခဲ့ရသောအကြိမ်က များလေသည်။



ထို့နည်းတူ တစ်ပါးသူ၏ အကူအညီကို ရယူနေသော ကာလတွင်လည်း မည်သို့ ကျေးဇူးဆပ်ရမည်၊ မည်သို့ ပြန်လှန်ကူညီရမည်ကိုသာ တွေးတောနေတတ်သူ ဖြစ်ပါသည်။

ဆိုခဲ့သလို ကျွန်တော်၏ အစ်ကိုအိမ်၌နေသော ကာလတွင် ကျွန်တော်သည် ထိုအိမ်၏ စားစရိတ် (ဈေးဖိုးဟု ဆိုရပါမည်) ကို ကျွန်တော်က ပေးထောက်ရန် ကြိုးစားရပါသည်။ အကြိမ်ကြိမ် ကြိုးစားသော်လည်း မရခဲ့ပါ။ ဤသည်မှာ ကျွန်တော်ပြောလိုသော သဘာဝတရားပင်ဖြစ်ပါသည်။

အဘယ့်ကြောင့်ဆိုသော် ကျွန်တော်ပေးသော ဈေးဖိုးကို ကျွန်တော့်အစ်ကို၏ အမိန့်ကြောင့် (ကျွန်တော့်အစ်ကို၏ဇနီး အိမ်ဖော် မိန်းကလေး၊ ကျွန်တော့် အစ်ကိုအိမ်တွင် လုပ်စားကိုင်စား နေသော သူငယ်ချင်း) လက်ခံမယူရဲဘဲဖြစ်နေခြင်းကြောင့် ဖြစ်ပါသည်။ အဘယ့်ကြောင့် ဤသို့ဖြစ်ရပါသနည်း။

ဤလောက၌ မည်သို့မျှညီမျှအောင် ညှိနှိုင်း၍ မရနိုင်သော သဘာဝတစ်ခု ရှိ၏။

သူ့ အကြိုက်နှင့်သူဟု ဆိုရသည်ထက် သူ့အသိနှင့်သူဟု ဆိုရလေ သော် . . . !

ညီဆိုသော အငယ်ကောင်များသည် ဘယ်သောအခါမျှ အစ်ကိုဆိုသောအကြီးများထက် အသက်ကြီး၍မရနိုင်ခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် ဘာဖြစ်ပါသနည်း။

ထို့ကြောင့် အစ်ကိုများသည် ညီများအပေါ် အမြဲတစေ

www.burmeseclassic.com

www.burmeseclassic.com



အထက် စီးနေရာမှ ရတော့သည်သာတည်း။ ထိုမြန်မာဆန်သော အစဉ်အလာ ကြောင့် အစ်ကိုများသည် အရပ်ပုသည်၊ ရှည်သည်တို့ အသာထား၊ ညီများကို အထက်မှသာ ကြည့်မြင်တတ်ကြလေသည်။

မည်သို့ပင်ရှိစေ ကျွန်တော်သည် ကျွန်တော့်အစ်ကိုအိမ်မှာ နေရင်း ကျွန်တော့်အစ်ကို၏ ထမင်းကိုစားနေရသောအခါ အစ်ကိုတို့သည် ချမ်းသာသည်၊ မချမ်းသာသည်အပထား၊ တို့ညီများကို ထမင်းတစ်လုတ်တော့ဖြင့် ကျွေးထားချင်ကြသည်ဟူသော စိတ်ကြည်နူးဖွယ်စိတ်ကူးကို ရရှိခံစားရပါသည်။

ထို့ကြောင့် ကျွန်တော်ဘာဖြစ်ပါသနည်း။ အနေရအထိုင်ရ အအိပ်အစားတအအ စိတ်ကျဉ်းကျပ်ရပါတော့သည်။

* * *

ထို့ကြောင့် ကျွန်တော်ဘာလုပ်ပါသနည်း။

ကျွန်တော်သည် လုပ်စရာရှိသည်များကို လုပ်ပါလေသည်။

ကျွန်တော့်အစ်ကိုအိမ်မှာ နေစဉ်အတွင်း သူ့အိမ်မှာ လိုအပ်သည်များကို တတ်အားသရွေ့ ဟျှို့ဝှက်စွာ ဖြည့်ဆည်းပေးနေပါသည်။

ဥပမာ - စောစောကပြောသလို ကျွန်တော့်အစ်ကို ကော်ဖီ အလွန် သောက်မှန်းသိသောကြောင့် ကျွန်တော်သည် ကော်ဖီမှုန့်၊ သကြား၊ နို့မှုန့် စသည်မပြတ်အောင် ဆောင်ရွက်ပါသည်။ ကျွန်တော့် အမျိုးသမီးအတွက် အင်္ကျီတစ်ထည်ဝယ်လျှင် ကျွန်တော့် အစ်ကို၏ ဇနီးအတွက်လည်း အင်္ကျီတစ်ထည်ဝယ်ပေးခြင်း၊ ရေတစ် တိုင်ကီ နှစ်ကျပ်ဖိုးကို နံနက်တိုင်း ဖြည့်ဆည်းပေးခြင်း (သူတို့အိမ်မှာ ရေအခက်အခဲ ရှိပါသည်။)



ဆောင်းဦးပေါက်လျှင် ကျွန်တော့်အစ်ကို၏ သမီးတလေး အတွက် အနွေးထည် ခရီးဦးကြိုဝယ်ယူခဲ့ခြင်းစသည် . . .

တစ်နည်းမဟုတ် တစ်နည်းပေါ့လေ၊ ကျွန်တော် ကူညီ နေခဲ့ပါသည်။

* * *

တစ်နေ့သော ညချမ်း၌ ကျွန်တော်သည် စာပုံနှိပ်တိုက်တွင် ဝတ္ထု တစ်ပုဒ်ရေးနေပါသည်။ ကျွန်တော့်အမျိုးသမီးသည် ကျွန်တော့် ဘေးတွင် ကာတွန်းဖတ်နေပါသည်။

ခဏကြာသောအခါ ကျွန်တော့်အမျိုးသမီးက ကျွန်တော့် ကို တစ်စုံတစ်ရာသတိပေးပါသည်။

"ကိုကို ကိုဝဏ္ဏကြီးစားဖို့ မုန့်ကုန်နေပြီ"

ကျွန်တော့်အစ်ကိုသည် အရက်ဖြတ်ပြီး ကော်ဖီများသာ သောက်နေသောအခါ ကော်ဖီနှင့် တို့စားစရာ မုန့်တစ်ခုခုကို အမြဲတောင်းတတ်ပါသည်၊ ကျွန်တော်ကလည်း အမြဲဂရုစိုက် ဝယ်ပေးပါသည်၊ ဈေးပေါပါသည်၊ တစ်ထုပ် လေးငါးကျပ်သာ တန်သောမုန့်များသာ ဖြစ်ပါသည်။

ယခု ထိုမုန့်များကုန်သွားပြီဟု ကျွန်တော့်အမျိုးသမီးက သတိပေးခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည်ချက်ချင်းပင် ငွေအစိတ်ထုတ်ပေးပြီး -

" ကဲ . . ကဲ . . သွား၊ မင်းဘာသာ သွားဝယ်ကွာ၊ အကောင်းစား ရွေးပြီးရှာဝယ်ခဲ့ "

သူ ပြန်လာသောအခါ မုန့်တထုပ်ပါလာပါသည်။ မုန့်သည် ယခင် ကလို ပလတ်စတစ်ထုပ်တရလေးနှင့် မဟုတ်ပါ။ အရောင်လေးငါးခြောက်ရောင်ဖြင့် ပုံနှိပ်ထားသော ကတ်ထူဗူးကလေးနှင့် ဖြစ်ပါသည်။

ကျွန်တော်က ကျွန်တော့်အမျိုးသမီးကို ထိပ်ပုတ်ပြီး ချီးကျူးလိုက်ပါသည်။

" တယ်ဟုတ်ပါလားကွ၊ နိုင်ငံခြားက လာတာလား "

" ဟုတ်ပါဘူး၊ မြန်မာဖြစ်ပါပဲ "

" တ သားနားလှချည့်လား၊ ဘီစကွတ်မုန့်ကို ကတ်ထူဘူးနဲ့တောင် လှလှပပသေသေသပ်သပ် လုပ်ထားတယ်ဆိုယင်း အထဲက မုန့်ကတော့ ပြောစရာမလိုဘူး ထင်တယ်ဟေ့ "

*   *   *

ကျွန်တော်အိပ်ရာက နိုးလျှင် ကျွန်တော့်တူမကလေးသည် ကျွန်တော့်ခြေထောက်ကို ပြေးဖက်လေ့ရှိပါသည်။ သည်မနက် ကျွန်တော့်တူမလေးကို မတွေ့ရသဖြင့် ရှာကြည့်ရာ ကျွန်တော့် အစ်ကို ကော်ဖီနှင့်မုန့်ထိုင်စားနေသော စားပွဲပေါ်တွင် တင်ပျဉ်ခွေ ထိုင်နေသည်ကို တွေ့ရပါသည်။



ကျွန်တော်သည် ကျွန်တော့်တူမလေးထံသို့ ကပ်သွားပြီး သူ့ကို သိုင်းဖက်လိုက်ချိန်တွင် ညက ကျွန်တော်ဝယ်လာသော မုန့်ဘူးကို ကျွန်တော့်အစ်ကို စတင်ဖွင့်လှစ်နေကြောင်း သတိထားမိလိုက်ပါသည်။ သည်တော့မှ ညက ကျွန်တော်ဝယ်လာသောမုန့်ကို သတိရလေသည်။

လူသည် မိမိကပေးသော ပစ္စည်းကို တစ်ပါးသူ နှစ်သက်မှု ရှိမရှိ ဂရုစိုက်တတ်၏။ ပြီးတော့ ထိုသူ ကျေနပ်မှုရှိသည်ဆိုလျှင် ဝမ်းသာလို၏။

ထို့ကြောင့် ကျွန်တော်သည် ကျွန်တော်ဝယ်လာသော မုန့်ကို ကျွန်တော့်အစ်ကို စားနေတာမြင်လို၏။ ကျွန်တော်ရပ်ကြည့်နေပါသည်။

ကျွန်တော့်အစ်ကိုသည် မုန့်တခုကို ထုတ်ယူလိုက်ရင်း ချီးကျူးစကား ဆိုပါသည်။

" ဘယ်ဆိုးလို့လဲကွ ၊ ဘူးကလေးက လှသားပဲ "

သို့သော် မုန့်ကို တစ်ကိုက်ကိုက်ပြီးသောအခါ မျက်နှာ ပျက်သွား၏။ ပြီးတော့ပြော၏။

" မကောင်းဘူးကွာ ၊ ဖွဲနုစော်နံတယ် "

ကျွန်တော်သည် စိတ်မကောင်းဖြစ်ရခြင်းထက် ကိုယ့်ကိုယ်ကို ရယ်ချင်မိလေသည်။ ဟုတ်သားပဲ၊ ဘူးခွံကိုသာ အလှပဆုံး လုပ်ထားပြီး မုန့်ကို ဖြစ်ကတတ်ဆန်း လုပ်ထားသော စီးပွားရေးသမား၏ အနှပ်ကို ကျွန်တော်ခံလိုက်ရလေပြီ မဟုတ်ပါလား။

သို့သော် ကျွန်တော့်အစ်ကိုသည် အလုပ်တစ်ခုကို ဆုံးခန်း

www.burmeseclassic.com

www.burmeseclassic.com



တိုင်အောင် လုပ်တတ်သောသဘာဝရှိသူဖြစ်သည့်အတိုင်း ထိုမကောင်းသောမုန့်ထို ကုန်သည်အထိဖျစ်ညှစ် စားနေလေတော့သည်။

ထို တဒင်္ဂမှာပင် ကျွန်တော့်တူမသည် ဘူးထဲက မုန့်တစ်ခုကို ဆွဲယူလိုက်ပါသည်။ ပြီးတော့ စားပွဲပေါ်မှ ဗိုက်ရှပ်၍ တုလားထိုင်ပေါ်မှတဆင့် သံမံတလင်းပေါ်သို့ ဆင်း၏။ တောက်တက်တောက်တက်နှင့် အိမ်ရှေ့သို့ ထွက်သွား၏။

အိမ်ရှေ့တံခါးမကြီးအဝတွင် ဘယ်ကရောက်လာမှန်းမသိဘဲ အိမ်ကို ခင်တွယ်နေသော ခွေးနက်ကလေးသည် အိပ်နေ၏။

ကျွန်တော့် တူမလေးသည် ထိုခွေးနက်တလေးကို အိပ်ရာမှနှိုးလေသည်။ ခွေးနက်ကလေးသည် ကျွန်တော့်တူမလေးခေါ်သံကြားသောအခါ လန်းဆန်းစွာ အိပ်ရာမှ နိုးထပြီး အမြီးကို နှန့်ပြလေသည်။

အဘယ်ကြောင့်ဆိုသော် ကျွန်တော့်တူမ သူ့ကိုခေါ်လျှင် တစ်ခုခု ကျွေးစရာရှိသောကြောင့်မှန်း သူသိ၍ ဖြစ်၏။

လူကြီးမင်းအထင် မှန်ပါသည်။ ကျွန်တော့်တူမလေးသည် ခွေး (ခေါ်)၊ အောင်နက်(ခေါ်) သတ္တဝါတလေးကို စောစောကသူယူသွား သော မုန့်ကိုချ၍ ကျွေးလိုက်လေတော့သည်။

ဤတွင် ကျွန်တော် ဝတ္ထုတစ်ပုဒ်ရပါလေပြီ။ ကျွန်တော်သည် 'ဝတ္ထုဆိုသည်မှာ' နေရာဒေသနှင့် အတတ်ပညာအကြောင်းမဟုတ်။ လူတို့၏ စိတ်ဓာတ်စရိုက်သဘာဝသာဖြစ်သည်ဟု ယုံကြည်ထားသူ ဖြစ်ပါသည်။ ထို့ကြောင့် အထက်ပါအကြောင်းအရာကလေးသည် ကျွန်တော့်အဖို့ ဝတ္ထုတိုတစ်ပုဒ်ရစေခြင်း ဖြစ်ပါသည်။



အဘယ့်ကြောင့်ဆိုသော် လူ့စရိုက် သဘာဝတို့ ကျွန်တော့်အစ်ကိုနှင့် သူ့သမီးထံတွင် တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

တစ်ခြား ဟုတ်ပါရိုးလား။

ကျွန်တော့်အစ်ကိုသည် ယောကျ်ားဖြစ်၏။ မရယ်ကြပါကုန်လင့်။

ကျွန်တော်ဆိုလိုသည်မှာ ယောကျ်ားသည် ယောကျ်ားအလုပ်ကို လုပ်သည်ဟူ၍ ဖြစ်ပါသည်။ ကျွန်တော့်အစ်ကိုသည် ကျွန်တော် ဝယ်လာသောမုန့် မကောင်းမှန်းသိသောအခါ မကောင်းဘူးဟု ဖွင့်ပြော၏။ သို့သော် ထိုမကောင်းသောမုန့်ကိုပင် ဆုံးခန်းတိုင်အောင် စားပစ်လိုက်၏။

သမီး (ကျွန်တော့်တူမလေး) ကကောတဲ့။ သူ့ဘာလုပ်သနည်း။ မကောင်းဘူးဟု သူ့ အဖေက ပြောသော မုန့်ကို သူမစား။ ကျွန်တော် (သူ့ဦးလေး)ကိုမှ အားမနာ၊ ထိုမုန့်ကို ခွေးကျွေးပစ်၏။ တလေးသည် လောကကြီးကို ရိုးသားစွာဆက်ဆံ၏။ ဘယ်သူတို့မျှ ဝရှမစိုက်၊ သူ့စိတ်ထဲမှာ ရှိသည်ကို အမှန်အတိုင်းပြု၏။

ယောကျ်ားစရိုတ်နှင့် ကလေးစရိုက်ကို ကျွန်တော် ဝတ္ထုတစ်ပုဒ် ရေးလိုစိတ်ရှိလာ၏။

* * *

ထိုတစ်ဒင်္ဂတွင် နောက်ထပ် စရိုက်သဘာဝတစ်ခုကို ကျွန်တော်တွေ့ပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို စိတ်မဆိုးကြပါနှင့်၊ ကျွန်တော်သည် မြင်သည့် အတိုင်း ပြောတတ်ပါသည်။ ကျွန်တော် ပြောပြပါမည်။

ကျွန်တော့် တူမလေးက ခွေးကို မုန့်သွားကျွေးနေသော ကာလတွင် ကျွန်တော့်မရီး (မရီးဆိုသည်မှာ ကျွန်တော့်အစ်ကို၏ ဇနီးကို ဆိုလိုပါသည်။) သည် နောက်ဖေးမီးဖိုချောင်တွင် ထမင်းဟင်း ချက်နေရာမှ အူယားဖားယား ပြေးထွက်လာလေသည်။

ပြီးတော့ ကျွန်တော့်အစ်ကို၏ ပေါင်တွင်းကြောကို ဆွဲလိမ်လေသည်။

" အစ်ကိုကလည်း တော်တော်ခက်တာပဲ၊ မကောင်းရင်လဲ ဒီအတိုင်းထားပေါ့၊ ကလေးကို ဘာလို့ ပေးရတာလဲ၊ ဟိုမှာကြည့်စမ်း ခွေးသွားကျွေးနေပြီ"

" ကျွန်တော့် အစ်ကိုက ရယ်၏။ ကျွန်တော်လည်း ရယ်၏။ ကျွန်တော့်မရီးက ဆက်ပြော၏ "

" ပေး ပေး၊ ကျွန်မသိမ်းထားမယ်၊ မသကာ ညှိသည် လာယင် ကျွေးရတာပေ့ "

လူကြီးမင်း ခင်ဗျား။

ထိုမြင်ကွင်းနှင့် ပတ်သက်၍ မိန်းမသည် မိန်းမအလုပ်ကို လုပ်သည်ဟု ကျွန်တော်ပြောလျှင် ကျွန်တော့်ကို အမျိုးသမီးထုက စိတ်ဆိုးကြပါလိမ့်မည်။ တူကြာဖွနိုင်သည်ဟု ကျွန်တော်က ဆိုလိုဟန် ပေါ်နေပါသည်။

သို့သော် ကျွန်တော် ပြောချင်သည်မှာ သည်အဓိပ္ပာယ် မဟုတ်ရပါ။ ဆိုလိုသည်မှာ မိန်းမတို့သည် " စီးတဲ့ရေ၊ ဆည်တဲ့



တန်သင်း" စကားအလာအတိုင်း "အိမ်တွင်းမှုလုပ် သိမ်းထုပ် သေချာ" လင်ယောကျ်ား၏ ဥစ္စာနေတို အတတ်နိုင်ဆုံး လိုပေါက်မရှိ မပျက်စီးရအောင် ထိန်းသိမ်းနိုင်အပ်ရာသည် ဟူ၍ ဖြစ်ပါသည်။ မိန်းမတို့၏ ချစ်ဖွယ်သော စရိုက်ဖြစ်ပါသည်။

ထို့ကြောင့် ထိုအကြောင်းကို ကျွန်တော် ရေးပါက ကျွန်တော့်အပေါ် အထင်လွဲမည်စိုးနေပါသည်။ ရေးလို့ကောင်း မကောင်းကို ကျွန်တော် စဉ်းစားဆဲပါ။

၁၉၇၀ ပြည့် ဧပြီလ
ငွေတာရီမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



# ငြိမ်းနိုင်ခဲ့ပါဘိတောသည်

နိုးနိုးသားသားပင် ကြည့်မြင်လိုက်သောအခါ သည်တနေ့လည်း အခြားနေ့များနှင့် ဘာမျှခြားနားမှုမရှိ။

ဘတ်စ်ကားတွေလည်း ပြေးလွှားမပျက်၊ ကျောင်းသားတွေလည်း စာသင်မပျက်၊ ဈေးသည်တွေလည်း ဈေးရောင်းမပျက်၊ ဝပ်ရှော့ သမားများလည်း စက်ပြင်မပျက်၊ ညောင်ပင်အောက်တဖယာကြော် တုလားနှင့် အမဲအူပြုတ် တရုတ်တို့လည်း အလုပ်မပျက်၊ အို . . . ကလေကချေလေးတွေပင် ကလေဖျက်တာချေမပျက်ကြသော ကာလပင် ဖြစ်သည်။

နည်းနည်းလောက် စိတ်ဝင်စားကြည့်လိုက်ပါလျှင်မူ လူတစ်ဦးစီ၌ ကိုယ်စီကိုယ်ငကိုယ့်ဘဝအမောနှင့်တိုယ်ရှိနေကြသည်ကို သတိထားမိ ကြပေလိမ့်မည်။ ဆိုကြပါစို့ ကျောင်းသား၌လည်း 'စာ' အမော၊ ဖယာကြော်တုလား၌လည်း 'ဆီ' အမော။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် တစ်ခါတလေတော့ ဘဝအမောတလေးတွေ စုပေါင်းပြီး 'စုပေါင်းအမော' တွေ ဖြစ်ပေါ်တတ်ပါလေ၏၊

မိသားစုအမော ၊ မိမိပတ်ဝန်းကျင် အမော၊ မိမိရပ်ကွက် အမော စသည်ဖြင့်၊

လောကဓံ သင်္ခါရပေကလား၊

သည်ကနေ့ နေ့လယ်၏ ပုံပန်းမပျက်သောအခြေအနေကလေးသည် ရုတ်တရက်မှာပင် ရုန်းရင်းဆန်ခတ် ဖြစ်သွားရလိမ့်မည်ဟု မည်သူမျှ မသိသေးချေ၊ ကိုယ့်ဘဝအမောနှင့် ကိုယ်မှနေ၍ စုပေါင်းအမောကို လျှပ်တစ်ပြက်အတွင်း ကြုံတွေ့ရလိမ့်မည်ဟု မည်သူကမျှ မထင်မှတ်ခဲ့ချေ၊

* * *

မီး

ဝပ်ရှော့တစ်ခု ဆိုလား၊ ပန်းထိမ်ဖိုတခုကဆိုလား၊ ခေါက်ဆွဲဆိုင် တစ်ဆိုင်ကဆိုလား၊ ပေါက်တတ်ကရ အော်ဟစ်သံတို့ကို မည်သူကမျှ လတ်တလော စိတ်မဝင်စားနိုင်ကြချေ၊ မီးဆိုသည်နှင့် ဘယ်နေရာကစပြီး လောင်လောင် မိမိငယ်ထိပ်ကို စတင်စွဲငြိတတ်သည့် ဓမ္မတာ အတိုင်း ကိုယ့်အိမ်ကိုယ့်ရာသို့သာ အလျင်ပြေးကြရဖြစ်ပေသည်၊

"ရေခဲခြစ်ဆိုင်က စလောင်တာတဲ့"

မိမိတို့ရပ်ကွက်နှင့် ဆယ်ပြားစခန်း ဘတ်စ်ကားခရီး လောတ်တွင်ရှိသော မုန့်ဟင်းခါးဆိုင်တွင် ရောက်ရှိနေသော



ဒေါ်ပုစီသည် ရေထမ်းရောင်းစားသူ ကိုအောင်မောင်း၏ စကားကို အလျင်အခါများတလို စပ်စုမေးမြန်းမနေနိုင်တော့၊

" သားရေ၊ သမီးရေ " ဟူ၍သာ ရင်ကွဲသံ အသံပြကြီးကိုပြုလျက် ရပ်ကွက်ဘက်သို့ ပြန်ပြေးခဲ့လေသည်၊

ရပ်ကွက်ဆီမှ မီးခိုးလုံးကြီးတစ်ခု လှိုက်ကနဲ ထတက်လာခြင်းနှင့်အတူ သူ့ရင်၌လည်း ဘာမှန်းမသိသော အလုံးကြီးတစ်လုံး ဆို့တက်လာလေသည်၊

တစ်လမ်းလုံး မရှုတ်နိုင် မကြောက်နိုင် ထဘီစွန်တောင်ဆွဲလျက် ပြေးနေသည်၊ သားသမီးဇောဖြင့် မောရမှန်းသူမသိ၊ ရင်၌ဆို့ကျပ်ကျပ်ကြီး ဖြစ်နေသောကြောင့် အော်လက်စအသံများလည်း ပါးစပ်မှာ ထွက်နိုင်အားမရှိတော့ချေ၊ မျက်ရည်တို့သည်လည်း ဘယ်ကဘယ်လို ကျလာမှန်းမသိ၊

ကိုယ့်သားကိုယ့်သမီးကို ခုလောက်ထိ ချစ်မှန်း သူဘာသာသူ မသိချေ၊ အရေးဟဲ့ ဆိုသောအခါ သူ့စိတ်သည် သားငယ်နှင့် သမီးငယ်အတွက် ပူပန်သောကရောက်ခြင်းမှတစ်ပါး အခြားဘာမှ မရှိ၊

လူလယ်ကောင်ရောက်လျှင် သူ လုပ်လေ့ရှိသော ခြေလက်မသယ်နိုင်လောက်အောင် ပင်ပန်းသော အမှုအရာမျိုးကိုလည်း လုပ်ရန် စိတ်မကူးမိချေ၊ အသွက်လက်ဆုံး ပြေးနေရသည်ကိုပင် နှေးကွေး လှသည် ထင်နေ၏၊

" သားလေးရေ ၊ သမီးငယ်ရေ "

အသံတော့မထွက်၊ သူ့ရင်၌ သည်စကားတို့ ဂယပတ် ရိုက်နေ၏၊

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပုစိ သူ့ အိမ်ရှေ့သို့ရောက်သောအခါ မီးသည် ဟိုဘက် ဆယ်ပြားခန့် ဘတ်စ်ကားမှတ်တိုင်လောက်မှာ လောင်တုန်း ရှိသေးသည်။ လွန်စွာ စိတ်ပူစရာမလို ဆိုရပေမည်။

သို့သော် ဒေါ်ပုစိ စိတ်မအေးနိုင်သေးချေ။

သူ့အိမ်မှာလည်းကောင်း၊ အိမ်ပတ်ဝန်းကျင်မှာ လည်းကောင်း၊ သယ်ကြပိုးကြ၊ ပြေးကြလွှားကြ ဖြစ်နေသည်ကိုသူငဲ့၍မှ မကြည့်ဖြစ်၊ အသိမိတ်ဆွေထဲမှဖြစ်ရမည်ထင်သော လူတစ်ယောက်က ဗျာယာဖားယား ပြေးနေသော ဒေါ်ပုစိတို့ လက်ဖမ်းဆွဲလိုက်သေး၏။

" ခင်ဗျား ပစ္စည်းတွေ လာစစ်ဦး "

သို့သော် ဒေါ်ပုစိသည် ထိုသူကိုလှည့်၍ပင် မကြည့်၊ ပြေးမြဲ ကြောင်စီစီဖြစ်မြဲ၊ ယောင်ယမ်းအော်ဟစ်မြဲ။

" သားရေ ၊ သမီးတို့ရေ "

ဒေါ်ပုစိသည် သူ့အိမ်ကို လုံးဝ လျစ်လျူရှု၍ ဆက်လက်ပြေးလွှား နေသည်။ သူသည် မီးလောင်ရာ အရပ်ဆီသာ ဦးတည်ပြေးနေ တော့သည်။ ဒေါ်ပုစိ၏ အဖြစ်ကို မြင်သောသူ့ ဦးလေးဦးကြီးမြင့် သည် " ဟဲ့ ပုစိ ၊ ဟဲ့ ပုစိ " ဟု အော်ဟစ်ရင်း ဒေါ်ပုစိ၏ နောက်မှ ထော့နင်းထော့နင်းနှင့် ပြေးလိုက်ပြန်၏။ ဒေါ်ပုစိကား သူငယ်စဉ်တတည်းက ယခုတိုင် ကြောက်ရမြဲဖြစ်သော ဦးလေးဦးကြီးမြင့်တို့ပင် ဝရုမစိုက်နိုင်တော့အဲ့ သားသမီးဇောကပ်ကာ မီးလောင်ရာအရပ်သို့ ပြေးနေသည်။ သူ့သား ငြိမ်းကျော်ကျော်နှင့် သမီးငယ် သီတာတို့သည် မီးလောင်နေသောအရပ်ရှိ မူလတန်းကျောင်းတွင် ကျောင်းတက်နေကြသည် မဟုတ်လား။



မူလတန်းကျောင်းသည် လမ်းမကြီး၏ အတွင်းပိုင်းကျလေသည်။ ကျောင်းရှိရာလမ်းသွယ်လေးတွင်ကား မီးသတ်ကားကြီး တစ်စီး ပိတ်ရပ်ထားလေသည်။ ဒေါ်ပုစိအပါအဝင် လူအုပ်ကြီးသည် ရပ်ကွက် တွင်းသို့တိုးဝင်နိုင်ရန် အမျိုးမျိုးကြိုးစားနေကြလေသည်။

သို့သော် တရွေ့ရွေ့လောင်နေသော မီးအရှိန်သည် သူတို့ကို ရှေ့ဆက်မတိုးနိုင်အောင် ဟန့်တားနေ၏။ အပူသည်များသည် ငရဲ ပွက်သလို ငိုကြ၊ အော်ကြ ဆဲဆိုကြနှင့် ဆူညံနေ၏။ သတ်ဆိုင်ရာ တာဝန်ရှိ ရဲ၊ မီးသတ်၊ ကြက်ခြေနီများတို့လည်း လူအုပ်ကြီးတို့ အနိုင်နိုင်ထိန်းသိမ်းနေရ၏။

မီးလောင်ရာ၌ပင်လျှင် ပစ္စည်းဇောကပ်လျက် ပြေးလွှားသယ်ပိုး သူ ယောက်ျားအချို့ကို တွေ့ရလေသည်။ လုံချည်တစ်ပိုင်း ခံစွဲပြီး တိုးရိုးတားရား ပြေးထွက်လာသူ တစ်ယောက်တိုလည်း တွေ့နိုင်လေသည်။

ထို့ထက်ကား တစ်ကိုယ်လုံး မှိုင်းခိုးများရိုက်ပြီး မည်းပေနေသော မိန်းမတစ်ယောက်သည် ငါးနှစ်သားအရွယ် ကလေးငယ်တစ်ယောက်၊ နှစ်နှစ်သားအရွယ် ကလေးငယ်တစ်ယောက်တို့ကို တစ်ပြိုင်နက် ချီပိုးပြီး မီးလောင်ပြင်မှ ပြေးထွက်လာသည်ကိုလည်း တွေ့ရလေသည်။

ထိုမြင်ကွင်းကို မြင်ရလေလျှင် ဒေါ်ပုစိသည် ကျယ်လောင်စူးရှသောအသံကို ခြစ်ထုတ်လျက် အာရပါးရ ငိုလေတော့သည်။

" အမယ်လေး ငြိမ်းကျော်ရေ သားရဲ့၊ သမီးလေး မသီတာ"

ဒေါ်ပုစိသည် အရုပ်ကြိုးပြတ်ပစာလဲကျသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အနီးရှိ ကြက်ခြေနီ လုပ်ငန်းတစ်ဦးက ဒေါ်ပုစိကို ပြေးပွေ့ပြီး နှာနှပ်ယူရ၏၊ ဒေါ်ပုစိကတော့ သားနှင့်သမီးကိုသာ တမ်းတညည်းညူနေလေသည်။ ထိုအချိန်တွင် မူလတန်းကျောင်းကလေးသည် မီးတွမ်းသွားလေပြီ။

ဒေါ်ပုစိသည် သွေးရူးသွေးတမ်း မီးလောင်ရာသို့ ထပြေးလေ၏၊ အနီးအနားမှ လူများက ဝိုင်းဆွဲကြ၏။

"ဟိုမှာ. . . ဟိုမှာ. . . ကျောင်းထဲမှာ ကျွန်မသားနဲ့သမီး၊ မီးလောင်နေပြီ၊ လုပ်ပါဦး၊ လွှတ်. . . လွှတ် ကျွန်မကို လွှတ်"

ထိုအခါ လမ်းစဉ်လူငယ်လေးတစ်ယောက်က ဝင်ပြော၏။

"ကျောင်းထဲမှာ ကလေးတစ်ယောက်မှ မရှိတော့ဘူး အဒေါ်၊ ကျောင်းကို မီးမလောင်ခင်ကတည်းက ဟိုက ဘောလုံးကွင်းထဲမှာ ကလေးတွေအားလုံး စနစ်တကျ စုထားပြီးသားပါ"

"မဟုတ်ပါဘူးကွယ်၊ မင်းတို့ ငါ့ကို လိမ်နေတာပါ၊ ငါ့သားလေးတော့ အမယ်လေး. . . ငြိမ်းကျော်ရေ"

"ခက်ပါပြီအဒေါ်ရယ်၊ ကွင်းထဲကိုသာ သွားပါ၊ ဟိုမှာကလေးတွေအားလုံး စနစ်တကျ ရှိနေပါတယ်၊ ကဲ. . . ကဲ လာကျွန်တော် လိုက်ပို့ပေးမယ်"

ဒေါ်ပုစိသည် မီးလောင်ရာသို့ စိတ်မချသဲ ကွက်ကြည့်ကွက်ကြည့်ဖြင့် လူငယ်လေးနောက်သို့ ပါသွားလေသည်။

မီးလောင်ရာ၌တား မီးသတ်နှင့်မီးတို့ ဘတစ်ပြန်ကျားတစ်ပြန် လှည့်ဖြိုင်နေကြသည်။ မီးခိုးလုံးကြီးများက လှိုက်ကာလှိုက်ကာတက်လာခြင်းနှင့်အတူ လူသူများမှာလည်း ပို၍ ဝရုန်းသုန်းကား ဖြစ်နေကြလေသည်။



ဘောလုံးကွင်းထဲ ကလေးငယ် ငါးဆယ်လောက်သာ ရှိနေသည်။

အုပ်စုတလေးများဖွဲ့၍ စနစ်တကျရှိနေကြသော ကလေးများကို ဆရာမများနှင့် လူငယ်တချို့က ထိန်းသိမ်းထားကြသည်၊ သို့သော် ကလေးငယ်တို့သည် ကိုယ်လုံးတွေ ဆတ်ဆတ်တုန်အောင် ကြောက်ရွံ့နေကြသည်။ သူတို့ကလေးများသည် ငိုရမှာကိုပင် ကြောက်ရွံ့လျက် အသံမထွက်နိုင်ပဲ ကျိတ်၍ ရှိုက်နေကြရှာ၏။ အလိုလိုနေရင်းပင် သနားစရာကောင်းနေတတ်သော ကလေးငယ်တို့သည် ခုအချိန်တွင် ပို၍ သနားစရာကောင်းနေတော့သည်။

ဒေါ်ပုစိသည်သူ့သားနှင့် သမီးကို အမည်တတွတ်တွတ်ခေါ်လျက် လိုက်ရှာလေသည်၊ သို့သော် တော်တော်နှင့်ရှာမတွေ့၊ တော်တော်နှင့် ရှာမတွေ့ဟုဆိုသဖြင့် နောက်ဆုံးတွေ့သလားဆိုတော့ မတွေ့၊

ဒေါ်ပုစိသည် ကလေးငယ်များကို အထပ်ထပ်ရှာဖွေရင်း ငိုကြွေး မြည်လေသည်၊

"ကိုယ်ကျိုးနည်းပါပြီ၊ ကိုယ်ကျိုးနည်းပါပြီ"

"အဒေါ့ အိမ်က တစ်ယောက်ယောက်များ လာပြန်ခေါ်သွား သလားမသိဘူး၊ ကျွန်တော်တို့တတော့ ကလေးတွေကို စနစ်တကျနဲ့ ဒီခေါ်လာပါတယ်၊ တစ်ယောက်မှ ကျောင်းမှာ မကျန်ဘူး"

ကျောင်းဆရာမတစ်ယောက် ရောက်လာသည်၊

"ဩော် ခုနကတင် လူတစ်ယောက်လာခေါ်သွားပါပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေ ကလည်း အဲဒီလူကို ကောင်းကောင်းသိနေလို့ ထည့်ပေးလိုက်ပါတယ်"

" ကျွန်မ စိတ်ချမ်းသာအောင်တော့ မလိမ်ကြပါနဲ့ရှင်၊ ကျွန်မ နားရပါလိမ့်မယ်၊ အောင်မယ်လေး "

ဒေါ်ပုစီသည် ဆက်လက်ငိုကြွေးရန် အောင်မယ်လေး ဟုလိုက်ချိန်တွင် သူဦးလေး ဦးကြီးမြင့် ရောက်လာလေသည်။

" ဟဲ့ ပုစီ၊ နင် ဒီမယ် ဘာလာပြီး စပ်စုစိတ်လုပ်နေတာလဲ၊ မီးက ငါတို့ဘက် တရှေ့ရှေ့ လာနေပြီ "

" ဦးလေးရယ် အားတို့ သမီးတို့ ရေတိမ်နစ်ပါပြီ "

မပုစီသည် တရှေ့ရှေ့ လောင်ကျွမ်းနေသော မီးလောင်ရာသို့ လက်မှိုင်ချသော အကြည့်ဖြင့်ကြည့်ပြီးလျှင် သူ့ဦးလေး ဦးကြီးမြင့်ကိုဖက်၍ ငိုပြန်လေသည်။ ထိုအခါကျမှ ဦးကြီးမြင့်က သဘောပေါက်သွားပုံရကာ -

" ဟဲ့ ပုစီ၊ နင်ဟာ လုပ်လိုက်မှဖြင့် မဆင်မခြင် သောက်တလွဲချည်းပဲ၊ ကလေးတွေကို စောစောတတွင် မောင်အောင်မောင်း ခေါ်လာလို့ ငါ့အိမ်ဘက် ပို့ထားပြီးပြီ "

" ဟုတ် . . . တကယ်ပြောတာလား ဦးလေး "

" ဟိုး . . . ငါက လိမ်ရမှာလား၊ ကဲ . . . လာ၊ ဒါက အရေးမကြီးဘူး၊ မီးက နင်တို့အိမ်ဘက် လေသင့်နေတယ်၊ ဟိုမယ် ပစ္စည်းတွေ သယ်ကြပိုးကြ "

ဦးကြီးမြင့် စကားမဆုံးခင်မှာပင် ဒေါ်ပုစီသည် တစ်စုံတစ်ရာကို သတိရသွားသလိုအော်ဟစ်လျက် သူ့အိမ်ရှိရာသို့ သုတ်ခြေတင် ပြေးပြန်လေသည်။



"အောင်မယ်လေး ကျုပ် ရှိစုမဲ့စုနဲ့ ဝယ်ထားတာလေးတွေတော့ ကုန်ပါပြီတော့ "

ဦးကြီးမြင့်သည် ထောနင်းထောနင်းဖြင့် ဒေါ်ပုစီ၏နောက်မှ ဗျစ်တောက်ဗျစ်တောက် မြည်တွန်ရင်း လိုက်သွားလေသည်။ သားသမီးဖောတပ်ရာမှတစ်ဆင့် ပစ္စည်းဖောတပ်သွားသော ဒေါ်ပုစီ ၏ အဖြစ်ကို အနီးအနားမှ ချာတိတ်များက ငိုအားထက်ရယ်အားတ သန် ဆိုသလို ဝါးတနဲ ရယ်လိုက်မိကြလေသည်။

* * *

ဟိုအက် နှစ်လမ်းကျော်သို့ မီးက ရောက်လာလေပြီ။ ဒေါ်ပုစီ တို့အိမ်သည် တိုက်ခံပျဉ်ထောင်နှစ်ထပ်အိမ်ဖြစ်၏။ သာမန်လက်လုပ်လက်စားရပ်ကွက်မှ မြင်ရတတ်သော တော်မကျ မြို့မကျပုံစံဖြစ်၏။ တစ်ဟုန်တိုး စီးပွားဖြစ်လာသော၊သို့မဟုတ် ထီပေါက်သောသူများ၏ သဘာဝအတိုင်း တောင်းမည်ထင်သမျှ လျှောက်လုပ်ထားသော ဆေးရောင်စုံအိမ်မျိုး ဖြစ်လေသည်။ အပေါ်ထပ်တွင် လူနေပြီး အောက်ထပ်တွင် ပုံနှိပ်စက်အသေးတစ်လုံး၊ အပ်ချုပ်စက်သုံးလုံးနှင့် မော်တော်ကားဝပ်ရှော့။

ထို့ကြောင့် သူတို့အိမ်မှာ ပစ္စည်း ပစ္စယတွေများ၏။ ရွှေ့ရပြောင်းရခက်သော ပစ္စည်းတွေချည်းဖြစ်သလို အဖိုးတလည်းထန်သည်ချည်း ဖြစ်၏။ သို့သော်လုပ်ငန်းစုံလုပ်သည့် အိမ်တို့ဓမ္မတာအတိုင်း လူလေး လူငယ်ပေါ၏။ တပည့်လက်သားများ၏ အိမ်နားပါနီးနှင့် ဝင်ဆံ့၏။

www.burmeseclassic.com



ဒေါ်ပုစီ အိမ်ပြန်ရောက်သောအခါ အိမ်ထဲမှ ပစ္စည်းအသေးအမွှားတွေ ကုန်လောက်အောင် သယ်ပြီးကြပြီ။ မီးဘေးလွတ်လောက်သည့် ဘုရားတဆူ၏ ရင်ပြင်တော်ဘေးမှာ စုပုံထားပြီးပြီ၊ လူစောင့်ချပြီးပြီ။ သူ့ဦးလေး ဦးကြီးမြင့်သည် ဒေါ်ပုစီတို့ ရပ်ကွက်မီးလောင်သည်ကြားကတည်းက မော်တော်ကားသုံးစင်းငှားပြီး ရောက် လာခဲ့သည်၊ စီစဉ်ခဲ့သည်။

မီးလောင်ရာ အရပ်တွင် ဒေါ်ပုစီတို့အိမ်လောက် တက်ညီလက်ညီ မီးဘေးကိုရှောင်နိုင်ခဲ့သူမရှိ။

" ဟဲ့ ငါ့ခုတင်ကော၊ ငါ့ခုတင် "

" ဟိုး လမ်းမပေါ် ရောက်နေပြီ "

" အမယ်လေး ကုန်ပါပြီ "

ဒေါ်ပုစီသည် လမ်းအလယ်ရောက်တော့ သူ့ ခုတင်ရှိရာသို့ ပြေးလေသည်၊ သူ့တူမ မာဂရက်က ဒေါ်ပုစီကို လှမ်းဆွဲရင်း -

" ဘာလဲ ဒေါ်ဒေါ်၊ ဟိုအထုပ်လား၊ ကျွန်မသိမ်းထားပြီးပြီ၊ မပူနဲ့တော့ "

" ဘယ်မလဲ ၊ ပေး . . . ပေး "

မာဂရက်က သူ့အကျႌနှင့် ရင်ဘတ်ကြားတွင် ထည့်ထားသော အဝတ်ထုပ်တလေးကို ထုတ်ပေးလိုက်သည်၊

" ဟော့ ဘုရားစင် ရွှေ့ပြီးကြပြီလား . . . ဘုရားမြတ်စွာဘုရား"

" ရွှေ့ပြီးပါပြီဗျာ၊ ဘုရားပေါ် ရောက်နေပြီ "

" ဆရာတော်ဆီက ရထားတဲ့ ဓာတ်လုံးပုလင်းမှ ပါသွားရဲ့လား"



" ပါတယ်ထင်တာပဲ "

" သွားပါပြီ သွားပါပြီ . . . စီးပွားတက်ဓာတ်လုံး အဲဒါ "

ဒေါ်ပုစီသည် ဘာပစ္စည်းကစပြီး သယ်ရမှန်း မသိဘဲ အိမ်ထဲနှင့် အိမ်ပြင် ခေါက်တုံ့ ခေါက်ပြန် ပြေးနေသည်၊ သူ့ပရိသတ်ကတော့ စနစ်တကျ သယ်ကြ၊ ပိုးကြနှင့်ဝင်၊

မီးသည် သည်ဘက်သို့ တော်တော်နှင့်မကူးနိုင်၊ မီးသော် ကနိုင်စပြုနေပြီ ၊ သို့သော် မီးဆိုကတည်းက စိတ်အေးလက်အေး နေလို့တော့ မရ၊

ဒေါ်ပုစီတို့အဖွဲ့ကား မီးကုန်ယမ်းကုန် သယ်ကြပိုးကြအော်ကြ ဟစ်ကြနှင့် ဒေါ်ပုစီကား အကဲဆုံး၊ ပစ္စည်းသယ်သည်ကနည်းနည်း " ဟိုဟာသယ်ပါအုံး၊ ဒီဟာကျန်ခဲ့မယ် " နှင့် ထင်ိုင်တယိုယို ဖြစ်နေပါတော့သည်၊

" အဲ . . . ဒေါ်ဒေါ် ပုံနှိပ်စက်ကတော့ ဘယ်လိုမှ သယ်မရနိုင်ဘူး၊ တခြားတော့ ဘာပစ္စည်းမှ မကျန်တော့ဘူး "

ဒေါ်ပုစီ၏ ပစ္စည်းများသည် ခပ်လှမ်းလှမ်းက ဆေးထရာ လမ်းမပေါ်တွင် မွစာကျဲနေသည်၊

" အို ရအောင်သယ်ကြ၊ ရအောင်သယ်ကြ၊ အမယ်လေး ကုန်တော့မှာပဲ၊ ဒီစက်ကလေးနဲ့ အသက်ဆက်နေရတာ "

သူငိုပြန်သည်၊ ကြာတော့ ကူညီနေသူများထံ စိတ်ပျက်ချင်လာသည်၊ ဤသို့ဖြင့် ကူညီနေကြသူများရော ငွေကြေးငှားရမ်းထားသူများပါ ဝိုင်းဝန်းပြီး ဒေါ်ပုစီပိုင် " ပုစီစာပေ ပုံနှိပ်စက်ကို အားကြိုးမာန်တတ် ဖြုတ်ကြ ထုတ်ကြလေတော့သည်၊

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပုစီကား အနားမှ ရင်တမမ၊ တချက် တချက် ဝေ့လာသော မီးရှိန်ထည့် ချွေးစေးများ ပြန်နေသော ဒေါ်ပုစီ၏ မျက်နှာလာဟပ်သည်။

ပစ္စည်းဇော ကပ်နေသော သူ့မျက်နှာသည် အကြည့်ရဆိုးလှသည်။

* * *

ပုံနှိပ်စက် ကားလမ်းမဘက်သို့ ရောက်သွားပြီ၊ သို့သော် မီးကလည်း သူတို့အိမ်ဘက်သို့ ကပ်လာလေပြီ။

ဒေါ်ပုစီမျှော်မရှက်နိုင် မကြောက်နိုင်အားတော့ဘဲ မီးရှိန်နှင့်ဝေးရာ သူ့ပစ္စည်းများ ပုံတွဲနေသည့် လမ်းမပေါ်တွင် ငုတ်တုတ်ထိုင်ပြီး နီးရာလူများတို တိုင်တည်လျက် ငိုကြွေးနေလေသည်။

"အမယ်လေး တွန်မတို့တိုက်တော့ လောင်တော့မှာပဲ၊ ဘုရားကယ်ပါ၊ တရားကယ်ဝါ"

တရားမရနိုင်သော ဒေါ်ပုစီသည် သူ့အိမ်ကြီးတို မီးမြိုမဆည်နိုင်အောင် ငေးကြည့်နေသည်။ ဖြစ်နိုင်လျှင် ပြတင်းပေါက်တံခါး တချက်ရရ နှစ်ချပ်ရရ တက်ဖြုတ်ချင်နေသည်။

"ဟဲ့ တိုက်တော့လေ၊ နင့်တအိမ်လုံး ဘာဝစ္စည်းမှမကျန်တော့တဲ့ ဟာ၊ ခွာမရတဲ့အိမ်တော့ လောင်ပလေ့စေတော့ပေါ့၊ ဘယ်နှယ့်ဗျာ၊ တဲ တဲ သူ့တိုဘုရားဝေါ် ခေါ်သွားကြစမ်း"

သူ့တူမဖြစ် အဖြစ်တို ဒေါ်သဖြစ်လာသော ဦးကြီးမြင့်သည် ဒေါ်ပုစီတို မီးနှင့်ဝေးရာသို့ ခေါ်သွားခိုင်းသည်။



ဒေါ်ပုစီကတော့ သူ့တိုလာတဲ့သူများအား ရုန်းကန်ပြီး အော်ဟစ် ငိုကြွေး၍သာနေသည်။

ထိုအချိန်တွင် မီးရှိန်သေလေပြီ၊ အကူမီးသတ်ကားများ ထပ် ရောက်လာ၏၊ မီးထဲပါသွားသော အိမ်ရှင်များ ငိုကြဟစ်ကြ ဖြစ်ကြ၏၊ ပါလုပါခင်များတ ရရာပစ္စည်းများ သယ်ကြ ပိုးကြ ဖြစ်ကြ၏၊ ငရဲပွက် ခြင်းဆိုသည့် အရာမျိုးပင်ဖြစ်ပါလိမ့်မည်၊ စုပေါင်းအမော ဆိုကြပါစို့။

တဲကောင်းချင်တဲ့သူများကျတော့ ကြံဖန်ကောင်းတတ်သည်၊ ဒေါ်ပုစီတို့တိုက် မလောင်ခင် ငါးအိမ်လောက်အလိုတွင် မီးငြိမ်းသွားလေသည်၊

ပွဲပန်သောက ရောက်နေကြသူများထဲမှ မီးဘေးလွတ်သူများသည် ပျော်ရွှင်မြူးတူးကြရလေတော့သည်၊ တစ်စုတစ်ဝေးတည်းသောက အပူလောင်မြိုက်နေရာမှ တစ်ချို့ငိုကြ၊ တစ်ချို့ရယ်ကြနှင့် ဝရုန်းသုန်းကားတစ်မျိုး ဖြစ်ကြပြန်လေပြီ၊

မည်သို့ပင်ရှိစေ မီးလောင်ပြင်သည် ပျော်ပွဲရွှင်ပွဲလိုတော့ ပျော်စရာ မကောင်းချေ။

စုပေါင်း ဘဝအမောထဲမှ ခွဲထွက်၍ ဒေါ်ပုစီကို ကြည့်လိုက်ကြဦးစို့၊ သူ့အိမ်၊ သူ့ရာ၊ သူ့ပစ္စည်း၊ သူ့သားသမီး အားလုံး မီးဘေးမှ လွတ်ကြသည်၊ လူသည် အကျဉ်းအတျပ်တို ကြုံဖူးမှ လွတ်လပ် ပျော်ရွှင်ရခြင်းကို ပိုသိပါသည်၊ ဒေါ်ပုစီ မည်မျှ ပျော်မည် ဟုထင်ကြလေသနည်း၊ မထင်ကြပါလေနှင့်၊

သူ့အိမ် မီးလွတ်သွားသည်ကို သိရသောအခါတွင် ဒေါ်ပုစီ

www.burmeseclassic.com



သည် 'အမလေး' တစ်ချက်တစ်ပြီး တစ်ချီတစ်မောင်း ငိုလိုက်ပြန်လေသည်။

သူ၏ ငိုကြွေးမြည်တမ်းလိုက်သောစကားသည် ဘဝ၏ အဓိပ္ပာယ်တစ်မျိုးကို ဖော်ကျူးလိုက်သလို ရှိတော့သည်။

မီးသည် နေ့အခါမှာ အလောင်များသည်။ မိုးကာလ၊ ဆောင်းကာလတို့တွင် အလောင်တဲ့သည်။ နိစ္စဓူဝလောင်သည်ဟု မရှိချေ။

လူသားတို့၏ရင်၌ လောင်သောမီးသည် စက္ကန့်နှင့်အမျှ ဖြစ်ချေ၏။

ဤသဘောသဘာဝတို့ ဒေါ်ပုစီ၏ ငိုညည်းသံက အဓိပ္ပါယ် ဖွင့်လေသည်။

ဒေါ်ပုစီသည် အောက်ဝါအတိုင်း ငိုညည်းလေသတည်း။

" အမယ်လေး၊ ကျွန်မပစ္စည်းတွေကို နေရာတကျ ဘယ်လို ပြန်ပြီး ရွှေ့ရမှန်းလဲ မသိဘူး၊ ဒုက္ခပဲ "

၁၉၇၉ ခု ၊ ဧပြီ
ငွေတာရီမဂ္ဂဇင်း
သုမောင်